www.burmeseclassic.com

ရွှေပဒေသာစာပေ

# မိုးစက်ပွင့်

မုန်းချင်မုန်းမေမေ့ပါနဲ့




အချစ်

လုံးချင်းဝတ္ထုသစ်

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ပုံနှိပ်ထုတ်ဝေခြင်း | - | ပထမအကြိမ်၊ ၂၀၁၄၊ နိုဝင်ဘာ။ |
| ထုတ်ဝေသူ | - | ဦးအေးလွင် (၀၄၁၅၂) ရွှေဥစာပေတိုက် အမှတ် (၃၃)၊ ကျီတော်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ | - | ဦးအေးလွင် (၀၈၂၁၀) ရွှေပဒေသာအော့ဖ်ဆက် အမှတ် (၃၃)၊ ကျီတော်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| ဖြန့်ချေး | - | ၁၄၀၀ ကျပ် |
| အုပ်ရေ | - | ၅၀၀ အုပ် |

မိုးစက်ပွင့် ၈၉၅.၈၃
မုန်းချင်မုန်း မမေ့ပါနဲ့ /မိုးစက်ပွင့်။ ရန်ကုန်
ရွှေဥစာပေ ၊ ၂၀၁၄ ။
၂၂၈ - စာ ၊ ၁၂.၃ × ၁၈ စင်တီ ။
(၁) မုန်းချင်မုန်း မမေ့ပါနဲ့


# မိုးစက်ပွင့်

# မုန်းချင်မုန်း...

# မမေ့ပါနဲ့

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

"ဘုန်း! "

မကျဉ်းမကျယ် ကွန်ကရစ်လမ်းမပေါ်မှာ ဘောလုံးတစ်လုံးနှင့် လုယက်ဆော့ကစားနေကြသော ကလေးက လေးယောက်။ ဂိုးတိုင်ကို သူတို့သတ်မှတ်ချက်နှင့်သူတို့ ထားပြီး၊ တစ်ဖက် တစ်ယောက်ဆီ ဂိုးဖမ်း လျက် ကျန်နှစ်ယောက်က ဘောလုံးကို လုနေခြင်းသာ။ ကစားနေကြလို့ ကလေးတွေလို့ ခြုံငုံပြောလိုက်ရပေမယ့် ဆယ့်နှစ်နှစ်သားအရွယ် ယောကျ်ား လေး သုံးယောက်နှင့် အသက်နှစ်ဆယ်နီးပါး မိန်းကလေးတစ်ယောက် သာ ဖြစ်သည်။

"မမ ခါနွေ. . . သေသေချာချာကန်နော်"

"အေးပါ"

ဘောလုံးကိုတည့်ပြီး ကန်ဖို့ နောက်ဆုတ်အားယူလိုက်စဉ် သူ့ ဂိုးသမား ဖော်ဖော် လှမ်းပြောလေသဖြင့် ခါနွေ ဆံပင်ကို မျက်နှာပေါ်မှ ဆတ်ခနဲခါထုတ် နောက်ပြန်လှည့်ကြည့်နှင့် အရပ်ရှုပ်သွားချိန်တွင်. . .

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့! ကလေးတွေ၊ ဝေးဝေးမှာ သွားကစားကြစမ်းပါ။ ဒီမှာ ဈေးဝယ်လာတဲ့သူတွေ အနှောင့်အယှက်ဖြစ်တယ်။ သူများဆိုင်ရှေ့မှာ ဆူညံနေတာပဲ၊ လွှတ်ထားတဲ့မိဘတွေကလည်း အသိကိုမရှိဘူး။ ပေါက်လွှတ်ပဲစား"

"ဒေါ်ကြီးစိုး. . . အဲဒီလိုမပြောပါနဲ့ဗျ။ ပြောချင်ရင် သားတို့ကိုပဲပြော. . . မိဘတွေ ဆွဲမထည့်ပါနဲ့"

ဂျစ်တူးက ဂျစ်ကန်ကန်ကောင်လေးမို့ ပက်ခနဲပြန်ပြောသည်။

"အမယ်! ငါ့ကိုပဲ ခံပြောနေသေးတယ်၊ ကလေကချေ မိမဆုံးမ ဖမဆုံးမ သားသမီးတွေ။ ငါ့အိမ်ရှေ့မှာ လာမကစားနဲ့. . . သွားကြ"

"ဒေါ်ကြီးစိုးအိမ်ရှေ့ဆိုပေမယ့် ဒါ အများပြည်သူပိုင်လမ်းမဗျ။ ကစားလို့ရတယ်။ မမခါနွေ ကန်မှာသာ ကန်"

ဗိုက်ကြီး(ခ) ဇင်မင်းသူကလည်း ခပ်စွာစွာလေး ပြန်အော်တော့ ဒေါ်ကြီးစိုး ထမီတစ်စ မ၍ ဆွေ့ဆွေ့ခုန်လေတော့သည်။

"ကြည့်စမ်း! စွာလိုက်ကြတာ၊ ငါးစိမ်းသည်မသားတွေ။ ဟို မကြီးမငယ်နဲ့ဟာမကလည်း အတူတူပဲ။ ကမြင်းကြောထပြီး ဆယ့်ခြောက်နှစ်လောက်က လင်ယူရင် ကလေးနှစ်ယောက်လောက်ရမယ့်အရွယ်က တုပြီး ကစားစရာလား"

ဒေါ်ကြီးစိုးက အဲဒီလို ပါးစပ်ကြမ်းသည့်မိန်းမကြီးပါ။ မြားဦးကိုယ့်ဘက်လှည့်လာတော့ ခါနွေ့စိတ်ထဲမှာ ဖျင်းခနဲဖြစ်ပြီး ခါးထောက်မိလျက်သားဖြစ်သွား၏။ သူ့ပါးစပ်တင် ကြမ်းတတ်တာမှတ်လို့၊ ကိုယ်လည်းကြမ်းတတ်တာကို ခဏထားပြီး၊ ဘောလုံးတည်ထားသည့်နေရာမှ နောက်ကိုဆုတ်၍ အားယူသည်။





ပြောစရာရှိတာ နောက်မှပြောမည်။ လောလောဆယ် ဒီမိန်းမကြီး ဆွေ့ဆွေ့ခုန်ရာကနေ ကဆုန်ပေါက်သွားအောင် မှတ်လောက်သားလောက်အောင် ဆုံးမပြီးမှ ရန်ဖြစ်ကြတာပေါ့။

"ကဲ. . ."

"ဘုန်း. . ."

"ဝုန်း!"

"အမယ်လေးတော်!"

ခါနွေ ကန်ထည့်လိုက်သည့်ဘောလုံးက အရှိန်ပြင်းပြင်းနှင့် ဒေါ်ကြီးစိုးဈေးဆိုင်ထဲသို့ဝင်သွားပြီး မုန့်တန်းကို ဖြုတ်ချ၊ အဲဒီကနေ ဘက်ပြန်ပြီး ဟိုဗန်းပြုတ်ကျ၊ ဒီခြင်းပြုတ်ကျနှင့် ခုန်ဆွခုန်ဆွနှင့်သာ မွှေလေတော့၊ ဒေါ်ကြီးစိုး ကြက်သေသေကာ ရှေ့တိုးမလို နောက်ဆုတ်ရမလိုနှင့် ဘာမှလည်း မလုပ်ဖြစ်။

"ကုန်ပြီ. . . ကုန်ပြီ"

"မမခါနွေ တော်တယ်. . . ဟေး"

"ဒါမှ တို့မမကွ"

ကလေးတွေက လက်ခုပ်တီးကာ ထခုန်ကြသည်။ ဒေါ်ကြီးစိုးကတော့ ကျွတ်ထွက်မတတ် မျက်လုံးကြီးပြူးကာ လက်က ဆတ်ခနဲခါးထောက်ပြီးသားဖြစ်သွား၏။

ခါနွေ. . . မထီမဲ့မြင်ပြုံးလျက် 'ဘာပြောဦးမလဲ' ဆိုသည့်သဘောနှင့် မေးဆတ်လေတော့၊ ဒေါ်ကြီးစိုး လက်ညှိုးတစ်ချောင်း ထိုးနှင့်ထွက်လာကာ. . .

"နင်. . . နင်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောမလဲပြော၊ ဒီက ကြမ်းပြီဆိုရင်တော့ အမေဂျမ်းက ဦးညွှတ်သွားမှာနော်။ မယုံမရှိနဲ့"

"အမေဂျမ်းပဲ ဦးညွှတ်ညွှတ်. . . မနဲ့လေးပဲ ထိုင်ကန်တော့ ကန်တော့. . . ငါ ဂရုမစိုက်ဘူး။ ဟော့! မိစိုးတဲ့. . . တစ်စိုးတည်းရှိတယ်၊ ငါ့အကြောင်းသိမယ်"

"လာခဲ့လေ၊ ခါနွေ ကြောက်ရမယ့်သူ မမွေးသေးဘူး"

ခါနွေ ရုပ်အင်္ကျီလက်ကို မတင်လိုက်တော့၊ ဒေါ်ကြီးစိုး ရှေ့လည်း မတိုးဘဲ နေရာမှာတင် ဘယ်ညာနင်းနေ၏။

"ကြည့်စမ်း! လူကြီးကို လူကြီးမှန်းမသိ၊ အလေထာတ်တောက မွေးထားတဲ့ ယောက်ျားမိန်း ခွေးထီးမ၊ ကလေကာဝ အုတ်ကြားမြက်ပေါက်"

"အဲဒီအုတ်ကြားမြက်ကမှ အုတ်တွေ အကာအကွယ်ရှိလို့ မထိမနိုက်နဲ့ သန့်သန့်ရှင်းရှင်း ရှင်သန်ခွင့်ရှိသေးတယ်။ ဒေါ်ကြီးစိုးကမှ လူတကာ ခလုတ်တိုက်ခံနေရတဲ့ လမ်းဘေးက မြက်ဖုတ်"

"ဘာ. . . ဟဲ့"

"ပါဠိလိုမသိရင် အနက်ကို ဘာသာပြန်ပေးဦးမယ်။ ဈေးရောင်းစားပြီး လာသမျှယောက်ျားတွေ ထိကပါးရိကပါးပြော၊ ရီသွဲ့သွဲ့နဲ့ လုပ်တာကို ပုတ်သင်ညိုလို ခေါင်းညိတ်ပြုံးပြပြီး ချူစားနေတာလေ"

"မဟုတ်က ဟုတ်ကတွေ မပြောနဲ့။ ဟော့! နင့်ကြောင့် ငါ့ပစ္စည်းတွေ ထိခိုက်ကုန်ပြီ။ အဲဒီအတွက် ရပ်ကွက်ရုံးကို သွားတိုင်ရမယ်"

"တိုင်. . . တိုင်. . . ခုသွားတိုင်"

"ခါနွေဦး"

"ဟင်! "





စူးစူးဝါးဝါးခေါ်သံကြောင့် ခါနွေ လှည့်ကြည့်လိုက်တော့ တုတ်တစ်ချောင်းကိုင်၍ ချီတက်လာတာ မေမေ။ ခါနွေ မျက်နှာလေး ရှုံ့မဲ့ကာ ပြေးပေါက်ရှာနေမိ၏။

"လာခဲ့စမ်း! မျောက်လောင်းမ"

"ဒါနွေ ကစားနေတာ မေမေရဲ့"

"မလိုချင်ဘူး၊ နင့်အရွယ်က ဒီကလေးတွေနဲ့ကစားရမယ့်အရွယ်လား။ ဒီလောက် အာပေါက်မတတ် ပြောဆိုဆုံးမနေတဲ့ကြားက တုတ်အောက်ကို ခုန်တိုးနေတဲ့ဟာမ။ လာခဲ့စမ်း"

"အေး. . . နင်လာတာနဲ့ အတော်ပဲ ဝသန်၊ နင့်သမီးလုပ်လို့ ငါ့ဆိုင်ထဲမှာ ဘာတွေကုန်ပြီလဲမသိဘူး။ အဲဒါ လျော်ပေး. . . မပေးရင် ရပ်ကွက်ရုံးမှာ လာရှင်း"

ဒေါ်မိုးဝသန်၏အာရုံက တစ်ဖက်သို့ရောက်သွားစဉ် ခါနွေ ပြေးပေါက်ချောင်သွား၏။ မေမေ တစ်ဖက်မှာ ပြဿနာရှင်းနေတုန်း ခါနွေ ခြေချင်း ခလုတ်တိုက်မိမတတ် ပြေးခဲ့တာ၊ အကာအကွယ်ရှိမည့်နေရာသို့ပါ။ အကြောင်းစုံသိလို့ကတော့. . .

အဆူခံရဖို့ထက် အရိုက်ခံရဖို့က ကျိန်းသေ။ ဒီလိုဖြစ်တိုင်း ကိုယ့်ကို အကာအကွယ်ပေးမည့်သူတစ်ယောက် ရှိနေလို့လည်း ခါနွေ အားကိုးနှင့် ဆိုးနေသည်ဆိုလျှင် မမှားပေ။ လူပုံကိုလည်း ကြည့်ဦး။ ရုပ်အင်္ကျီလက်ရှည်အနီကွက်ကို လက်ခေါက်တင်ပြီး ဘောင်းဘီကို ဒူးအထိ လိပ်တင်ကာ ဖိုးယို့ဖားယားဖြစ်နေတာက ဂျလေဘီပုံပေါက်နေလို့ပါ။

"ကိုကိုရေ. . . ကိုကို"

အိမ်ပေါ်ကို ပြေးတက်လိုက်တာကလဲ ဘယ်ထိုးလဲကျလုမတတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုရေ"

"ဘာလဲဟ၊ နောက်က ကျားလိုက်လာတဲ့အတိုင်း"

ယုံကြည်ချက် သောက်ရေအိုးထဲသို့ရေထည့်ရင်း လှည့်ကြည့်ပြီး မေးလေလျှင်. . .

"မေမေ တုတ်ကြီးနဲ့လိုက်လာလို့"

"ဟုတ်လား၊ တုတ်က ဘယ်လောက်ကြီးလဲ"

"အကြီးကြီးပဲ၊ တစ်ချက်မိရင် ကျောကော့မှာ"

"နင်အပြစ်တစ်ခုခု ကျူးလွန်လာလို့ဖြစ်မှာပေါ့။ နည်းသေးတယ်၊ ဘာတွေလုပ်လာလာလဲ ဆတ်စလူးစိန်"

"ကိုကိုနော်. . . ဘာဆတ်စလူးစိန်၊ ညီမလေးက ပါးပါးလေးပဲ လုပ်ခဲ့တာ"

"နင့်ပါးပါးလေးက ခံရတဲ့လူအဖို့တော့ မရှုမလှဖြစ်မှာ သေချာတယ်"

"အဲဒါထားပါ၊ မေမေပြန်လာရင် ခါနွေ့ကို ဆော်တော့မှာ ကိုကိုရဲ့။ လုပ်ပါဦး"

လက်မောင်းကိုကိုင်လှုပ်၍ ငိုမဲ့မဲ့ပြောနေသော ခါနွေ့ကိုကြည့်၍ ယုံကြည်ချက် တွေခနဲဖြစ်သွားသည်။ ဒီအထာတွေက ရိုးနေပြီဖြစ်ပေမယ့် ဥပေက္ခာလည်း ပြုမထားနိုင်။ ဒီအစ်ကို ဒီညီမ ဘယ်လောက်ချစ်ကြတယ် ဆိုတာ တစ်ရပ်ကွက်လုံးအသိ။

အပြစ်လုပ်သူက ခါနွေ၊ အရိုက်ခံရတာ ယုံကြည်ချက် ဖြစ်ခဲ့တာ လည်း အခါပေါင်းမနည်းတော့။ ခါနွေ့ကိုရိုက်ပြီဆိုတာနှင့် ယုံကြည်ချက်က ရှေ့မှာ ကာရပ်ပြီးသားပါ။ မေမေ စိတ်မရှည်စွာ သိမ်းကျုံးရိုက်တော့





ညီမကို လှည့်ပတ်ကာကွယ်ပေးလို့ အရိုးရာ ဗရပွနှင့် ဆေးလိမ်းခံရတာ ယုံကြည်ချက်သာ။

"လာ. . . ကိုကို့အခန်းထဲက သင်ဖြူးလိပ်ထဲမှာ ဝင်ပုန်းနေ"

"အင်း"

ယုံကြည်ချက် ညီမဖြစ်သူကို သင်ဖြူးလိပ်ထဲဝင်ခိုင်းပြီး အပေါ်မှ စောင်တွေ ခေါင်းအုံးတွေနှင့် ဖိထားလိုက်သည်။

"ခါနွေဦး"

"အဲ. . . မေမေ ပြန်လာပြီ"

ခါနွေ တစ်လောကလုံးကိုသာ စိန်ခေါ်ရဲပေမယ့် မေမေ့ကိုတော့ ကြောက်သည်လေ။ ဒေါ်ဝသန် ထမီတစ်စ မလျက်၊ တုတ်တစ်ဖက်နှင့် အိမ်ပေါ်ကိုတက်လာသည့်ခြေသံက မငြင်သာပေ။

"ဘယ်မှာလဲ ခါနွေဦး"

"မေမေ ဘာတွေ ဒေါကန်လာတာလဲ။ ခါနွေက အပြင်ထွက်သွားတာ ပြန်မလာသေးဘူးလေ"

ဒေါ်ဝသန် နှုတ်ခမ်းကိုတင်းတင်းစေ့၍ သားမျက်နှာကို ခပ်စူးစူးကြည့်လိုက်သည်။ သင်းတို့အကြောင်း မသိဘဲနေမလား။ ညီမကိုရိုက်မှာစိုးလို့ အစ်ကိုလုပ်သူက ဖုံးကာဖိကာ ဆီးကာနေတတ်တာတွေ။

ခုလည်း ကြည့်. . .

သားရဲ့မျက်လုံးတွေက ဂဏှာမငြိမ်ဘူးလေ။ ခါနွေ့ကိုဖွက်ထားပြီဆိုတာ မအေလုပ်သူ မသိဘဲနေမလား။

"မေမေ သားကို အဲလိုကြီးမကြည့်ပါနဲ့၊ သားတာပဲ အပြစ်ရှိနေသလိုကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ရှိတယ်လေ၊ ဘယ်မှာလဲ ခါနွေ။ နင်ဝှက်ထားတာ ငါသိတယ်နော်။ ထွက်မလာရင် တွေ့လို့ကတော့ ပိုနာမှာ။ ဘယ်မှာလဲ ပြော"

"မေမေကလည်း ပြန်မလာသေးပါဘူးဆို. . . တကယ်"

ဒေါ်ဝသန် လှစ်ခနဲ သင်ဖြူးလိပ်ဆီ အကြည့်ရောက်ကာ. . .

"ဟိုအထဲက လှုပ်စိလှုပ်စိက ဘာလဲ"

"ကြောင်ဝင်ပြီး ကစားနေတာလေ"

"တွေ့မယ်. . . အဲဒီကြောင်ကျားမ"

အပေါ်ကဖိထားသည့် စောင်တွေခေါင်းအုံးတွေကို တွန်းချကာ သင်ဖြူးလိပ်ကိုဆွဲဖယ်လိုက်တော့၊ ခါနွေ ငုတ်တုပ်ကလေးကနေ မျက်လုံးကို စုံမှိတ်ထားတော့သည်။

"မှိတ်မထားနဲ့ မျက်လုံး၊ ငါ့ကိုကြည့်စမ်း ခါနွေ"

"ဟုတ်"

ခါနွေ မေမေ့ကို မရဲတရဲနှင့်မော့ကြည့်ပုံက မျက်လုံးတစ်ဖက်ကို သာ ဖွင့်ကြည့်လျက်၊ တစ်ဖက်က မှိတ်ထားဆဲပါ။ နှုတ်ခမ်းက မဲ့ရွဲ့နေလျက်။

"ဟေ့! မျက်လုံးကို နှစ်ဖက်စလုံးဖွင့်ကြည့်စမ်း။ လုပ်ရဲရင် ခံရဲရမယ်လေ။ ခု ဟိုက တိုင်မယ်တောမယ်ဖြစ်နေပြီ။ ပြောစမ်း! နင့်မှာ အပြစ်ရှိလား ခါနွေ"

"ရှိ. . ."

"ဘာရှိလဲ၊ ရှိတယ်လို့ပြော"

"ရှိပါတယ်"

ခါနွေ အသံခပ်ကျယ်ကျယ် ခပ်ဆောင့်ဆောင့်လေး ထွက်လာ





လေတော့. . .

"ရှိပါတယ်ဆိုရင် စပြီ"

"မေမေ"

"ရွှမ်း. . ."

"အား"

"မေမေ မလုပ်ပါနဲ့"

"ကဲ!"

"ရွှမ်း. . ."

"သေပါပြီ မေမေရဲ့"

ယုံကြည်ချက်က ခါနွေ့ရှေ့ကနေ ကာဆီးပြီး ခါနွေက သူ့နောက်ကျောမှာ။ တုတ်ချက်မိပြီး အသားနာခံနေရတာက ယုံကြည်ချက်။ အသံပြုကြီးနှင့် အော်သံပေးနေတာက ခါနွေ့ပါးစပ်ကသာ။

"ကြောက်ပြီလား"

"ရွှမ်း. . ."

"ကြောက်ပါပြီ မေမေရဲ့"

"နောက် စွာဦးမလား"

"မစွာတော့ပါဘူး မေမေရဲ့"

"မေမေ တော်ပါတော့"

"ရွှမ်း. . ."

"အား. . ."

နောက်ဆုံး ယုံကြည်ချက်ပါးစပ်ကနေ 'အား'ခနဲ အော်သံကြားမှ တုတ်ချက်တွေ ရပ်သွားကာ. . .



www.burmeseclassic.com

www.burmeseclassic.com



"နှစ်ယောက်စလုံး ကြပ်ကြပ်သတိထား"

တုတ်ကိုပစ်ချခဲ့ပြီး ချာခနဲလှည့်ထွက်သွားတော့ မေမေ ကွယ်သွားမှ၊ ယုံကြည်ချက် မျက်နှာရှုံ့မဲ့မဲ့နှင့်. . .

"အား. . . နာလိုက်တာ"

"ကိုကို ဘယ်နာသွားလဲဟင်"

"နှင်ရော"

"ကိုကို့ကိုယ်ကြီး ကွယ်နေတာပဲဟာ၊ ပါးပါးလေးပဲ"

"အေး. . . နှင်က ပါးနေ၊ ငါ့မှာတော့ တုတ်ချက်မိတဲ့နေရာတိုင်း ထူပူပြီး အီစလံဝေသွားတာ"

"ကျေးဇူး ကိုကို၊ ဥုံဖွ! ဥုံဖွ!"

"ဟွန်း! သူ့အသားမနာတိုင်း ရုပ်ကိုက"

ယုံကြည်ချက် ပြောသာပြောရတာ၊ ညီမလေးရဲ့အသားမနာလို့ ကိုယ့်အသားနာပါစေဆိုပြီး ကျေနပ်လိုက်တာ ညီမလေးကိုသိပ်ချစ်လို့ပါ။



## အခန်း (၂)

"မျက်နှာက ရှစ်ခေါက် ဆယ်ပြန်ချိုးနဲ့ တစ်လောကလုံးကို သူ့ပဲ ရှာကျွေးနေရတဲ့အတိုင်း။ လာစမ်းပါဟာ. . . ငေးမနေနဲ့၊ ဒီလောက်ချော တာလည်း မဟုတ်ဘဲနဲ့ နှင်လုပ်ပုံနဲ့ ဟိုက ဘဝင်လေဟပ်ပြီး ကောင်းကင် ကို မောင်းတင်ချိတ်နေဦးမယ်"

"ဒီလောက်ကြီးမချောတာကို လက်ခံပါတယ်၊ ဒါပေမဲ့ အရပ် အမောင်းနဲ့ သွားပုံလာပုံက ကြည့်လို့ကောင်းတယ်ဟ။ အဲဒါ ယောကျ်ား ပီသခြင်းရဲ့လက္ခဏာ. . . သိလား"

"ရှုးပဲ့"

ကိုယ့်ဘေးနားကနေ ဖြတ်သွားပြီး ပြုံစိပြုံစိနှစ်နှစ် ဝေဖန်သွားတာ ကိုယ့်ကိုပဲဆိုတာ ယုံကြည်ချက် သိသည်၊ သိပေမယ့် သဘာဝကိုက ခပ်ဆို တတ်သည့်မိန်းကလေးတွေနှင့်တူပြီး ပုဆိုးတစ်စ'မ'ကာ၊ ရန်ဖြစ်ချင်ရတာ မဟုတ်ပေ။ ကိုယ်နေတတ်သလိုနေတာကို အထာကြီးတယ်ဆိုတာ ဘာ တတ်နိုင်မလဲ။



www.burmeseclassic.com

www.burmeseclassic.com



လူမြင်သမျှ သွားဖြီးပြပြီး၊ လူမှုရေးနယ်ပယ်မှာ ခြေဆန့်ရင် မျက်နှာရှုံ့လိုလို ငပေါလိုလို ငကြောင်လိုလို အပြောခံရဦးမှာပဲ မဟုတ်လား။ သိကြားမင်း ကျွဲယောင်ဆောင်တာတောင် ချီကားတယ်လို့ အပြစ်မလွတ်အောင် ပြောတတ်ကြတဲ့ လူ့လောက လူ့သဘာဝ[illegible] ပုထုဇဉ်လူသားတစ်ယောက်လေ။ ဘယ်သူတွေ ဘာပဲပြောပြော ကိုယ့်ကိုယ်ကိုယ် ကောင်းပို့လို သဘောထားလိုက်ရင် ရပြီ။

"မင်း ဒီနှစ် သကြံန်စာ ဖတ်ဖူးပြီးပြီလား"

"ပေါ!"

"ဘာဖြစ်လို့လဲ"

"ရေကို ဘာစောင့်လဲ သိချင်လို့"

"ရေကို ကမ်းပါးစောင့်မှာပေါ့"

"သေလိုက်၊ ရေကို နဂါးစောင့်တာကွ။ နှစ်ကို ဘာကောင်စောင့်တယ်ဆိုတာတော့ သကြံန်စာ ဝယ်မဖတ်ရလို့ မသိသေးဘူး။ လောလောဆယ် သိတာလေး ပြောရတာ။ မှတ်ထား"

"ပညာရှိစကား မှတ်သားရမယ်"

အတိုင်အဖောက်ညီနေကြသော ယောကျ်ားလေးအုပ်စုက ကိုယ်နှင့်တူရှုဘက်မှာ လျှောက်လာရင်း ပြောနေကြတာ ဘာကိုရည်ရွယ်နေကြသလဲ အတွေးမဆုံးလိုက်ပေ။

"နွေဦးကို ဘာစောင့်လဲရော မင်းတို့သိလား"

"သိတာပေါ့၊ ဥဩစောင့်တာလေ"

"မှားတယ်၊ နွေဦးကို ဘီလူးစောင့်နေတာကွ"

"ဟုတ်လို့လား"





"မယုံရင် ခါနွေဦးဆိုတဲ့ သစ်ကိုင်းလေးကို သွားလှုပ်ကြည့်ပါလား။ နွေစောင့်ဘီလူး အစွယ်ငေါငေါနဲ့လိုက်လို့ ပြေးပေါက်မှားမှာ"

ကိုယ့်ဘက်ကို မျက်ဝန်းစွေကြည့်ပြီး ပခုံးတွန့် ကျောကော့သွားကြသောကောင်လေးတွေကို ယုံကြည်ချက် မျက်မှောင်ကြုတ်ကြည့်လိုက်၏။ ဒါ သူ့ကိုပြောသွားတာ။ ကိုယ့်ညီမ ကိုယ်စိတ်မချလို့ ကိုယ်တိုင်ကျောင်းပို့ကျောင်းကြိုလုပ်ပြီး စောင့်ရှောက်နေတာ သူတို့အပူ ဘယ်နှပြားသား ပါလို့လဲ။

ယောကျ်ားတွေဖြစ်ပြီး စောင်းမြောင်း ရွဲ့ချိတ်သွားတာ စိတ်ပေါက်ပေါက်နှင့် ဆွဲထိုးရရင် နာဦးမည်။

"ခါနွေ"

"ဟင်"

"ဟိုမှာ. . . နင့်အစ်ကို တာနောယကွ ရောက်နေပြီ"

"နင်တို့နော်၊ သူများအစ်ကိုကို ဘာတာနေယကွလဲ။ ငါ့အစ်ကိုက ရမ်ဘိုဟ"

"သမုဒ္ဒသံဂီကို ရှေ့ကြုပ်ထဲထည့်ပြီး အာခံတွင်းထဲမှာ ငုံထားမတတ် ချစ်တာလေ။ မဟုတ်ဘူးလား"

"မတူဘူးလေ၊ ဟိုအချစ်က တစ်မျိုးကြီး။ တို့က မောင်နှမ။ မတူတာကို ယှဉ်မပြောနဲ့"

"အေးပါ ယောင်းမရယ်၊ တို့က တင်စားကြည့်တာပါ။ [illegible] လေး ပြောပေးနော်။ တို့က စိတ်ရှည်ရှည်နဲ့ စောင့်ပါ့မယ်လို့. . . အဟဲ"

"နှာဘူးမ"

ခါနွေ့ရဲ့ မျက်စောင်းထိုးလိုက်ရင်း သူငယ်[illegible]ဖြစ်သူ ဝါဝါ့နှာသီး



www.burmeseclassic.com

www.burmeseclassic.com



ဖျားကော့ကော့လေးကို လိမ်ဆွဲလိုက်သည်။

''ခါနွေ''

''ဘာတုန်း''

အေးမြတ်က ခေါ်ပြန်လေသဖြင့် ခါနွေ စိတ်မရှည်သလို ထူးလေသည်။

''နင်တို့အိမ်ထောင်စုစာရင်းထဲမှာ ငါ့နာမည်လေး ကြိုထည့်ထားပေးနော်။ မိဝါ ငါ့ထက်ဦးမှာစိုးလို့ဟ. . . အဟီး''

''ကြည့်စမ်း! တော်တော်အရှက်မရှိတဲ့မျက်နှာ''

''အတူတူချင်း လက်တစ်လုံးပိုမမြင့်နဲ့''

ခါနွေက နှစ်ယောက်စလုံးကို ပခုံးချင်းတိုက်ချပြီး ရယ်လေသည်။ ကိုကိုက မချောဘူးဆိုပေမယ့် ရွက်ကြမ်းရေကျိုလည်းမဟုတ်။ အရပ်အမောင်းနှင့်သွားပုံလာပုံကတော့ တမင်စတိုင်လ်လုပ်တာမဟုတ်ဘဲ ကြည့်ကောင်းနေသူပါ။

ဒါကိုပဲ. . . မိန်းကလေးအချို့က သူ့စတိုင်လ်က မိုက်တယ်၊ မိုက်တယ်၊ ယောကျ်ားပီသတယ်ဟုဆိုကာ သဘောကျတတ်ကြသည်။ ခါနွေကတော့ မချောဘဲ ထင်ပေါ်နေတဲ့ ကိုကို့ဂုဏ်ပုဒ်ကို ဝမ်းသာဂုဏ်ယူနေရသည်သာ။

''ကိုကို''

ခါနွေ အသံပေးပြီး နှုတ်ဆက်လိုက်တော့. . .

''ဘာလုပ်နေတာလဲ၊ ကြာလိုက်တာ''

''ဒီနှစ်ယောက် ညီမလေးကို စနေလို့၊ ကိုကိုရဲ့''

''ဘာစတာလဲ''





မေးပုံက ခပ်တည်တည်ပါပဲ။ ခါနွေက ရယ်ကျဲကျဲလုပ်ကာ. . .

''ဟိုလေ၊ သူတို့က ခါနွေ့ကို ယောက်မတော်ချင်လို့တဲ့။ အဲဒါအဝေရခက်ပြီး မသင့်မမြတ်ဖြစ်နေကြလို့ ကိုကိုရဲ့''

''ဟာ! ''

''ဟယ်! ခါနွေ''

''ပေါ်တင်ကြီးဟယ်၊ နင်တော့လား''

ရှက်ရှက်နှင့် ခါနွေ့ကိုကြိမ်းကုန်ကြ၏။ ယုံကြည်ချက်နှုတ်ခမ်းမှာလည်း ပြုံးယောင်သမ်းကာ မျက်နှာလွှဲသွားသည်။ ပြီးမှ ကောင်မလေးတွေ အနေခက်မှာ စိုးတာကြောင့်. . .

''ကဲ! သွားမယ်. . . လာ''

''ခဏနေပါဦး ကိုကိုရဲ့''

''နေလို့မရဘူး၊ ကိုကိုသွားစရာရှိသေးတယ် ညီမလေးရဲ့''

''ကဲ! ဒါဆိုလည်း ကွ''

ယုံကြည်ချက် စက်ဘီးကိုစနင်းလိုက်တာနှင့် ခါနွေ ဇွေ့ခနဲ ခုန်တက်လိုက်ကာ. . .

''ယောက်မတို့ရေ. . . သွားပြီ. . . တာ့တာ''

''ခါနွေစုတ်''

''မနက်ဖြန်မှတွေ့ဦးမယ်''

သူငယ်ချင်းတွေ လက်သီးဆုပ် ခြေဆောင့်နှင့် ကြိမ်းမောင်းကျိန်ခဲ့တာကိုပဲ ခါနွေ သဘောတွေကျကာ တခစ်ခစ်ရယ်ရင်း လိုက်ပါသွားလေ၏။ ခုလို ကိုကိုက ခါ[illegible]ပေါ် ချစ်လွန်းဂရုစိုက်[illegible]လို့လားတော့မသိ။ ခါနွေ ချစ်သူရည်းစား[illegible]ားဖို့ စိတ်တောင်မ[illegible]ခဲ့ပေ။



www.burmeseclassic.com

www.burmeseclassic.com



ခါနွေ့ကို ကိုကိုပဲ ကျောင်းလိုက်ပို့ ငိုက်ကြိုကာ ကိုကိုနင်းတဲ့ စက်ဘီးလေးနောက်ကနေ ကိုကို့ခါးကိုဖက်၊ ကိုကို့ကျောပြင်ကို ပါးလေးကပ်၊ ခေါင်းလေးမှီပြီး လိုက်ရတဲ့အချိန်တွေမှာ ခါနွေပျော်သည်လေ။

"ကိုကို"

"ပြော"

"ကိုကို မိန်းမမယူရဘူးနော်"

ယုံကြည်ချက် သူ့ခါးကိုဖက်ထားတဲ့ ခါနွေ့လက်ကလေးကို ဖွဖွ ရိုက်ကာ. . .

"နင်ပဲ သတိထားပါ"

"အံမယ်! ခါနွေ့ကိုမပြောပါနဲ့ အပင်တောင် မောင်မခေါ်ပင်ရယ် လို့ပဲ ရှိတာ။ နမ မခေါ်ပင်မရှိဘူး။ ပြီးတော့ ဟိုစကားပုံရှိသေးတယ်"

"ဘယ်စကားပုံလဲ"

"မောင်ကောင်းစားရင် နမ မီးဖိုချောင်ဝင်ရတာလေ"

"အဲဒါတွေကို ကိုကိုက ပြောင်းပြန်လှန်ချမှာ စိတ်ချ။ ကိုကို့ဘဝမှာ မေမေနဲ့ညီမလေးက အမြဲတမ်း ပထမ"

"တကယ်"

"အင်း"

"ဟေး. . . ဒါမှ တို့ကိုကိုကွ"

ခါနွေ ဟေးခနဲအော်ပြီး ကိုကို့ခါးလေးကို ပိုတင်းအောင် ဖက်ထားလိုက်တော့၊ စက်ဘီးနင်းနှုန်းက ပိုသွက်သွားလေတော့သည်။



## အခန်း (၃)

မနက်စောစောဆို ဒေါ်ဝသုန်ရဲ့မုန့်ဟင်းခါးဆိုင်လေးမှာ အလုပ်သွားမည့်လူတွေနှင့် စည်ကားနေတော့၊ ယုံကြည်ချက်ပဲ ကူညီနေရသည်။ အလုပ်တစ်ခုခုထွက်လုပ်ဖို့ ပြောတိုင်း ဒေါ်ဝသုန်က လက်မခံပေ။ အမေ ရှာကျွေးနိုင်သရွေ့ ကျွေးမယ်၊ တစ်နေကုန် အမေ့မျက်စိအောက်က ပျောက်နေမယ့်အလုပ်ဆို မလုပ်ရဘူးဆိုတာနှင့်. . .

ယုံကြည်ချက်မှာ ဘွဲ့ရအလုပ်လက်မဲ့ဖြစ်နေရတာ သိပ်တော့ စိတ်မလုံချင်။ မေမေ့ဆန္ဒကို မလွန်ဆန်ချင်လို့ ငြိမ်နေရပေမယ့် စိတ်ကောင်းနိုင်ပါ့မလား။ ကိုယ်က တောင့်တောင့်ကြမ်းကြမ်း ယောကျ်ားရင့်မကြီးဖြစ်ပါလျက် အလုပ်ကလေးတောင် မရှာဘဲ မိဘလုပ်စာကို ထိုင်စားနေရတုန်း ဆိုတာ လူသာ သက်သာတာ၊ စိတ်က မသက်သာပေ။

"အန်တီဝသုန်ရေ၊ အကြော်နဲ့တစ်ပွဲပေးပါ"

"ရမယ် သမီး၊ ခဏလေးစောင့်ဦးနော်"



www.burmeseclassic.com

www.burmeseclassic.com



"အလုပ်နောက်ကျမှာစိုးလို့ မြန်မြန်လေးလုပ်ပေးပါနော်"

"လက်နဲ့လုပ်နေရတာဟ၊ စက်နဲ့မဟုတ်ဘူး။ ခဏကော့စောင့်မှပေါ့"

"သားကလည်း စကားကိုအဆင်ပြေပြေပြောလေ"

ဒေါ်ဝသန် ခပ်တိုးတိုးနှင့်ပြောလေမှ ယုံကြည်ချက် ဟိုတက်လှည့်သွားပြီး ပန်းကန်တွေ ဆေးလေသည်။

"ဈေးရောင်းပြီး စိတ်ကတိုသေးတယ်၊ အဲဒါကြောင့် မိန်းမ ခုထိမရတာ"

"ငါ့ဟာငါ မယူချင်လို့မရတာ၊ နင့်အပူလား။ မရဘူးဆိုတာမရှိဘူး။ ဒီခေတ်က ဉသျှစ်တစ်တင်း နှမ်းတစ်တင်း။ လူပျို့အမေ ဆန်တစ်အိတ်နဲ့ တောင်ထိပ်မှာ ပုန်းအိပ်ရမယ့်တဲ့။ နင်တို့မကြားဖူးဘူးလား"

"အဲဒါ တကယ်လား"

လမ်းထိပ်က မိဝေပေမို့ အကြောင်းသိတွေ စနေတာကိုပဲ ယုံကြည်ချက်မျက်နှာက မှုန်ကုပ်ကုပ်ပါ။

"တကယ်ပေါ့. . . တကယ်၊ အဲဒါကြောင့် အမေ့ကို ဆန်တစ်အိတ် အဆင်သင့်ဆောင်ထားပေးနိုင်အောင် ကြိုးစားနေတာ"

မာမာဌေးက စပ်ဖြဲဖြဲမျက်နှာနှင့်. . .

"အန်တီဝသန်"

"ဟေ"

"ဘယ်တောင်ထိပ်မှာ အိပ်ဖို့အစီအစဉ်ရှိလဲ၊ မာတို့ကိုပြောခဲ့ပါနော်။ တော်ကြာ လက်လွတ်သွားမှာစိုးလို့ပါ"

"ဝေရက်တောင်ဖြစ်ဖြစ် ခါကာဘိုရာဇီတောင်ဖြစ်ဖြစ် ဝေတို့က





တော့ လိုက်ရှာမှာပဲ. . . အဟွန်း"

"ခြေညောင်းခံပြီး လိုက်မရှာပါနဲ့၊ နင်တို့ ဒီလောက်လိုလိုချင်ချင်ဖြစ်နေရင်လည်း အဝေသင့်အောင် အရင်ညှိလိုက်။ ငါ့ဘက်က အားနားပါးနာနဲ့"

စကားကိုဖြတ်ထားလိုက်တာ မိဝေတို့ကို အားနာလို့မဟုတ်ပါ။ ဒေါ်ဝသန်က ဗိုက်ကြောကိုလှမ်းလိမ်လိုက်တာကြောင့် ရပ်သွားခြင်းသာ။ ယုံကြည်ချက်လား. . . အားနာမှာ။ ပြောပြီဆို ပိုးခနဲ ပက်ခနဲ၊ ဖိုးခနဲ ပေါက်ခနဲပါလေ။ သူများကျတော့ အမြင်မတည့် အကြားမတော်ဝိုင်းပြောပြီး၊ သူ့ညီမလေးကျတော့ သူများစေ့စေ့ကြည့်တာပင် မခံချင်။

"တော်ပြီ၊ ကိုယုံကြည်ချက်နဲ့စကားနိုင်လုရင် မိဝေတို့ပဲ ရှုံးမှာ"

"သားက စကားပြောသာဆိုးတာ၊ အတွင်းစိတ်ဖြူတဲ့ ဥသြလေးပါကွယ်"

ဒေါ်ဝသန် ဖေးဖေးမမလေး ဝင်ပြောမှပဲ စကားသံတွေ တိတ်သွားသည်။ မိဝေတို့ငြိမ်မနေလို့ ဆက်ပြောရင် စကားကြောတွေက ရှည်ဦးမှာ။

"ကျွန်တော်တို့ကို အသုပ်နှစ်ပွဲပေးပါ"

"ဘာနဲ့သုပ်ရမလဲ သား"

"လက်နဲ့သုပ်လေ"

"လက်နဲ့မသုပ်လို့ ဘယ်သူက ခြေထောက်နဲ့မွှေနှောက်ပေးလို့လဲကွ"

"အို! သား"

အကြားမတော်လို့ ယုံကြည်ချက် ပက်ခနဲပြန်ပြောတော့ တစ်



www.burmeseclassic.com

www.burmeseclassic.com



ဖက်က ပျာပျာသလဲဖြစ်ကာ. . .

"ဆော. . . ဆောရီးပါဗျာ၊ ကျွန်တော်တို့က ပျော်တတ်လို့ နောက်တာပါ"

"ဟို. . . အန်တီမေးတာက"

"သိတယ်. . . သိတယ် အန်တီ၊ ဘဲဥနဲ့ပဲ လုပ်ပါ"

ဒေါ်ဝသန် ဟင်းချပြီး အသုပ်ပွဲသုပ်နေတုန်းမှာ. . .

"ဒီအသံတွေကြားတာတောင် နည်းနည်းလေးမှ နားမစိုက် ငဲ့မကြည့်တာ အံ့ရောပဲကွာ"

"ဒီကောင် ပန်းကန်ဆေးရင်း ရွှေကျင်နေသလားမှမသိတာ"

"ရွှေကျင်နေတာ မဟုတ်ဘူး၊ ရေထဲမှာ ပိုင်းစိန်မျက်နှာပေါ်နေသလားမှမသိတာ"

"ဟင်! "

ပိုင်းစိန်ဆိုတော့မှ ယုံကြည်ချက် မျက်နှာလည်သွား၏။ သူ့နာမည်ကို အဖျားဆွတ်ပြီး ချက်ကြီးဟုခေါ်ကာ သတိမှရပါရဲ့လား မိပိုင်းစိန်ဆိုတဲ့စာသားနဲ့တွဲစတာ သူ့သူငယ်ချင်းတွေအပြင် ဘယ်သူရှိလို့လဲ။ လှည့်ကြည့်တော့ ထင်တဲ့အတိုင်းပဲ ကျော်ကြီးမျက်နှာက စပ်ဖြဲဖြဲနှင့်ပါ။ ဘိုဆန်းမျက်နှာကလည်း ထို့အတူ။

"ကျော်ကြီး၊ ဘိုဆန်း. . . ခွေးကောင်တွေ"

"ဟာ! တွေ့တာနဲ့ တုတ်ပြီဟေ့"

ယုံကြည်ချက် နောက်ဘက်ကနေ ထွက်လာပြီး ကျော်ကြီးတို့ပခုံးကိုဖက်ကာ. . .

"မင်းတို့ ဘယ်ကနေဘယ်လို ရောက်လာကြတာလဲ"





"မိုးပေါ်က ကျလာတယ်ထင်လို့လား"

"မထင်ပါဘူး၊ မင်းတို့ ကိုယ်ရောင်ကိုယ်ဝါတွေ ဒီလောက်မွဲညစ်နေတာကို"

"အဲဒါဆို ဒီလမ်းအတိုင်း ခြေထောက်နဲ့လာခဲ့တာလို့ မှတ်ပေါ့"

"မင်းတို့ ကားမစီးနိုင်မှန်းသိတယ်"

"သားရဲ့သူငယ်ချင်းတွေလား"

ဒေါ်ဝသန်က အပြုံးချိုချိုနှင့်မေးလေတော့. . .

"ဟုတ်တယ်မေမေ၊ ဒါ သားရဲ့သူငယ်ချင်း လူမွဲ လူရှုပ်ကလေးတွေပေါ့"

"မင်းကတော့ တွေ့တာနဲ့ ဖွဲ့ပြီ"

"သားရဲ့သူငယ်ချင်းတွေဆိုတော့ အန်တီက အလကားကျွေးရမှာပေါ့။ လိုတာရှိရင်ပြောနော် သားတို့"

"အလကားတော့ မစားပါရစေနဲ့ အန်တီ၊ ကျွန်တော်တို့ကွယ်တာနဲ့ ချက်ကြီး မေတ္တာပို့နေမှာစိုးလို့ပါ"

ရယ်သံလေးတွေ ဆူညံသွားတော့၏။ မိဝေတို့လည်း စားပြီးတာနှင့် မာမာကိုလက်ကုပ်၍ သုတ်ခြေတင်သွားကြပြီ။ ရေမျှားရေနိုင် မီးများမီးနိုင်ဆိုသလိုပေါ့။ ယုံကြည်ချက်တို့အဖွဲ့ အင်အားတောင့်လာတော့ မာမာတို့ ဘယ်မှာ ရေရှည်ဆက်ထိုင်နေရဲပါ့မလဲ။

"ကဲ! ပြော၊ လမ်းကြုံလို့ဝင်လာတာလား၊ တမင်လာကြတာလား"

"တမင်လာခဲ့တာပဲကွ"

"တမင်ဆိုရင် ကိစ္စရှိလို့လား"

ကျော်ကြီးက ခေါင်းညိတ်လိုက်ပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"အေး. . . ကိစ္စရှိလို့ပဲ ခုပါတော့၊ အခုအသစ်ဖွင့်မယ့်ကုမ္ပဏီ တစ်ခုက ဝန်ထမ်းတွေခေါ်နေတယ်ကွ။ အဲဒါ တို့ဝင်လျှောက်ကြည့်မလို့ မင်းရော တို့နဲ့အတူတူလုပ်မလားလို့ လာမေးတာ"

ယုံကြည်ချက် မေမေ့မျက်နှာကို လှမ်းကြည့်လိုက်၏။ မေမေက လိုလားပုံမပြပေမယ့် သူ စွတ်တိုးမြောကြည့်ရမည်။

"မေမေ"

မေမေ ချက်ချင်းပဲ မျက်နှာလွှဲသွားသည်ဆိုကတည်းက သဘော ပေါက်သင့်ပေမယ့်. . .

"သားကို ဘုန်းကြီးစာချ မိကျောင်းမင်း ရေကင်းပြတယ်လို့တော့ မထင်ပါနဲ့မေမေ။ မိသားစုတစ်ခုမှာ မတ်တပ်စာရှိရုံနဲ့မပြီးဘူး၊ တုံးလုံးစာ အတွက် ကြိုတင်ရှာထားသင့်သေးတယ်။ ပြီးတော့ သားက အရွယ်ရောက် လို့ ဘွဲ့လည်းရပြီးပြီ၊ မေမေ့လုပ်စာကို ထိုင်စားနေရတာ ရှက်လာပြီမေမေ။ သား အလုပ်တစ်ခုခုလုပ်ပြီး ကိုယ်ပိုင်ဝင်ငွေရှာပါရစေ"

"ဟုတ်ပါတယ် အန်တီရယ်၊ ချက်ကြီးက ကလေးမှမဟုတ်တော့ တာ။ အလုပ်တစ်ခုနဲ့ အခြေတကျဖြစ်နေသင့်တဲ့အရွယ်ပါ။ ရိုက်မှ ငိုမယ့် အစား မရိုက်ခင်က ကြိုနာထားမှ ဘဝဆိုတာ လှပနိုင်မှာပါ။ သူပြော သလိုပဲ တုံးလုံးစာအတွက်"

"ကဲ. . . တော်ပါတော့"

အသံက မနူးညံ့ပေမယ့် မာနေတာမျိုးလည်းမဟုတ်ပေ။ အား လုံးပါးစပ်ပိတ်ထားပေမယ့် မျက်လုံးတွေမှာ မေးခွန်းတွေနှင့်ပါ။ မေမေ ဘယ်လိုအဖြေပြန်ပေးမလဲ နားအစွင့်ဆုံးက ယုံကြည်ချက်ပါလေ။ လသာ တုန်း ဗိုင်းငင်၊ ဆင်နင့်သစ်ပင်တွေ့တုန်း စွပ်ဆိုသလို အခွင့်အရေးရတုန်း





အလုပ်တစ်ခု လုပ်ချင်နေသည်။ သူတို့မောင်နှမကို မေမေရှာဖွေ ကျွေးမွေး ခဲ့သည့်အပြင် ကျောင်းလည်းထားပေးခဲ့တာ တာဝန်ကျေပြီပေါ့။ သူတို့မှာ သာ သားသမီးဝတ္တရားမကျေ ဖြစ်နေကြတာလေ။

ဒေါ်ဝသန်မှာလည်း. . .

စဉ်းစားရပြီ။ သားထောက်ပြသည့် တုံးလုံးစာဆိုသည့်အချက်က အဓိကကျနေသည်မို့ ခွင့်ပြုလိုက်ရမှာလား။ ကိုယ့်အသက်ကို ကိုယ်မြို့ချ ထားလို့မရသလို ကျန်းမာရေးကိုလည်း ဖြစ်စေမဖြစ်စေ လက်ညှိုးညွှန်စေ နိုင်းလို့ရတာ မဟုတ်တော့၊ မျက်စိစုံမှိတ် ခေါင်းညိတ်လိုက်ရတော့မည် သာ။

"မေမေ"

ဒေါ်ဝသန် သက်ပြင်းချလိုက်ရင်း. . .

"ကောင်းပြီလေ၊ သားစိတ်အားထက်သန်နေရင်လည်း မေမေ မတားတော့ပါဘူး"

"ဟာ! မေမေ တကယ်ပြောတာနော်"

ဒေါ်ဝသန် အပြုံးနှင့်ခေါင်းညိတ်ပြလေတော့ ယုံကြည်ချက် ထီ ပေါက်တာလောက်ကိုပဲ ဝမ်းသာမိ၏။

"ဝမ်းသာလိုက်တာ မေမေရာ"

"ဝမ်းသာရင် ငါတို့စားတာ အလကားထားနော် ချက်ကြီး"

"ဘာဆိုင်လို့လဲကွ"

"ဆိုင်တာပေါ့၊ တို့က အလုပ်အကြောင်းလာပြောပေးရတာ"

"ဟေ့ကောင်တွေ၊ ဆင်းရဲလို့ မုန့်ဟင်းခါးရောင်းစားနေရတာ မင်းတို့မညစ်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မညစ်ပါဘူးကွာ၊ ဒီမှာကြည့်. . . လန်းပြီး ဖလန်းဖလန်းထနေတဲ့ပုံတွေ"

ဘိုဆန်းက အင်္ကျီကော်လာစကို ဆွဲထောင်ပြီး အိုက်တင်တွေလုပ်တော့၊ ယုံကြည်ချက် လက်သီးနှင့် ဘိုဆန်းလက်မောင်းကို ထိုးလိုက်သည်။ ကျော်ကြီးက ပိုက်ဆံဆွဲထုတ်ပြီး. . .

"အဲဒီလောက် ဥစ္စာခြောက်မနေနဲ့၊ ဒီမှာ ပိုက်ဆံ"

"အို! မဟုတ်တာကွယ်၊ မပေးကြပါနဲ့"

ဒေါ်ဝသန် ပျာပျာသလဲ လက်ကာပေမယ့်. . .

"ယူထားလိုက်ပါ အန်တီ၊ ကျွန်တော်တို့ ခလုတ်တိုက်မှာကြောက်လို့ပါ။ ခြေလှမ်းဖြောင့်ဖြောင့်ပဲ သွားပါရစေ"

ယုံကြည်ချက်က အားမနာတမ်းယူ၍ ပိုတဲ့ပိုက်ဆံကို ပြန်အမ်းလိုက်၏။ သူငယ်ချင်းပေမယ့် မရှိလို့ရောင်းစားနေတာ မေမေ့ထက် ဘယ်သူ့ကိုမှ ပိုမသနားနိုင်ပါ။

"ကဲ. . . ချက်ကြီး၊ တို့သွားမယ်။ မနက်ဖြန်ကျမှ ဆုံကြတာပေါ့"

"ဘယ်မှာ ဆုံကြမလဲ"

"ဒီကောင်ကျော်ကြီးတို့အိမ်ကို လာခဲ့လေ"

"OK!..."

ကျော်ကြီးတို့နှုတ်ဆက်၍ ထွက်သွားကြတော့ ဒေါ်ဝသန်မှာ သား၏လုပ်ရပ်အတွက် အားနာနာနှင့်သာ။



## အခန်း (၄)

"ခါနွေ"

နောက်ကခေါ်သံကြောင့် ခါနွေ ခြေလှမ်းကို ပိုသွက်လိုက်ပါ၏။ ကြောက်လို့မဟုတ်ပေမယ့် ဒီရက်ထဲမှာ ခါနွေ ဆင်ခြင်နေဖို့ ကိုကို့ကို ကတိပေးထားရသည်။ ကိုကိုက ကုမ္ပဏီတစ်ခုမှာ အလုပ်ရနေပြီမို့ ခါနွေ့ကို ခါတိုင်းလိုအကြိုအပို့ လုပ်မပေးနိုင်တော့တာသည် ခါနွေ့အနားကို ကပ်ဖို့ကြိုးစားနေကြသည့်ကောင်လေးတွေအတွက် အခွင့်ထူးတစ်ရပ်ဖြစ်နေခဲ့ပြီလေ။

"ခါနွေ. . . ခဏနေပါဦး"

ဖြစ်နိုင်ရင် ခါနွေ ငှက်တစ်ကောင်လို အတောင်ဖြန့်၍ ပျံသန်းသွားလိုက်ချင်သည်။

"ခါနွေ"

အသံနီးလာခြင်းနှင့်အတူ ခါနွေ့ရှေ့သို့ [illegible]ခနဲရောက်လာကာ



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး ခါနွေရယ်၊ နောက်က ကျားလိုက်လာတဲ့အတိုင်းပဲ"

"ဘာလဲ"

"ဟို. . . အဟွန်း. . . ဟိုလေ"

စွမ်းထက်က ခေါင်းကိုကုတ်၍. . .

"နင့်. . . နင့်ကိုပြောစရာရှိလို့. . . အဲဒါ"

"ဘာပြောမှာလဲ၊ ငါ့မှာ တငြိမ့်တစိမ့် နားထောင်နေဖို့ အချိန်မရဘူး"

"ခဏလေးပါဟာ၊ နင့်ကိုမြင်တာနဲ့ ရင်တွေခုန်ပြီး ပြောမယ့်စကားတွေ ဘယ်ရောက်ကုန်မှန်းမသိတော့ဘူး"

"အဲဒါဆိုလည်း မပြောနဲ့တော့. . . ဖယ်"

"မဟုတ်သေးဘူးလေ၊ ခါနွေ. . . နေပါဦး. . . ခါနွေ"

ခါနွေ ဘောက်ဆတ်ဆတ်နှင့်ရှောင်ထွက်လာတော့ စွမ်းထက်က ခြေကားယားလက်ကားယားနှင့် ပြေးလိုက်လာပြန်သည်။

"ခါနွေ"

"ဖယ်စမ်း"

လက်ကိုလှမ်းဆွဲတော့ ခါနွေ ပုတ်ထုတ်ပစ်လိုက်၏။

"အဲဒီလောက် မရက်စက်ပါနဲ့ ခါနွေရာ၊ ငါ နင့်ကိုဘာပြောချင်တယ်ဆိုတာ နင်သိနေမှာပါ။ သိနေတယ်မဟုတ်လားဟင်"

"မသိဘူး"

"မသိရင်လည်း သိအောင်ပြောမှာပေါ့။ နင့်ကိုငါချစ်နေတာ ကြာပြီ ခါနွေ။ နင့်အစ်ကိုရှိနေလို့ အနားမကပ်ရဲဘဲ အဝေးကနေ အဝေးကြည့် အချစ်နဲ့ ချစ်နေရတာ၊ ဘယ်လောက်ရင်မောရလဲ နင်သိလား"





"ရင်မောရင် လဲသေလိုက်ပေါ့၊ နင့်ကို ဘယ်သူက ခိုင်းနေလို့လဲ"

"နှလုံးသားရဲ့စေခိုင်းချက်ပါ ခါနွေ၊ ငါ နင့်ကိုချစ်တယ်"

"စွမ်းထက်"

ခါနွေခြေလှမ်းကိုရပ်ပြီး စွမ်းထက်နှင့်မျက်နှာချင်းဆိုင်လိုက်၏။ မျက်နှာကြောကတော့ တစ်စက်ကလေးမှ မလျှော့ပေ။

"ငါ့ကိုအဖြေပြန်ပေးပါဟာနော်"

"ကိုကိုသိရင် နင်မလွယ်ဘူးနော် စွမ်းထက်၊ အဲဒီတော့ နင်ကိုယ့်ဘာသာ အေးအေးဆေးဆေးနေ။ ငါ့ကိုလိုက်မနှောင့်ယှက်နဲ့"

"နှောင့်ယှက်တာမဟုတ်ဘူးလေ၊ ချစ်တာ"

"ဒီမှာ စွမ်းထက်"

ခါနွေ ခေါင်းကိုတမင်မော့၍ စွမ်းထက်မျက်နှာကို တည့်တည့်ပဲ ရဲရဲကြည့်ကာ. . .

"နင် မိမွေးတိုင်းဖမွေးတိုင်းနေချင်ရင် အေးဆေးဒိုးတော့။ တော်ကြာ လက်သီးကြိုက်လား လက်ဝါးကြိုက်လားမေးရရင် မကောင်းဘူး။ နင့်ကို ငါအရှင်းဆုံးပဲပြောမယ်။ ချစ်တာတွေ ပစ်တာတွေ ငါစိတ်လည်း မဝင်စားဘူး၊ ဝက်လည်းမဝင်စားဘူး. . . ရှင်းလား"

"နင်ကလည်းဟာ"

"ငါ့နောက်ကို ဆက်မလိုက်နဲ့"

"ခါနွေ"

"ပြီးမှ ငါ့ကိုအဆိုးမဆိုနဲ့နော်"

ခါနွေ လမ်းဘေးကအုတ်ခဲကျိုးပိုင်းကို ပြေးကောက်တော့ စွမ်း



www.burmeseclassic.com

www.burmeseclassic.com



ထက် နောက်တွန့်သွားသည်။ တော်တော်မလွယ်တဲ့ မိန်းကလေးပါလား။ မြှောက်လို့လည်း မမြှောက်တတ်၊ ခြောက်လို့လည်း မကြောက်တတ်သည့် ဒီမိန်းကလေးကိုမှ ချဉ်းကပ်ရတာ မလွယ်ပါလားနော်။

ကိုယ်ကလည်း. . . ခါနွေ့ကိုမှ ချစ်မိနေတော မရဲကဲ ကြွ္ဟည်း စီးနေရသည့်အဖြစ်မျိုးနှင့် ကြုံနေရတာ ဘယ်လောက်များ ဆိုးရွားလိုက်ပါသလဲ။ နောက်ဆုံး မချိုပြုးကိုပဲပြုံးကာ. . .

"ကြည့်မကောင်းပါဘူး ခါနွေရာ၊ အုတ်ခဲပိုင်းကြီးကို ပစ်ချလိုက်နော်။ နင်မလိုက်နဲ့ဆို ငါမလိုက်တော့ပါဘူးဟာ"

"အေး. . . တစ်ခါတည်း ငါမှာထားလိုက်မယ်။ ခုမလိုက်သလိုနောင်လည်း ငါ့နောက်ကိုလိုက်ဖို့ နင် ဘယ်တော့မှမကြိုးစားနဲ့၊ ငါ့သဘောက အမြဲတမ်း ဒီအတိုင်းပဲ"

"ခါနွေရယ်"

ခါနွေ ချာခနဲလှည့်ထွက်သွားတဲ့နောက်ကျောကို ငေးကြည့်ရင်းသာ စွမ်းထက် သက်ပြင်းချရင်း ရပ်ကျန်ခဲ့ရ၏။ ရပ်မကျန်ခဲ့လို့ ဆက်လိုက်ရင် ခါနွေက ပြောရင်ပြောသလိုလုပ်တတ်သူ။ မိန်းမနဲ့ယောကျ်ားကြောက်စရာမဟုတ်ဘူးဆိုပေမယ့်. . .

ရှန်းရင်းဆန်ခတ်တွေ လမ်းပေါ်မှာ စွမ်းထက် မလုပ်ချင်ပါပေ။ ပြီးတော့ ပြဿနာတက်ကြပြီဆို ကိုယ့်အသိုင်းအဝိုင်းက လွယ်တာမဟုတ်ဘူးလေ။ ထစ်ခနဲဆို ရုံးရောက် ဂုတ်ရောက်မဖြစ်ချင်တာကြောင့် အလျှော့ပေးလိုက်ခြင်းသာ။

"ဘယ်လိုလဲ စွမ်း၊ ာက်၊ သူ့အစ်ကိုပါတော့ ပါလို့၊ သူ့အစ်ကိုမပါတော့လည်း မင်း၊ ာည်.ကျန်ခဲ့ရပြန်ပြီ။ မင်းဟာက မဟုတ်သေးပါဘူးကွာ"





အရိပ်သုံးပါးကြည့်၍ နောက်မှလိုက်လာသော ဝင်းကိုကိုက အားမလိုအားမရပြောလေသည်။

"ယောကျ်ားပဲကွာ၊ တုံးဆိုတိုက် ကျားဆိုကိုက်ပေါ့ကွ။ လိုချင်ရင်ရအောင် ယူနိုင်ရမယ်"

"မင်းက ပင့်ပေးတာလား"

"ဖြစ်သင့်တာကို ပြောပြတာ"

"အရာရာကို ကိုယ့်ဆန္ဒအတိုင်း လုပ်ချင်တာ စွတ်လုပ်လို့ မရတာတွေရှိတယ် ဝင်းကို"

"မသိဘူးကွာ၊ ငါကတော့ လိုချင်ရင်ရမှ။ ဖြစ်ချင်ရင် ဖြစ်ရမှ"

"ခါနွေက ကြမ်းလို့မရဘူးလေ"

"နေနေတော့ ကြောက်လို့ထင်သွားမှာပေါ့"

"သည်းခံခြင်းက အောင်မြင်ခြင်းရဲ့ အထောက်အကူပြုဆိုရင်ရော"

"ငါတော့ မထင်ဘူး"

ဝင်းကိုက ပခုံးတွန့်၍ ခပ်မဲ့မဲ့ပြောလေသည်။ စွမ်းထက်ဆိုတဲ့ကောင်က ခက်ခဲတာကိုမှ လိုချင်နေတာ။ ပြီးတော့ ကြောက်ဆုတ်ကြောက်ဆုတ်လုပ်နေတာကို အားမလိုအားမရဖြစ်ကာ. . .

"မင်း ခါနွေ့ကိုတကယ်ချစ်တာလား စွမ်းထက်"

"အသေရရ အရှင်ရရကွာ"

"အသေရတော့ ဘာလုပ်မှာလဲ"

"ဆေးနဲ့စိမ်ပြီး အလှထိုင်ကြည့်နေမှာ"

"အရူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟား. . . ဟား. . . ဟား"

ဝင်းကို ပျစ်ပျစ်နှစ်နှစ်ပြောတာကိုပဲ စွမ်းထက် တဟားဟားနှင့် ရယ်နေသေး၏။ ခါနွေ့ရဲ့ဂျစ်ကန်ကန်စတိုင်လ်လေးကိုပဲ စွမ်းထက်သဘော ကျခဲ့တာ ကြာပြီ။ သူ့အစ်ကိုက အသွားအပြန် ကြိုပို့လုပ်နေလို့သာ အနား ကပ်ခွင့်မသာခဲ့တာ။

အခု. . . သူ့အစ်ကို မပါပြန်တော့လည်း. . .

"ခံပေါ့ကွာ၊ မင်းက ရာဇဝတ်အိုးကိုမှ တုတ်နဲ့ထိုးချင်တဲ့ကောင်"

"အချစ်နဲ့မထိတွေ့ဖူးသေးလို့ ရာဇဝတ်အိုးဖြစ်နေတာပါကွာ"

"ထိတွေ့တော့ရော"

"ချစ်တတ်လာရင် သံမဏိကနေ ဖယောင်းပန်းလေးတစ်ပွင့်ဖြစ် သွားမှာ"

"ချစ်တတ်လာအောင်ကြိုးစားဖို့က မလွယ်တာ"

စွမ်းထက် အပြုံးမပျက်တာ ကိုယ့်စိတ်ကူးနှင့်ကိုယ်ပါ။ လူမှန်ရင် အချစ်နဲ့ပစ်စလက်ခတ် ကင်းကွာပြီး မပျော်ဝင်ဖူးတဲ့သူရှိသလား။ ရှိရင် လက်ညှိုးထိုးပြနိုင်းချင်သည်လေ။



## အခန်း ( ၅ )

"သမီး. . . ခါနွေ"

"ရှင်. . . မေမေ"

ခါနွေ ပန်းကန်တွေကိုဆေးပြီး ရေစစ်နေရင်း လှည့်ကြည့်သည်။

"မေမေ ဈေးထဲခဏသွားဦးမယ်၊ သမီး မုန့်ပွဲပြင်ပေးတတ်တယ် မဟုတ်လား"

"ဟုတ်. . . ပြင်ပေးတတ်ပါတယ် မေမေရဲ့၊ ဒါပေမဲ့ မေမေ ပင်ပန်းပါတယ်၊ ဈေးထဲကို သမီးပဲသွားလိုက်မယ်လေ။ ဝယ်စရာရှိတာများရင် စာရေးပေးလိုက်ပေါ့"

"ငါ့ဘာသာပဲ သွားပါ့မယ်အေ၊ ညည်းကိုလွှတ်ရင် အရာရာနဲ့ အကြောင်းကြောင်းတွေ ဖြစ်လွန်းလို့ပါ"

"မေမေကလည်း"

ခါနွေ လည်ပင်းကိုပွတ်၍ ရယ်လေ၏။ မေမေပြောလည်း ပြော



www.burmeseclassic.com

www.burmeseclassic.com



စရာဖြစ်အောင် ခါနွေက အလွဲလွဲအချော်ချော်တွေ လုပ်တတ်လွန်းသူပါ။ ကိုကို့ကိုဆိုလျှင် မေမေက စိတ်ချပြီးသားပါ။ ဈေးဝယ်လွှတ်ရင် မှာရင်မှာတဲ့အတိုင်း မိန်းမစပ်ကာမမီ ဝယ်တတ်ခြမ်းတတ်သလို. . .

ဆိုင်မှာ ထားခဲ့လျှင်လည်း. . .

မေမေ့လို ပြင်ဆင်ရောင်းချတတ်ပြီး စိတ်ချရတာက ကိုကိုပဲဖြစ်ကာ မေမေက ကိုကို့ကွယ်ရာမှာ ပြောလေ့ရှိတဲ့စကားက. . .

"မိန်းကလေးဖြစ်ပြီး ယောက်ျားလေးလောက်တောင် အားမကိုးရဘူး။ ညည်းကို ငါ့သားယိုတဲ့ချေးပဲ ကျွေးထားဖို့ကောင်းတယ်"

ဆိုတာက တစ်မျိုး။

"သားမွေးထားရင် အား၊ သမီးမွေးထားရင် ထီးတဲ့။ ညည်းအရိပ်ကို ခိုရဖို့တော့ ကျုပ် အိပ်မက်တောင် ယောင်ပြီးမမက်ရဲဘူး"

ဆိုတာမျိုးတွေ ခဏခဏပြောတတ်ခဲ့တာ၊ တကယ်ဆို မေမေမလွန်ပေ။ ခါနွေ့ကိုခိုင်းလျှင်တောင် ကိုကိုပဲ ဝင်လုပ်ပေးကာ ညီမလေးကို မခိုင်းပါနဲ့မေမေရယ်ဆိုတာနှင့် ခါနွေ ရေသာခိုနေခဲ့မိတာတွေက ကြာတော့ မနေသင့်တော့မှန်း ခါနွေ သိလာခဲ့ပြီ။

ခုဆို. . .

ကိုကိုက သူ့အလုပ်နှင့်သူမို့ မေမေ့ကို အရင်လို ထောင့်စေအောင် ကူညီလုပ်ကိုင်မပေးနိုင်တော့ပေ။ ဒီတော့ ခါနွေပဲ တစ်ဖက်တစ်လမ်းကနေ မေမေ့ကိုကူညီသင့်တယ်ထင်လို့ ခုလို ဆိုင်ကူထွက်ပေးရတာပါ။

"တကယ်ဖြစ်ရဲ့လား ခါနွေ"

"ဖြစ်ပါတယ်မေမေရဲ့၊ စိတ်ချပြီးသာ. . . သွား၊ မုန့်ပွဲပြင်တာနဲ့ အသုပ်ကလေးလောက်မှ မသုပ်တတ်ရင် မေမေ့သမီး မလုပ်တော့ဘူး"





"အပြောကတော့ ပန်းချီလေးဝင်းပဲ။ ကမှတော့ ဇရက်ခုန် မခုန်နဲ့"

ဒေါ်ဝသန် ဆွဲခြင်းကို တံတောင်ဆစ်ကွေးမှာချိတ်လျက်၊ သမီးဖြစ်သူကို မျက်စောင်းဝင့်လျက် မယုံမရဲနှင့်ပဲ ထွက်သွားရလေသည်။ မုန့်ဟင်းခါးဟင်းရည်နံ့လေးကတော့ မွှေးနေတော့ ခါနွေ အိုးကိုဖွင့်ပြီး ဇွန်းခွက်နှင့် နည်းနည်းခပ်မြည်းလိုက်မိသေး၏။

"ခါနွေရေ့၊ အကြော်နဲ့မုန့်ဟင်းခါးတစ်ပွဲ ပေးပါကွယ်။ ပါဆယ်နော်"

"ဟုတ်ကဲ့. . . ရမယ်၊ ခဏလေးစောင့်နော် အစ်မ"

တကယ်ဖြစ်ချင် တကယ်လုပ်၊ အဟုတ်တကယ်ဖြစ်ရမည်ဆိုတဲ့ စကားရှိသည်လေ။ ခါနွေ စိတ်ပါလက်ပါလုပ်နေတော့ အားလုံးက အဆင်ပြေချောမွေ့နေလို့ပေါ့။

"ခေါက်ဆွဲသုပ်ရမလား"

"ရမယ်. . . ရမယ်"

"တစ်ပွဲသုပ်ပေးပါနော်၊ မြန်မြန်လေး"

"စိတ်ချ. . . မြန်စေရမယ်"

ခါနွေက ပြောတဲ့အတိုင်း သွက်သွက်လက်လက်ပဲ လုပ်ပေးလိုက်၏။ လူတွေက တစ်ယောက်ထွက်သွားတော့ တစ်ယောက်ဝင်ဖြစ်လာချိန်တွင် ဆိုင်ထဲမှာ လူနှစ်ယောက် ဝင်လာထိုင်ပြီး. . .

"မုန့်ဟင်းခါးနှစ်ပွဲ"

"ဘာနဲ့စားမှာလဲ"

"ပဲစပ်နဲ့စားမှာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

ခါနွေ မျက်လုံးဝိုင်းနှင့် ကြည့်လေတော့၊ မျက်နှာတွေက စပ်ဖြဲဖြဲနှင့်သာ။

"အဟဲ. . . နောက်တာပါ၊ အကြော်နဲ့တစ်ပွဲ၊ ဘဲဥနဲ့တစ်ပွဲ"

မျက်စောင်းထိုးမိမလိုဖြစ်ပြီးမှ ခါနွေ စိတ်ကိုထိန်းပြီး မုန့်ပွဲပြင်ပေးလိုက်၏။

"လှတယ်နော်"

"ဘာ! "

"ဟို. . . မုန့်ဟင်းခါးမျှင်လေးတွေက နှာတံစင်းနေတာကိုပြောတာပါ"

"ဘဲဥကလည်း အကာက ဖြူဖြူဖွေးဖွေး၊ အနှစ်က ဝင်းဝင်းနှစ်နှစ်နဲ့ သေသေချာချာကြည့်လေ ချစ်စရာကောင်းလေပဲနော်"

"ဟင်းရည်နံ့လေးကလည်း မွှေးမှမွှေး"

"အကြော်က ကြွပ်ကြွပ်ရွရွ လှလှပပ၊ နောက်နေ့လည်း ဒီမှာလာစားရအောင်ကွနော်။ မကောင်းဘူးလား. . . ဟဲဟဲ"

"ကောင်းပါ့ဗျာ"

ခါနွေ တစ်ခုခုပြန်ပြောလို့ပြင်ပြီးမှ ထိုလူတွေ၏နောက်မှာ ကိုကိုဝင်ရပ်လိုက်တာမြင်တော့ ပါးစပ်ပိတ်နေလိုက်သည်။ ယုံကြည်ချက် တစ်စွန်းတစ်စ ကြားလိုက်ရပြီး မျက်မှောင်ကြုတ်ကာ ခါးထောက်ရပ်နေသည်ကို မမြင်ကြပေ။ ဘသားချောတွေ ခါနွေ့မျက်နှာကိုသာငမ်းပြီး မုန့်တွေကို ပါးစပ်ထဲ ချော်ထည့်လိုထည့်ဖြစ်နေသဖြင့်. . .

ယုံကြည်ချက်. . .





ခါတ်ဘူးထဲက ရေနွေးကို ရေနွေးပန်းကန်ထဲသို့ထည့်ပြီး ငနဲ့နှစ်ကောင်၏မျက်နှာရှေ့တွေထိ တွန်းပို့ပေးထားလိုက်သည်။ ရေနွေးတွေက အငွေ့တထောင်းထောင်းနှင့် သူတို့စွမ်းအားကိုပြဖို့ အရှိန်ယူနေလေရဲ့။ တစ်ယောက်က အောက်ကိုမကြည့်ဘဲ လက်ချလိုက်မိတာ ပူလွန်းလို့ စုံနှိုက်သလိုအဖြစ်မျိုးမို့. . .

"အား. . . ပူလိုက်တာ"

"ဘာလဲ"

"ရေနွေးတွေ၊ အား. . . ပေါင်ပေါ်စီးကျကုန်ပြီ၊ လုပ်ပါဦး. . . ပူတယ်. . . သေပါပြီ"

ငနဲနှစ်ကောင် မုန့်ပန်းကန်တွေချပြီး လှုပ်လှုပ်ရှားရှားဖြစ်သွားချိန်မှာ ခါနွေ မုန့်ပန်းကန်တွေထဲကို ငရုတ်သီးမှုန့်တွေထည့်ကာ လျှင်မြန်စွာမွှေထားလိုက်၏။

"ဆောရီးဗျာ. . . ကျွန်တော်က စေတနာနဲ့ထည့်ပေးတာပါ။ ခင်ဗျားတို့က အောက်ကိုမှမကြည့်တာကိုး"

"အတော်ပူသွားလားဟင်၊ အားနာလိုက်တာရှင်"

"ရ. . . ရပါတယ်၊ ဒီလောက်တော့ အပျော့ပဲ။ ရတယ် ညလေး၊ ရတယ်"

"ဒါဆို မုန့်တွေ ဆက်ပြီးသုံးဆောင်ကြပါဦး။ လိုတာရှိရင်ပြော။ အားမနာနဲ့နော်"

"စိတ်ချ. . . စားမှာ"

ပြန်ထိုင်ကြပြီး မုန့်တွေကို အားရပါးရခွံ့ပြီး စားလိုက်ကြရာ. . .

"အု! "



www.burmeseclassic.com

www.burmeseclassic.com



"အင့်!"

မုန့်တွေ တို့လို့တန်းလန်းနှင့် တွေးပစ်ရခက် မြို့ချရခက်စွာနှင့် မျက်လုံးကြီးတွေ ပြူးထွက်လာကြလေလျှင်. . .

"ဘာဖြစ်ပြန်ပြီလဲ"

"ထွီး. . . အဟွတ်. . . အဟွတ်"

"အား. . . ကိ. . . စပ်"

"ဩော်. . . စပ်လို့လား၊ ဒီမှာ ရေနွေးသောက်"

"ဖွီး. . . အား. . . ပူတယ်"

"စပ်တယ်"

"ပူတယ်. . . စပ်တယ်"

"ရေနွေးသောက်လိုက်လေ"

"ပူတယ်"

"မုန့်စားပါဦး"

"စပ်တယ်"

"ရေနွေး"

"ပူ"

"မုန့်"

"စပ်"

မောင်နှမနှစ်ယောက် အမြင်ကပ်ပုဒ်မနှင့် ပညာပြတာ ငရုပ်နှစ်ကောင် လျှာကို ယပ်ခပ်၍ စကားပင်ဆုံးအောင်မပြောနိုင်ကြတော့ချေ။ ချွေးသီးချွေးပေါက်တွေပြန်၍ ရေနွေးဆိုတာနှင့် ပူ၊ မုန့်ဆိုတာနှင့် စပ်သာ ပြောနိုင်ပြီး ထပြေးဖို့ပြင်ကြလေလျှင်. . .





"ဟော့လူတွေ ပိုက်ဆံမရှင်းရသေးဘူး"

"ရှင်း. . . ရှင်းပါ့မယ်ကွာ၊ အား. . . ဝါး"

"ရော့. . . ရော့"

တစ်ယောက်က တစ်ထောင်တန်ကိုထုတ်ပေးပြီး ဆိုင်ထဲမှ အရင်ထွက်သွားလေသည်။

"ပိုက်ဆံပိုတာ ပြန်ယူသွားဦးလေဗျာ"

"ရတယ်. . . ရတယ်၊ မအမ်းနဲ့တော့"

လက်တကာကာ လုပ်ပြပြီး နှစ်ယောက်စလုံး ထွက်သွားကြတာ သုတ်သုတ်ပါရောပါပဲ။ ထိုလူတွေကိုကြည့်ပြီး ခါနွေက တခစ်ခစ်နဲ့ရယ်နေတာ မပြီးနိုင်မစီးနိုင်။ ဒါကိုပဲ ယုံကြည်ချက်က မျက်နှာထားတင်းတင်းကြီးနှင့်. . .

"ခုထိ ရယ်လို့မပြီးသေးဘူးလား"

"ကိုကိုကလည်း. . . ခစ်. . . ခစ်"

"တော်ပြီ၊ မရယ်နဲ့တော့"

ချက်ချင်းကြီး ရယ်ရှိန်မသတ်နိုင်သေးတာကိုပဲ ယုံကြည်ချက်က မကျေနပ်စွာ အော်လေသည်။ ခါနွေပါးစပ်ကို လက်ဝါးလေးနှင့်ဖိအုပ်လျက် ကြုံရှုံ့ဆည်လိုက်ကာ. . .

"ကိုကို မုန့်စားမလို့လား"

"မစားဘူး"

"စားပါ ကိုကိုရဲ့၊ ညီမလေးကိုယ်တိုင် ပြင်ကျွေးတာလေ"

"ငါ့ကို လေပြည်လာသွေးမနေနဲ့၊ သွား. . . အိမ်ပြန်"

"ဟင်! ခါနွေ အိမ်ပြန်ရင် မုန့်တွေဘယ်သူရောင်းမှာလဲ ကိုကိုရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ငါရောင်းမှာ"

"ကိုကိုက အလုပ်မသွားဘူးလား"

ယောက်ျားမျက်စောင်းကြီး ဝေ့ခနဲရောက်လာပြီး. . .

"ဒီနေ့ တနင်္ဂနွေနေ့လေ၊ ဒါလေးတောင် မသိဘူးလား"

ခါနွေ ကိုကို့လက်မောင်းကိုဖက်လိုက်ပြီး ခစ်ခနဲရယ်လိုက်ကာ

"အဲဒီလိုမျက်စောင်းကြီး မထိုးစမ်းပါနဲ့ကိုကိုရာ၊ ကိုကို့နဲ့ မျက်စောင်းက မသာနဲ့နားချောင်းလိုပဲ ဘယ်လိုမှမလိုက်ဖက်ဘူး"

ခါးကိုဖက်ပြီး လျှာတစ်လစ်လုပ်ကာ ပြောင်စပ်စပ်မျက်နှာကြောင့် ယုံကြည်ချက် ပြုံးမိသွားသည်။

"ခွေးမလေး"

"အဟွန်း"

"ကြပ်ကြပ်သတိထား. . . ရှုပ်ရှုပ်ယှက်ယှက်တွေ ကိုကိုမကြားချင်ဘူးနော်"

"ဟုတ်"

ခါနွေ ခါးလေးညွတ်ပြီး ခေါင်းညိတ်လိုက်တော့ ယုံကြည်ချက် ကျေနပ်သွားလေသည်။ ကိုယ့်နှမကို ကောင်လေးတွေ ပိုးပမ်း နှောင့်ယှက်မှာစိုးတာ အစ်ကိုတွေမောင်တွေရဲ့ သဘာဝပါ။

❀❀❀



## အခန်း ( ၆ )

ခါနွေတို့အုပ်စု အင်းယားကန်ပေါင်ပေါ်မှာ လျှောက်လာကြရင်း ဘယ်နံ့လွှတ်နေသလဲကြည့်ရတာ ကျီးကန်းတောင်းမှောက် မျက်လုံးများနှင့်သာ။ ကြည့်သာကြည့်ရတယ်. . . နံ့လွှတ်မတွေ့သဖြင့် ဝါဝါက စိတ်ပျက်စွာ ညည်းတွားလေသည်။

"အမယ်လေးဟယ်၊ လာမိတာ မှားပါတယ်။ အင်းယားကန်မှာ နှစ်ယောက်တစ်ကမ္ဘာတို့၊ နှစ်ယောက်တစ်အိပ်မက်တို့ တည်ဆောက်နေလိုက်ကြတာ။ တို့လိုလူတွေအတွက်ကြတော့ လာချင်ရင် ထိုင်ခုံကြိုတင်ဘွတ်ကင်လုပ်ရမလိုပဲ"

"နိုညည်း ညည်းမနေစမ်းပါနဲ့ မိဝါရယ်၊ လာချင်တုန်းကလည်း နင်ပဲ"

"ညောင်းနေပြီဟ"

"ထိုင်ချင်သပါ့ခို ကိုယ့်ဖိနပ်ကိုယ်ခွ[illegible]ပြီး ခုထိုင်တော့ဟေ့"



www.burmeseclassic.com

www.burmeseclassic.com



အေးမြတ်က စိတ်တိုဟိုနှင့်ပြောလိုက်တုန်းမှာ အတွဲတစ်တွဲ ထ သွားလေသဖြင့်၊ ဝါဝါ ဟေးခနဲအော်ကာ ပြေးထိုင်လေသည်။

"ရုပ်ပျက်လိုက်တာ"

"မပျက်လို့မရဘူးလေ၊ ထိုင်စရာမှမရှိတာ။ မြင်တာလေးပဲ တွယ် ကပ်ထားရတာပေါ့"

ခါနွေ ဝါဝါ့ဘေးမှာ ဝင်ထိုင်ဖို့ပြင်လိုက်တုန်းမှာပဲ စလွယ်သိုင်း ထားသည့် လွယ်အိတ်ကြိုးက တင်းခဲဖြစ်ကာ. . .

"ခါနွေ"

"ဟင်!"

ခါနွေ လှည့်ကြည့်လိုက်တော့ စွမ်းထက်ပါ။

"စွမ်းထက်"

"ဟုတ်တယ် ခါနွေ၊ နင့်ကိုမြင်လို့ ငါလိုက်လာတာ"

ခါနွေ မျက်မှောင်ကြုတ်သွားပြီး. . .

"လိုက်လာလို့တွေ့ပြီ. . . ဘာလဲ"

"ငါ့ကိုမညည်းဆဲပါနဲ့တော ခါနွေရယ်"

"ဘာ!"

"ငါ့ကိုအဖြေပေးတော့လေ"

"သေလိုက်ပါလား"

ပြောပြီး ခါနွေ ဆောင့်ခနဲဝင်ထိုင်လေသည်။ စွမ်းထက်က လက် ကုတ်၍ ဖယ်နိုင်းသဖြင့် ဝါဝါ ဘုမသိဘမသိ ပြန်ထရပ်လိုက်စဉ် စွမ်းထက် က ဝင်ထိုင်ပြီးနေပြီ။ ပခုံးချင်းထိလုမတတ်ဖြစ်နေသဖြင့် ခါနွေ ပြန်ထရပ် လိုက်တော့ စွမ်းထက် လက်ကိုဆွဲထားသည်။





"ခါနွေ"

"ဖယ်စမ်း"

"ခဏထိုင်ပါဦး"

"ငါ့လက်ကိုလွှတ်"

ခါနွေ လက်ကိုဆောင့်ရုန်းလိုက်၏။

"ချစ်လို့အလျှော့ပေးတာကို ကြောက်လို့ တွန့်ဆုတ်နေတာလို့ နင်ထင်နေတာလား ခါနွေ။ စွမ်းထက်ဆိုတဲ့ကောင် ခပ်ညံ့ညံ့စာရင်းထဲမှာ မပါဘူး"

"နင် ညံ့တာတော်တာ ငါစိတ်မဝင်စားဘူး စွမ်းထက်။ နင့်ကို ငါ အပြတ်ပြောခဲ့ပြီးသား"

"ဘာပြောခဲ့တာလဲ၊ မမှတ်မိလို့"

စွမ်းထက်က ခပ်စူးစူးကြည့်လျက် မေးလေတော့၊ ခါနွေကလည်း စူးခနဲပြန်ကြည့်ကာ. . .

"ဘာနဲ့ဖြေတာ နင်လိုချင်လဲ"

"နင်ကြိုက်သလိုဖြေ"

"ကောင်းပြီ. . . ကဲ"

ခါနွေလက်တစ်ဖက် ရိုပ်ခနဲမြောက်တက်သွားပေမယ့် စွမ်းထက် ပါးပြင်ဆီသို့မရောက်ပေ။ စွမ်းထက်က ဖမ်းဆုပ်ထားလေတော့ ဝါဝါနှင့် အေးမြတ်လည်း ကြောင်ကြည့်နေမိကြ၏။

"စွမ်းထက် ဘာကောင်လဲ နင် အခုသိစေရမယ်"

"လွှတ်စမ်း"

"စွမ်းထက်. . . တို့တောင်းပန်ပါတယ်၊ အဲ့လိုမလုပ်ပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



စွမ်းထက်က ခါနွေ့ကိုယ်လေးကို ဖိချုပ်ဆွဲခေါ်နေသည်။ ခါနွေကလည်း ရုန်းကန်နေပြီး အေးမြတ်နှင့်ဝါဝါက လိုက်ဆွဲနှင့် ပတ်ဝန်းကျင်မြင်လို့မကောင်းအောင် အခြေအနေက ရှုပ်ထွေးနေလေလျှင်. . .

"စွမ်းထက်. . . ခါနွေ့ကိုလွှတ်စမ်း"

"နင်တို့မဆိုင်ရင် ဝင်မပါနဲ့"

"တောက်! စွမ်းထက်"

"နင်တို့ဝေးဝေးနေနော်၊ ပြီးမှ ငါ့ကိုအဆိုးမဆိုနဲ့"

"ဟော့ကောင်"

"ဟင်! "

စွမ်းထက်အင်္ကျီကုတ်ကိုကိုင်ပြီး တစ်ဦးတစ်ယောက်က ဆွဲလှည့်ခြင်း ခံလိုက်ရသည်နှင့်အတူ. . .

"ခွပ်! "

"အ. . . "

ခါနွေ လွတ်သွားပြီး စွမ်းထက်မျက်နှာ လည်ထွက်သွားသည်။

"ခွေးမသား. . . ကဲကွာ"

"ခွပ်! "

"ကိုကိုလွှန်မယ်"

"ခွပ်! "

"အား. . . "

"ကိုယုံကြည့်. . . တော်တော့"

အားလုံးဝိုင်းဝန်းဆွဲလွဲထားလေသဖြင့် စွမ်းထက် သက်သာရာရသွား၏။ နှုတ်ခမ်းထောင့်မှသွေးစကိုသုတ်ရင်း ယုံကြည်ချက်ကို မဲ့ပြုံးနှင့်





ကြည့်လေလျှင်. . .

"မင်း ငါ့ညီမအနားကို ဘယ်တော့မှကပ်ဖို့ မကြိုးစားနဲ့။ ငါ အသက်ရှင်နေသရွေ့ မင်းလို့ကောင်နဲ့ ဘယ်တော့မှအဖြစ်မခံဘူး"

"မသိလို့ တစ်ခုလောက်တော့ မေးပါရစေ"

"နင်သွားတော့ စွမ်းထက်"

စွမ်းထက်က လက်ကာပြလျက် ယုံကြည်ချက်နှင့်မျက်နှာချင်းဆိုင်ကာ. . .

"ခင်ဗျား ကိုယ့်ညီမကို ပြန်သိမ်းပိုက်ထားလို့ ရသလား"

"ဘာကွ! ဟော့ကောင်. . . ခွေးသား"

"ခွပ်! "

"မိုက်ရိုင်းဦးကွာ"

"ခွပ်! "

"လုပ်ကြပါဦး"

"တော်ကြပါတော့"

ဝိုင်းဆွဲနေတဲ့ကြားထဲက ယုံကြည်ချက်ဒေါသတွေသည် အတော မသတ်နိုင်။ ဘေးကမြင်တဲ့လူတွေပါ မနေစိမ်းနိုင်ကြတော့ဘဲ စွမ်းထက်ကို ဆွဲခေါ်သွားမှပဲ ရန်ပွဲက ပြီးဆုံးခြင်းသို့ရောက်၏။

"တောက်! "

ဒေါသကိုလျှော့ဖို့ ဝိုင်းတောင်းပန်သည့်ကြားမှ ယုံကြည်ချက်၏ တက်ခေါက်သံက ပြင်းပြင်းရှရှပါ။ မျက်ထောင့်နီကြီးနှင့် ခါနွေ့ကိုကြည့်ပြီး. . .

"နင်က ဘာကိစ္စ ဒီကိုရောက်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ခါနွေ အဖြေရခက်စွာ ခေါင်းငုံ့သွားလေ၏။ သူကရော ဒီကိုဘယ်လိုရောက်လာတာလဲ မေးချင်ပေမယ့် မေးရဲတဲ့အင်အား ခါနွေ့မှာ မရှိပေ။

"ဖြေလေ၊ နင်က ဒီကိုဘာလာလုပ်တာလဲဆိုတာ"

"ဟို. . . ခါနွေ"

"ဝါဝါတို့ခေါ်လို့ ခါနွေက လိုက်လာတာပါ ကိုကြီးရယ်။ ခါနွေ့ကို မဆူပါနဲ့နော်"

"ဟုတ်ပါတယ် ကိုကြီးရယ်၊ အေးမြတ်တို့. . ."

"တော်တော့. . . ငါမေးနေတာ ခါနွေ့ကို"

ခါနွေ မှုန်ကုပ်မည်းမှောင်နေတဲ့ ကိုကို့မျက်နှာကို မရဲတရဲမော့ကြည့်နေစဥ်မှာပဲ. . .

"မနက်ဖြန်ကစပြီး နင် ကျောင်းမတက်ရဘူး"

"ဟင်! ကိုကို"

ခါနွေ လှုပ်လှုပ်ရှားရှားလေး ဖြစ်သွားစဥ်မှာပဲ ယုံကြည်ချက်က ညီမဖြစ်သူ၏လက်ကို ဆောင့်ဆွဲခေါ်လျက်. . .

"အခုလည်း အိမ်ပြန်လိုက်ခဲ့. . . လာ"

"မဟုတ်သေးဘူး ကိုကို"

"နင့်ပါးစပ်ကိုပိတ်၊ ငါ့အကြောင်း နင်သိတယ်နော်"

အတင်းဆွဲလွဲခေါ်သွားတဲ့နောက်မှာ ခါနွေ သူငယ်ချင်းတွေကို လှည့်ကြည့်လှည့်ကြည့်နဲ့ပဲ ပါသွားလေတော့သည်။ ယုံကြည်ချက် ဘိုဆန်းနောက်ကို အဖော်လိုက်လာမိခဲ့တာ အလာကောင်းသည်လို့ပဲပြောရမလား။



## အခန်း ( ၇ )

"အဲဒါတော့ မင်း မတရားတာ"

"ဘာ!"

ကျော်ကြီးရဲ့ဝေဖန်ချက်ကြောင့် ယုံကြည်ချက်၏ ဘာသံက ကျယ်လောင်စွာ ထွက်လာသည်။ သူ ဘာမတရားတာ ရှိလဲ။ ပြောရင်ပြောသလို လုပ်တတ်သူပီပီ ညီမလေးကိုစိတ်မချလို့ အဝေးသင်ပြောင်းတက်ခိုင်းတာ သူ မတရားဘူးတဲ့လား။

"မင်းညီမကို မင်းချစ်ပုံကြီးက အတ္တတွေ ဖုံးလွှမ်းမနေလွန်းဘူးလား"

"အေးလေ. . . သဘာဝတရားကို သူ့ကျမှ လွန်ဆန် တိုင်ထုတ်ချင်နေတာ။ အချိန်တန်အရွယ်ရောက်လာရင် တစ်နေ့မဟုတ် တစ်နေ့ တစ်ခါမဟုတ်တစ်ခါ အချစ်ကို ခလုတ်တိုက်မိကြမှာပဲ။ အခုလိုလုပ်တော့ရော မင်းညီမ တစ်သက်လုံး ရည်းစားမထား ယောက်ျားမယူပါဘူးလို့



www.burmeseclassic.com

www.burmeseclassic.com



အာမခံသလား. . . ပြော''

''ဒီကောင် သက်သက်ကြောင်တာပါကွာ၊ သမီးမွေးထားရင် သား မက်ရမယ်။ နှမရှိရင် ယောက်ဖရမယ်ဆိုတာ မြေကြီးကို လက်ဝါးနဲ့ပုတ် သလိုပဲ''

''ညီမလေးကို ငါသိပ်ချစ်တာကွ''

''တို့ကလည်း မချစ်ဘူးလို့ မပြောပါဘူး။ မင်းရဲ့အချစ်က နည်း စနစ်မှန်ဖို့ပဲလိုတာ''

သူငယ်ချင်းတွေ ဝိုင်းပြောလည်း ယုံကြည်ချက်ကတော့ ခေါင်း ပဲ တွင်တွင်ခါယမ်းလို့ပါ။

''ငါ ညီမလေးကိုမခွဲနိုင်ဘူး၊ အဲဒီလောက်ကိုချစ်တာ''

''မခွဲနိုင်ဘူးဆိုပြီး မင်း မိန်းမမယူဘဲနေမှာလား. . . ပြော''

''မယူဘူးကွာ. . . အဲဒါ တကယ်''

ဘိုဆန်းက မျက်စောင်းလည်း ထိုး၊ နှုတ်ခမ်းကိုလည်း ရုပ်ဆိုး အောင် မဲ့ပစ်၏။ ကျော်ကြီးက ယုံကြည်ချက်ပခုံးကိုပုတ်လျက်. . .

''စကားကိုကုန်အောင် မပြောနဲ့ ချက်ကြီး၊ မင်းက အခု ငါး ကြော်မတွေ့သေးလို့ ကြောင်သူတော်လေသံနဲ့ ဖင်ခေါင်းကျယ်တာ''

''နောက်လည်း ဒီလေသံပဲထွက်မှာ''

''အမယ်''

''မင်းဟာက မဟုတ်သေးပါဘူး''

''ဟုတ်ကိုဟုတ်တယ်''

''ဘာဟုတ်တာလဲ''

''ငါလည်း မိန်းမမယူဘူး၊ ညီမလေးကိုလည်း ယောကျ်ားမပေး





စားဘူး''

ကျော်ကြီးနှင့်ဘိုဆန်း ပခုံးချင်းတိုက်၍ ရယ်လေသည်၊ မရယ် ရှိပ့်မလား။ သဘာဝတရားကိုလွန်ဆန်ပြီး ကောင်းကင်မှာ ရေကြီး၊ မြေ ကြီးက လ ထသာချင်ပါတယ်ဆိုတာကို ဟုတ်ပ့်မှန်ပ့်နဲ့ ဖော်လိုလိုက်ရင် သူတို့ပါ ငကြောင်တွေ ဖြစ်ကုန်မှာပေ့။

''မင်းညီမကလည်း အဲဒီလိုပဲပြောသလား''

''ပြောတယ်''

''မယုံဘူး''

''ဘာ! ''

ယုံကြည်ချက် စူးခနဲကြည့်လေတော့. . .

''ဖရုံသီးကို ကြက်သားနဲ့ရောချက်ရင် အရမ်းစားလို့ကောင်းတယ်၊ ဟုတ်တယ်နော် ကျော်ကြီး''

''ဒါပေ့၊ ချဉ်သီးထောင်းလေးနဲ့ဆို ပိုပြီးလိုက်. . . ဟာကွာ''

ကျော်ကြီးက ဘိုဆန်းကိုပိတ်တွန်းပြီး ရိုက်ချလိုက်သည်။ စကား ကောင်းပြောနေရင်း ဘိုဆန်းက ဖောက်လာတာကိုး။ ကျော်ကြီးက ပြတ် သွားတဲ့စကားကို ပြန်ဆက်ကာ. . .

''မင်းရဲ့အတ္တတွေကို နည်းနည်းလောက်လျှော့ပြီး မရှိမပဋိပဒါ ဆိုတဲ့အလယ်အလတ်လမ်းစဉ်လောက်ကို လိုက်ကြည့်ပါလား ချက်ကြီးရာ''

''ဟော့ကောင်! မင်း အခုပြောနေတာ ဦးသုမင်္ဂလလေသံ ဖြစ်နေ ပြီနော်''

''လိုအပ်ရင် အရှင်သောမလေသံပါ အကူခေါ်ပြီးခေါ်ရဦးမှာ။ ဘယ့်နှယ်ကွာ. . . သူ့ကျမှ အာဒံနဲ့ဧဝ ကြိုးစားပမ်းစား တည်ဆောက်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



တဲ့အချစ်ကမ္ဘာကို ဖြိုဖျက်ပစ်ရတော့မလိုဖြစ်နေတာ''

ယုံကြည်ချက်ကိုနှိပ်ကွပ်ဖို့ ကျော်ကြီးနှင့်ဘိုဆန်းမှာ စကားလုံးတွေ ရှာဖွေစဉ်းစားနေရတာ ခေါင်းပင် အငွေ့ထွက်တော့မလို။ ယုံကြည်ချက်ကတော့ ဆုံးဖြတ်ချက်ပြောင်းမည့်ပုံမပေါ်ပေ။

''ချက်ကြီး''

''ဘာလဲ''

''မင်းညီမကို မင်း ဘာနဲ့သော့ခတ်သိမ်းမလဲ၊ အဲဒါပဲပြော''

ဘိုဆန်းက လက်ခါပြသည်။

''ဘာနဲ့မှ ခတ်လို့မရဘူး။ သူကြိုက်တဲ့သူတွေ့လို့ကတော့ ကျွန်မချစ်တဲ့သူနောက် ကောက်ကောက်ဆိုပြီး မကောက်တာရှိတောင် ကောက်အောင်ထုပြီး လိုက်သွားမှာ''

''မင်းတို့ တော်တော်စကားများတဲ့ကောင်တွေပဲကွာ၊ အဲဒီပါးစပ်တွေ ငါပိတ်ပေးရမလား. . . ပြော''

''တို့က စေတနာနဲ့''

ယုံကြည်ချက် ပေါက်စီတစ်လုံးကိုကောက်ကိုင်ပြီး ကျော်ကြီးပါးစပ်ထဲသို့ ထိုးထည့်လိုက်၏။ သူတို့ပြောတာတွေ မှန်ပေမယ့် အဲဒီအမှန်တရားတွေကိုပဲ သူလက်မခံချင်တာ။ အတ္တကြီးတယ်ပဲပြောပြော၊ တစ်ကိုယ်ကောင်းဆန်တယ်ပဲဆိုဆို. . .

သူ. . . ညီမလေးကို ဘယ်လိုကောင်နှင့်မှ သဘောမတူနိုင်ပေ။ ကိုယ်က မတို့ရက်မထိရက်နှင့် အလိုလိုက် ဂရုစိုက်ထားတဲ့ကလေးကို အိမ်ထောင်ကျမှ ကိုယ့်လို သူ့ယောက်ျားက မထားနိုင်ရင် သည်းခံနိုင်မှာမဟုတ်တာက အသေအချာ။





''မင်းတို့ ငါ့ကို တရားလာမဟောနဲ့၊ ဝါသနာပါရင် ဓမ္မကထိက လုပ်လို့ရတယ်''

''မင်းလို့ကောင်နဲ့တွေ့ရင် ကမ္ဘာဝါတွေ ပြောင်းပြန်လှန်ဖို့ရမှာ''

''မကျွတ်ရင် ကျွတ်တဲ့နည်းနဲ့ ချွတ်ရမှာ တို့တာဝန်နော် ဘိုဆန်း''

''ဟမ်. . . ဘယ်လိုချွတ်ရမှာလဲ''

''အစွဲ''

ဘိုဆန်းမျက်နှာ ရှေ့တိုးလာကာ. . .

''ဘာစွဲလဲ၊ မင်းလေးလား မင်းကြီးလား''

''မင်းကန့်လန့်''

''ဘာ''

''ဒီကောင်က ဘုကန့်လန့်လေ၊ အဲဒါကိုပြောတာ။ ချွတ်ရမှာက အတ္တစွဲ''

''ကျွတ်! ''

ယုံကြည်ချက် သူ့ကို မရမက နားချဖို့ကြိုးစားနေသည့်စကားတွေကို ဆက်နားမထောင်ချင်တော့ပေ။ ထို့ကြောင့် ထထွက်လာတော့လည်း ကပ်ပါလာကြကာ. . .

''ဟော့ကောင် ချက်ကြီး''

''မင်းအမေ့လင်လား''

''အဟဲ! သချိုင်းက အရိုးစုကို လိုက်ပေါင်းရင်တော့ ငါ့ကုသိုလ် ပေါ့ကွာ''

''မင်းညီမကို ဥစ္စာခြောက်မနေနဲ့၊ စိတ်ချရအောင် မင်းယောက်ဖလောင်းကို တို့နှစ်ယောက်ထဲက တစ်ယောက်ရွေးလိုက်ရင် အဆင်ပြေမယ်



www.burmeseclassic.com

www.burmeseclassic.com



ထင်တယ်"

"ဘာကွ"

ကျောက်ကြီးမျက်နှာရှေ့မှာ သူ့လက်သီး ဝဲခနဲဖြစ်သွားလေတော့ ဘိုဆန်းက ဆွဲထားကာ. . .

"သဘောပြောတာလေ၊ သည်း. . . ညည်းခံ. . . ညည်းခံ"

ရုပ်တွေက စပ်ဖြဲဖြဲတွေနှင့်မို့. . .

"မင်းတို့ဖြစ်နေလို့ သွားတွေကျွတ်မထွက်တာလို့မှတ်"

"ဘယ်သူ့ကိုရွေး"

"ကိုယ့်လည်ပင်း ကိုယ်ကြိုးကွင်းစွပ်လိုက်"

"အဲဒါအကောင်းဆုံးပဲ"

တကယ်ပဲ သူငယ်ချင်းအရင်းကြီးတွေမို့ သက်သာတယ်ဆိုတာ မယုံဖွယ်ရာမရှိပေ။ ထွက်သွားတဲ့ခြေလှမ်းတွေကိုပဲကြည့်။ ခြေတစ်လှမ်းကို မြေကြမ်းတွေ ပဲ့ကြွေသွားမယ့်အတိုင်းပါ။



## အခန်း ( ၈ )

ခါနွေ ဆန်ဆေးနေရင်းက မျက်နှာလေးရှုံ့မဲ့ကာ ချွေးများပင် ပြန်လာသည်။ ဗိုက်ထဲက ထိုးအောင့်လာတာ ဘယ်လိုမှနေလို့မရတော့ သဖြင့် ဗိုက်ကိုလက်နှင့်ဖိရင်း ကြိုးစားကာ ထရပ်လိုက်သည်။

"အား. . . ကျွတ်! ကျွတ်!"

ညည်းတွားသံလေး ထွက်လာပြီး လူက ယိုင်ခနဲဖြစ်သွားသဖြင့် ကမန်းကတန်းပဲ တံခါးဘောင်ကိုမှီလိုက်ရ၏။

"အား. . ."

"ဟင်!"

ဒေါ်ဝသန် ဈေးခြင်းနှင့်တက်လာပြီး သမီးကိုမြင်လိုက်ရတော့ စိုးထိတ်သွားလေသည်။ အမြဲတမ်းသွက်လက်တက်ကြွနေတဲ့ ကလေးက တံခါးကိုမှီပြီး ခေါင်းငိုက်စိုက်ကျနေတာ ဘာဖြစ်လို့ပါလိမ့်ဆိုတဲ့အတွေးက ခြေလှမ်းကို ပိုသွက်စေ၏။



www.burmeseclassic.com

www.burmeseclassic.com



"သမီး"

"အား. . . ကျွတ်! ကျွတ်!"

"ဟင်! သမီးဘာဖြစ်လို့လဲ"

"ဗိုက်. . . ဗိုက်အောင့်လို့ မေမေရဲ့"

"အို. . . အရမ်းအောင့်နေတာလား သမီး"

"ဟုတ်တယ်၊ တအားအောင့်တာပဲ. . . အား"

"ဒုက္ခပါပဲ။ လာလာ. . . ဒါဆို ဆေးခန်းသွားပြရအောင်"

ဒေါ်ဝသန် ဈေးခြင်းကိုလွှတ်ချပြီး သမီးကိုတွဲခေါ်လိုက်သည်။ ခပ်ပေပေခပ်တေတေနေတတ်သူက ရှုံ့မဲ့ညည်းတွားနေသည်ဆိုတော့ တော်တော်အောင့်နေလို့ပဲဖြစ်ပေလိမ့်မည်။

"မေမေ"

"သမီး"

"အား. . . သမီး မခံနိုင်တော့ဘူး"

"ဒါဆို သမီး ဒီမှာခဏနေဦးနော်၊ မေမေ ဆိုက္ကားသွားခေါ်လိုက်ဦးမယ်"

ခါနွေ ခေါင်းပင် ပြန်ညိတ်မပြနိုင်တော့ဘဲ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျလာသည်။ ဒေါ်ဝသန် သမီးဖောနှင့် သုတ်ခြေတင်သွားလိုက်တာ သိပ်မကြာခင်ပဲ ဆိုက္ကားနှင့်ပြန်ရောက်လာသည်ဆိုလျှင်. . .

သမီးကို ဆိုက္ကားပေါ်တင်ပြီး ဆေးခန်းသို့ပြေးခဲ့တော့ ကြားရတာ နားဝမှာ မချမ်းသာ။

"အစ်မကြီးသမီးကို ဆေးရုံအမြန်ပို့မှဖြစ်မယ်၊ အူအတက်ပေါက်တာ"





ဆိုတော့ မျက်ရည်တစ်ဖက် နပ်တစ်ဖက်နှင့် ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ။ နောက်မှ ဘယ်လိုပဲရှင်းရရှင်းရဆိုပြီး သမီးလေးအသက်ဘေးမှလွတ်မြောက်စေရေးအတွက် ဆေးရုံကိုအမြန်ပို့ပြီး သားကိုအကြောင်းကြားရသည်။ သားပြောတဲ့မတ်တပ်စာရှိရုံနဲ့မပြီးဘူး၊ တုံးလုံးစာအတွက်ကြိုရှာထားရမယ်ဆိုတဲ့စကားက ဒီနေရာမှာ တကယ်အသုံးဝင်ပြီ။

ဆေးရုံတက်ပြီဆိုမှတော့ လက်ထဲမှာ ပိုက်ဆံရှိနေမှလေ။ အခုသူ့မလက်ထဲမှာ ပိုက်ဆံက များများစားစားမရှိတာ။ တိုင်ပင်ဖို့ သားကိုပဲ မျှော်နေမိချိန်မှာ ရောက်လာတော့ အူယားဖားယားနှင့်ပါ။

"မေမေ"

"သား"

"ညီမလေး ဘယ်လိုဖြစ်တာလဲမေမေ"

"အူအတက်ပေါက်တာတဲ့ သားရဲ့၊ ငွေက အရမ်းလိုနေပြီ၊ မေမေတို့ ဘာလုပ်ကြမလဲ သား"

ယုံကြည်ချက် တွေခနဲဖြစ်သွားပြီးမှ. . .

"မေမေ ဘာမှစိတ်မပူပါနဲ့၊ ညီမလေးအနားမှာနေပြီး မေမေဂရုစိုက်။ သား ငွေရှာပြီး ပြန်လာခဲ့မယ်"

"အို. . . သား၊ သားက ဘယ်လိုရှာမှာလဲ"

"အဲဒါတွေ မေးမနေနဲ့တော့မေမေ၊ အခုချိန်မှာ အရေးကြီးတာက ညီမလေးရဲ့အသက်ပဲ။ မေမေ ညီမလေးကိုပဲ ဂရုစိုက်ပါ"

"သား"

မေမေခေါ်တာကိုပင် လှည့်မကြည့်နိုင်တော့ဘဲ ယုံကြည်ချက်ထွက်လာခဲ့တော့သည်။ သူ ငွေဘယ်လိုရှာရမလဲ၊ ပေစာထုတ်ထားတဲ့ငွေ



www.burmeseclassic.com

www.burmeseclassic.com



လေးကို မေမေ့ကိုကန်တော့ပြီးပေမယ့် လူတစ်ယောက် ဆေးရုံတက်တယ်ဆိုတာ ဘယ်လိုလုံလောက်မှာတဲ့လဲ။ သူ ဘာလုပ်ရမလဲ။ ဘယ်လိုရှာရမလဲ တွေးရင်းနှင့် အိမ်သို့ပြန်ရောက်လာခဲ့၏။

ရင်ထဲမှာ ပူလောင်သောကတို့ ဖိစီးကာ ဘာလုပ်သင့်သလဲဆိုတဲ့အဖြေက မထွက်ပေ။ အခန်းထဲမှာ လက်ဝါးချင်းဖိပွတ်လိုက်၊ ခေါင်းကုတ်လုက်နှင့် ခေါက်တုံ့ခေါက်ပြန်လျှောက်နေရင်းပဲ အရာတစ်ခုကို ဖျတ်ခနဲသတိရသွားသည်။

ဆွဲကြိုးလေး. . .

ဟုတ်ပြီ။ ကမ္ဘာမီးလောင် သားတောင် ချန်းကြသေးတာပဲလေ။ သူ့ချန်းမှာက သားမှမဟုတ်တာ။ လူမသေ ငွေမရှားတဲ့။ လူ့အသက်ထက် ဘာမှတန်ဖိုးမရှိဘူးလေ။ ယုံကြည်ချက် သူသိမ်းထားသော ဆွဲကြိုးလေးကို ထုတ်ယူလိုက်၏။

"ဒီဆွဲကြိုးလေးက သားရဲ့ဘဝပဲ သား။ အဲဒါကြောင့် ဒီဆွဲကြိုးလေးကို သား သေသေချာချာသိမ်းထားပါ။ ဘယ်လိုအခက်အခဲတွေပဲ ရှိရှိ. . . ပေါင်တာ ရောင်းတာ မလုပ်ပါနဲ့ သားရယ်"

မေမေမှာခဲ့တဲ့စကားကို ပြန်ကြားယောင်မိပေမယ့် မတတ်နိုင်ဘူးလေ။ သူ့ဘဝမှာ ညီမလေးထက် အရေးကြီးတာ ဘာမှမရှိပေ။ ယုံကြည်ချက် ဆွဲကြိုးကို ဘေးလွယ်အိတ်ထဲထည့်ကာ အိမ်ထဲမှထွက်လာခဲ့၏။



## အခန်း (၉)

ဦးသီဟဇော်. . .

မိတ်ဆွေတစ်ယောက်၏မွေးနေ့မှာ မွေးနေ့လက်ဆောင်ပေးဖို့အတွက် လက်စွပ်ပုံဆန်းဆန်းလေးတွေ လိုက်ကြည့်နေသည်။ မွေးနေ့ရှင်က ကိုယ့်မိတ်ဆွေရဲ့သမီးလေးလေ။ မိန်းကလေးဆိုတော့ ပုံလေးဆန်းမှပေါ့။

"အားတော့နာပါတယ် မောင်လေးရယ်၊ အစ်မတို့ဆိုင်က ပြင်ပရွှေ မဝယ်လို့ပါနော်"

"ဒုက္ခပါပဲဗျာ"

"တခြားဆိုင်မှာ မောင်လေး သွားရောင်းလိုက်ပါ"

"ကျွန်တော် အရမ်းအရေးကြီးနေလို့ပါ အစ်မရယ်။ ဆိုင်ကူးရပြောင်းရတာနဲ့ အချိန်က လင့်နေမှာစိုးလို့ပါ။ ဖြစ်နိုင်ရင် အစ်မပဲ ဝယ်ပါဗျာနော်"



www.burmeseclassic.com

www.burmeseclassic.com



"ခက်လိုက်တာကွယ်"

ဆိုင်ရှင်အမျိုးသမီးက သက်ပြင်းချလေ၏။ ဦးသီဟဇော် ဘာရယ်မဟုတ် လှည့်ကြည့်မိတော့ ကောင်လေးက အရပ်မြင့်မြင့် ဗလကျစ်ကျစ်နှင့် တောင့်တောင့်ဖြောင့်ဖြောင့်ရယ်ပါ။ ကလိမ်ကကျစ်လုပ်မည့်ပုံလည်း မပေါ်ပါဘူး။

အင်း. . . လူရိုးနဲ့သူခိုးကို ကြက်ခြေခတ်ပြီး မှတ်သားထားတာမှ မဟုတ်တာ။

"မောင်လေးက ဘောက်ချာလည်း မပါဘူးဆိုတော့ကွယ်"

"ဟို. . . ဘောက်ချာမရှိတာက ဒီပစ္စည်းသက်တမ်းရင့်နေလို့ပါ အစ်မရယ်။ ဒါ ကျွန်တော့်ပစ္စည်းအစစ်ပါ။ ကျွန်တော် ခိုးဆိုးလုယက်လာတာ မဟုတ်ပါဘူး။ အခက်အခဲရှိနေလို့သာ ကျွန်တော်လာရောင်းရတာပါ။ ပစ္စည်းကိုလည်း ကြည့်ပါဦးဗျာ"

ကောင်လေးက ဆွဲကြိုးကိုမြှောက်ပြလေတော့ ဦးသီဟဇော်၏ အာရုံက ဆွဲကြိုးဆီမှာ စူးနစ်သွားလေသည်။ ဆွဲကြိုးက ငါးမူးကျော်လောက်တော့ရှိမည်။ အပြောင်ကြိုးပုံစံလေးဖြစ်ပြီး ငါးကြင်းရုပ်လော့ကတ်သီးလေး ပါ ပါသည့်အပြင်. . .

ငါးကြင်းရုပ်လေးရဲ့မျက်လုံးပုံစံ ကျောက်နီပွင့်လေးက ပတ္တမြားကိုမြှုပ်ထားခြင်းဖြစ်၏။ ဒီကောင်လေး ပတ္တမြားမှန်းတောင် သိမှသိပါရဲ့လား။ ဦးသီဟဇော် ဒီဆွဲကြိုးကို ကောင်းကောင်းမှတ်မိ ရင်းနှီးနေပါသည်။

"အစ်မ မဝယ်ဘူးကွယ်. . . စိတ်မရှိပါနဲ့"

"ဟာ. . . အစ်မရယ်"

"ဒီမှာ ငါ့တူ"





"ဗျာ"

ဦးသီဟဇော် ကောင်လေးကိုခေါ်လိုက်၏။ ဒီဆွဲကြိုးနဲ့ ဒီကောင်လေး ဘယ်လိုပတ်သက်နေသလဲဆိုတာကို သူသိရမှုဖြစ်မည်။ ဒါ သူ့အတွက် အရမ်းအရေးကြီးသည်လေ။

"ငါ့တူရဲ့ပစ္စည်းကို ဦးဝယ်ပါ့မယ်"

"ဗျာ! "

"ဒီပစ္စည်းက ငါ့တူရဲ့ပစ္စည်းဆိုတာ သေချာတယ်နော်"

"သေချာပါတယ်ဗျာ၊ ဒါ ကျွန်တော့်မေမေကိုယ်တိုင် အမြတ်တနိုးနဲ့ တန်ဖိုးထားတဲ့ပစ္စည်းလေးပါ။ ကျွန်တော့်ညီမလေး ဆေးရုံပေါ်မှာ သေရေးရှင်ရေး ဘေးကြုံနေရလို့သာ ကျွန်တော် ဒီပစ္စည်းကို လာရောင်းတာပါ"

ဦးသီဟဇော် ဆတ်ခနဲခေါင်းညိတ်လိုက်ပြီး. . .

"မောင်ရင့်ပစ္စည်းတန်ဖိုးကို ခဏထားပါ၊ မောင်ရင်လိုအပ်တဲ့ငွေကို ဦးထုတ်ပေးမယ်။ မောင်ရင်က ဦးကို တစ်ခုပဲ ပြန်ကူညီပါ"

"ဟုတ်ကဲ့. . . ကျွန်တော် ဘာကူညီရမလဲခင်ဗျာ"

"ဦး. . . မောင်ရင့်အမေနဲ့တွေ့ချင်တယ်"

"ဗျာ! "

ယုံကြည်ချက် ဘာကိုနားလည်ရမှန်းမသိတော့ပေ။ သူ့ပစ္စည်းကို ဝယ်မယ်ပြောပြီး ခဏထားဦးတဲ့။ လိုအပ်တဲ့ငွေကိုကူညီမယ်ဆိုပြီး မေမေနဲ့တွေ့ပါရစေတဲ့။ ဘာတွေလဲ။

"ဦးက မေမေ့ကိုသိလို့လား"

"အဲဒါက မျက်နှာမြင်မှ ဆုံးဖြတ်လို့ရမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



''ကောင်းပြီလေ၊ ဒါဆို ဦး ကျွန်တော်နဲ့လိုက်ခဲ့ပါ''

''ဦးမှာ ကားပါတယ်၊ လာ. . . မောင်ရင်''

ဦးသီဟဇော်က ဦးဆောင်၍ ယုံကြည်ချက်ကို ကားပေါ်တင်ခေါ် လာခဲ့သည်။

''မောင်ရင့်နာမည်က''

''ယုံကြည်ချက်ပါ. . . ဦး''

''ယုံကြည်ချက်. . . ဟုတ်လား''

''ဟုတ်ပါတယ်၊ မေမေက ကျွန်တော့်အပေါ်မှာ ယုံကြည်ချက်တွေ မျှော်လင့်ချက်တွေ ထားခဲ့လို့ဖြစ်မှာပေါ့''

စကားသံတွေ တိတ်ဆိတ်သွားတော့၏။ အတွေးကိုယ်စီနှင့် ငြိမ် သက်နေမိကြခြင်းပါ။

ဒီဆွဲကြိုးမျိုး. . . ဦးသီဟဇော်မှာလည်း တစ်ကုံးရှိသည်၊ ပြီးတော့ တစ်ယောက်သောသူမှာလည်း ရှိနေဦးမှာပါ။ ဒီပုံစံ ဒီကြိုးမျိုး ဆိုဒ်တူ ဂိုက်တူ သုံးကုံးရှိခဲ့သည်သာ။ ဆေးရုံကိုရောက်တော့. . .

''မေမေ''

''သား''

''ညီမလေးအခြေအနေ ဘယ်လိုလဲ''

ပြန်ဖြေဖို့ ပါးစပ်ပြင်ပြီးမှ သားရဲ့နောက်ကို ရောက်လာတဲ့သူဆီ ကို အကြည့်က ရောက်သွားလေလျှင်. . .

''ဟင်!''

''ဝသန်''

ဒေါ်ဝသန် ဆွံ့အသွားသူလို ကြောင်ငေးကြည့်နေရာမှ မျက်ရည်





တွေ ဝေ့တက်လာသည်။ နှုတ်ခမ်းက တဆတ်ဆတ်တုန်လာပြီး. . .

''နင်. . . နင်''

''ဟုတ်ပါတယ်၊ ငါ သီဟပါ ဝသန်၊ ငါ မြန်မာပြည်ကိုပြန်ရောက် ကတည်းက နင့်ကိုလိုက်ရှာနေခဲ့တာပါ''

ဒေါ်ဝသန်မျက်ဝန်းတွေက အစိမ်းရောင်တောက်လို့ နှုတ်ခမ်းကို တင်းတင်းစေ့လိုက်သည်။ သူက ဝသန့်ကိုရှာနေခဲ့တာတဲ့လား။ အခြားနေ ရာမှာသာဆိုလျှင် ဒေါ်ဝသန် ဟားတိုက်ရယ်မောလိုက်ပြီ။ သူက ကိုယ့် ကို ဘာကိစ္စရှာရတာလဲ။ သူနဲ့ကိုယ်က ဘာမှမပတ်သက်တော့တဲ့အတွက် သူရှာရမှာက ဝသန်မဟုတ်ဘူးလေ။

သူရှာရမှာက ၄ဝါကိုပဲမဟုတ်လား။

မရောင်ရာ ဆေးလူးချင်သူကို လက်ညှိုးကောက်ကောက်ထိုးထိုး ပြီး ပက်ပက်စက်စက်ပြောလိုက်ချင်ပေမယ့်. . .

''နင် ဒီကိုဘာလာလုပ်တာလဲ သီဟ''

''နင်နဲ့တွေ့ချင်လို့ ငါလိုက်လာခဲ့တာ''

''နင်နဲ့ငါ ဘာမှတွေ့စရာအကြောင်းမရှိဘူး သီဟ၊ နင်ပြန်တော့၊ ငါနဲ့ဘယ်တော့မှ ပတ်သက်ဖို့ မကြိုးစားပါနဲ့၊ ပြီးခဲ့တာတွေ အစပြန်ဖော် ရင် နင့်ကို ငါသတ်မိလိမ့်မယ်''

''ဝသန်''

''နင်ထွက်သွားနော်''

''ငါရှင်းပြတာကို နားထောင်ပါဦး ဝသန်ရယ်၊ ငါလေ''

''ဘာမှရှင်းပြစရာမလိုဘူး၊ နင့်လိုလူစိတ်မရှိတော့တဲ့လူရဲ့မျက်နှာကို ငါ နောက်ထပ်မမြင်ချင်ဘူး''



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဝသန် ချာခနဲကျောခိုင်းပြီး သားလက်မောင်းကို ဆုပ်ကိုင်လိုက်သည်။ ကိုယ်အသုံးမကျတာကို ဝဋ်ကြွေးလို့သတ်မှတ်ပြီး ဒူးထောက်တောင်းပန်မှာကို ခွင့်လွှတ်လိုက်ရမှာလား။ ဒီသားမျက်နှာကိုမြင်တိုင်း ဒီလူကို သတ်ပစ်ချင်လောက်အောင် မုန်းနေခဲ့တာ တစ်နှစ် နှစ်နှစ် မကဘူး ခဲ့ပေ။

"သား"

"ဗျာ. . . မေမေ"

"ဒီလူနဲ့ ငါ့သား ပတ်သက်စရာအကြောင်းမရှိဘူး။ လာ. . . သွားမယ်"

"ဟို. . . မေမေ"

"ငါ ဒီနေရာမှာ မပေါက်ကွဲချင်ဘူးနော်၊ လာဆိုရင် လာ"

ဒေါ်ဝသန် သားကိုဆွဲခေါ်လာခဲ့၏။

"ဝသန်"

ကမ္ဘာတည်သရွေ့ ပေးပါရစေလို့ ဆုတောင်းခဲ့ပါလျက်နဲ့ ဒီနေ့မှ တိုက်တိုက်ဆိုင်ဆိုင် လာတွေ့ရတယ်လို့။

သီဟရယ်. . . ဝသန်ရယ်. . . ငုဝါရယ်. . .

ဟိုတုန်းကတော့. . .

သိပ်ချစ်ကြတဲ့ သူငယ်ချင်းတွေပေါ့။ ခုတော့ နင့်ကို ငါအရမ်းမုန်းတယ် သီဟ။

* * *



## အခန်း ( ၁၀)

ခါနွေ ဆေးရုံက ဆင်းလာတော့ ကိုကို့လည်ပင်းမှာ ခါနွေ့လည်ပင်းက ဆွဲကြိုးလေးနှင့်တစ်ထပ်တည်းတူနေသော ဆွဲကြိုးလေးကို မြင်လိုက်ရသည်။

"ကိုကို"

"ဟင်"

"ကိုကို့မှာလည်း ခါနွေ့ဆွဲကြိုးမျိုးလေးနဲ့နော်"

ယုံကြည်ချက် ခေါင်းညိတ်ပြလိုက်ပြီး ခါနွေ့ကို ဆန်ပြုတ်တစ်ဇွန်း ခွံ့လိုက်ကာ. . .

"သောက်လို့ကောင်းရဲ့လား"

"အင်း. . . ကောင်းတယ်၊ ကိုကို့လက်ရာလား"

"ဒါပေါ့၊ ညီမလေးအတွက် ကိုကိုကိုယ်တိုင် လုပ်ပေးထားတာ"

"ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



''ပြော''

''ညီမလေးကို ဆေးကုရတာ ပိုက်ဆံတော်တော်ကုန်မှာပဲနော်။ ပိုက်ဆံ ဘယ်ကရသလဲဟင်။ ကိုကို ဘယ်လိုရှာခဲ့တာလဲ''

ယုံကြည်ချက် သက်ပြင်းချလိုက်မိ၏။ ညီမလေးအတွက် ဆေးကုသစရိတ်ကို ဦးသီဟဆိုတဲ့လူက အားလုံးရှင်းပေးသွားတာပါ။ မေမေက လုံးဝလက်မခံပေမယ့် ညီမလေးရဲ့သေရေးရှင်ရေးကိစ္စဖြစ်နေလို့ ယုံကြည်ချက် လက်ခံခဲ့တာ။ သူ့မှာ ယောက်ျားမာနရှိပေမယ့် သူ့မာနက ညီမလေးကို မကယ်နိုင်ဘူးလေ။

ဒါကြောင့်. . . နောင်ခါလာ နောင်ခါချေးဆိုပြီး လက်ခံခဲ့တာ။ အခု ဆွဲကြိုးကိုချပေးတော့လည်း မယူ။ မေမေကတော့ အိမ်လေးကိုပေါင်ပြီး အပ်မည်တဲ့။

''ညီမလေးကြောင့် မေမေနဲ့ကိုကို ဒုက္ခရောက်ကြမှာပဲနော်''

''ဒုက္ခဆိုတဲ့စကားကို ထည့်မပြောနဲ့လေ၊ ကျန်းမာရေးမကောင်းတာ ညီမလေး တမင်လုပ်တာမှမဟုတ်ဘဲ။ ဘာမှလျှောက်တွေးမနေနဲ့။ ညီမလေး ကိုယ့်ကိုယ်ကိုယ် ကျန်းမာအောင်ပဲကြိုးစား''

''ညီမလေး နေကောင်းနေပါပြီ ကိုကိုရဲ့''

''နေကောင်းနေပြီဆိုပေမယ့် ဗိုက်ခွဲထားရတာလေ။ လှုပ်လှုပ်ရှားရှားသိပ်မလုပ်နဲ့. . . ကြားလား''

''ဟုတ်''

ယုံကြည်ချက်က ဖရိုဖရဲကျနေသော ခါးနွေ့ဆံပင်လေးတွေကို သပ်တင်ပေးရင်း ဆိုလေ၏။ ကိုကို့ရဲ့ဂရုစိုက်မှုတွေကြောင့် ခါးနွေ့ရင်ထဲမှာ မကောင်းပေ။ သူမကိုဆေးကုဖို့အတွက် မေမေနဲ့ကိုကို ငွေဘယ်လိုရှာခဲ့





ရသလဲတွေးမိတိုင်း ပြုံးနေရပေမယ့် ရင်ထဲမှာတော့ ခင်နင်နင်နှင့်ရယ်ပါ။

အိမ်ရှေ့ဘက်မှ ကားသံကြားလိုက်ရတော့ နှစ်ယောက်သားမှာ အကြည့်ချင်းဆုံပြီး မျှော်ကြည့်လိုက်မိစဉ် အိမ်ပေါ်ကို တက်လာသူက ဦးသီဟရယ်ပါ။

''ကလေး တော်တော်လေး နေကောင်းသွားပြီလား မောင်ယုံကြည်''

''ဟုတ်ကဲ့၊ လာ. . . ထိုင်ပါ. . . ဦး''

ဦးသီဟ ဝင်ထိုင်လိုက်ရင်း. . .

''ခုလို ကလေးကို ကျန်းကျန်းမာမာနဲ့မြင်ရတော့ ဦး ဝမ်းသာပါတယ်ကွာ''

''ဦးရဲ့ကျေးဇူးကြောင့်ပါ၊ ကျွန်တော် ဦးကိုတွေ့ချင်နေတာနဲ့ ဦးရောက်လာတာ အတော်ပဲ''

''မောင်ယုံကြည်က ဦးကို ဘာကိစ္စတွေ့ချင်တာလဲ''

''ကျွန်တော်တို့ကို ကူညီခဲ့တဲ့အတွက်''

ပြောရင်းက ယုံကြည်ချက် လည်ပင်းကဆွဲကြိုးကို ဖြုတ်ယူလိုက်သည်။ သူများဆီက ကိုယ်တစ်ခုယူလျှင် ကိုယ့်ဆီက တန်ရာတန်ကြေး ပြန်ပေးရမည်ဆိုတာ နားမလည်လို့ရမလား။ စားပြီးနားမလည်အလုပ်က လူ့ကျင့်ဝတ်သိက္ခာနှင့်မှ မညီတာ။

''ညီမလေးရဲ့ဆေးကုသစရိတ်အတွက် ဒီဆွဲကြိုးလေးကို ဦး ယူပါ''

''ဟာ! မဟုတ်တာ မောင်ယုံကြည်ရာ၊ ဦး ဒီလိုလာခဲ့တာ အဲဒီကိစ္စအတွက် မဟုတ်ပါဘူးကွာ''



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်သိပါတယ်၊ ဒါပေမဲ့ ကြွေးဆိုတာ ယူမိရင် ပြန်ဆပ်ရမယ်လေ။ ကျွန်တော်တို့ ကြွေးတင်မခံချင်လို့ပါ"

"မဟုတ်သေးဘူး မောင်ယုံကြည်"

"မဟုတ်လို့မရဘူး၊ နင့်ဆီက အလကား ဘာတစ်ပြားတစ်ချပ်မှ ကူညီပံ့ပိုးတာ ငါမလိုချင်ဘူး သီဟ။ ဒီမှာ နင်စိုက်ထုတ်ပေးထားတဲ့ ငွေ. . . စာရင်းနဲ့အတိအကျပဲ။ ပြန်ယူပါ။ ပြီးရင် ပြန်တော့။ နောက် ငါ့အိမ်ကို နင် ဘယ်တော့မှမလာပါနဲ့"

"ဝသန်"

ဒေါ်ဝသန် ငွေတစ်ထပ်ကို ဦးသီဟရှေ့ကို ပစ်ချပေးပြီး ခပ်တောင့်တောင့် ရပ်နေသည်။

"ငါ့သမီးအသက်ကို ကယ်ခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ငါက ဆဲတာကို ဆန်ချေးနဲ့ထေလိုက်နိုင်မယ် နင်မထင်နဲ့။ ဒီအချိန်မှာ တောင်းပန်ပါတယ်လို့လည်း နင်မပြောနဲ့။ နင့်ရဲ့တောင်းပန်စကားကို တမလွန်က ငုဝါ မကြားနိုင်သလို ကြားနိုင်တဲ့ငါကလည်း ခွင့်မလွှတ်ဘူး။ နင်မှန်တယ်ထင်လို့ ရှေ့စာမျက်နှာကို ကျော်ဖတ်သွားတာ၊ ခုမှ ဘွာခတ်ပြီး နောက်ပြန်လှန်ကြည့်ဖို့ မကြိုးစားနဲ့လေ။ စုတ်ပြဲသွားတဲ့စာမျက်နှာမှာ ပြန်ဆက်လို့မရတဲ့ ရင်နာစေးတစ်ပုဒ်က နင့်မျက်နှာကိုမြင်တိုင်း တံတွေးထွေးပြီး ပါးရိုက်လွှတ်ဖို့ကောင်းတာ"

"ပြောပါ ဝသန်၊ ခုအချိန်မှာ ငါက နင်ထုရင် ကြေ၊ ထောင်းရင် ညက်ရမယ့်ဘဝပါ။ ငါ့ဘက်ကလည်း နင်စဉ်းစားကြည့်ပါဦး"

"ဘာမှစဉ်းစားနေစရာမလိုဘူး သီဟ၊ သူများကိုယ်များ ရှိကြတဲ့အထဲမှာ တို့က နင့်ကို ခြင်းကြားနဲ့ရေသယ်ခိုင်းခဲ့တာမဟုတ်ဘူး။ သဘော





ပျက်တာကို ဖျာစုတ်နဲ့ ဖာခိုင်းခဲ့တာလည်းမဟုတ်ဘူး။ ဆူးပေါ်ကျတဲ့ဖက်ပေါက်လက်စနဲ့ မှောက်မှောက်ပြန်ပြန် ဆူးပေါက်ရာ လူမမြင်အောင် ဖက်မှာပဲ ကပ်နေပေးဖို့ တို့တောင်းဆိုခဲ့တာ"

ဦးသီဟဇော် ဘာဆက်ပြောရမှန်းမသိ ဖြစ်သွား၏။ အချစ်ကိုကိုးကွယ်ပြီး ငါးမရလို့ ရေချိုးပြန်တဲ့အဖြစ်မျိုးကို လက်မခံနိုင်စွာနှင့် လိုချင်တဲ့ငါးမှမရလျှင် ငါးဖယ်ကိုစားပြီး ငါးကြင်းအဖြစ် မနှစ်သိမ့်ချင်သည့်ဆန္ဒနှင့် သူ ငုဝါကိုရက်စက်သလိုဖြစ်ခဲ့သည်။

ချစ်တာက တစ်ယောက်. . .

ငြိစွန်းသွားတာက တစ်ယောက်မို့ ကိုယ့်ကိုယ်ကိုယ် မကျေနပ်ခဲ့။ ပြဿနာကြီးမည်မထင်၍ နိုင်ငံခြားကိုထွက်သွားခဲ့တာသည် သူ နှမချင်းမစာနာ ရက်စက်ရာရောက်ခဲ့ပြီး အခုတုံ့ပြန်မှုရလဒ်တွေက အမုန်းတွေ၊

"အဲဒီအချိန်တုန်းက ငါလည်း ထူပူနေခဲ့တာပါ ဝသန်ရယ်။ ငါ့မှာ အပြစ်ရှိတယ်ဆိုတာကလွဲရင် ငါ့မှာ တုံ့ပြန်ထုချေဖို့ စကားမရှိပါဘူး"

ပြောချင်တာပြော၊ ခံမည်ဆိုတဲ့သဘောပေါ့။

"နင်က ထူပူနေလို့ဆိုတော့ ငုဝါက ရေခဲတုံးဖင်ခုထိုင်ပြီး နင်ပြန်အလာကို စောင့်နေမယ်ထင်လို့လား။ ငုဝါသေရတာ နင့်ကြောင့်"

"ဟုတ်ပါတယ်၊ အဲဒီအတွက်"

"ကြိုက်တဲ့အပြစ်ပေးပါဆိုရင် ငါကတော့ သေမိန့်ပဲ ချ[illegible]တာ။ နင့်မှာ ငွေပေါတိုင်း ငွေနဲ့လမ်းခင်းပြီး ငါ့ကိုပတ်သက်ဖို့မကြိုးစားနဲ့။ နင့်ငွေကိုယူပြီး ပြန်တော့။ နောက်လမ်းကြုံဖြတ်သွားရင်တောင် ငဲ့မကြည့်နဲ့။ လေသံမရှိန်းနဲ့။ အဲဒါ ဘယ်တော့မှမပြင်တဲ့ ငါ့ရဲ့ဆုံးဖြတ်ချက်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဝသန်"

"နင် ထွက်သွားတော့"

ကြမ်းကိုဆောင့်နင်းလို့ ကျိုးကျသွားသလို ဦးသီဟရင်ထဲမှာ နင့်ခနဲ နိမ့်ခနဲဖြစ်သွားသည်။

"ကောင်းပြီလေ၊ နင်သွားဆို ငါသွားပါ့မယ်။ ဒါပေမဲ့ တစ်ခုတော့ ငါ့ကိုရှင်းအောင်ပြောလိုက်ပါ"

ဘာလဲဆိုတဲ့အကြည့်မျိုးက ရောက်လာသည်။ ဦးသီဟ ယုံကြည်ချက်နှင့် ဒါနွေ့ကို လှမ်းကြည့်လိုက်ပြီး. . .

"ဒီကလေးနှစ်ယောက်ထဲက ငါ့သွေးသား ဘယ်သူလဲ"

"ဘာ! "

ယုံကြည်ချက် မေမေ့ကိုလှမ်းကြည့်လိုက်မိတာ အံ့သြခြင်း၊ မယုံနိုင်ခြင်းအငွေ့အသက်တို့နှင့်။ ဦးသီဟနဲ့မေမေက ဘယ်လိုပတ်သက်ပြီး ဘာတွေဆက်နွယ်နေကြသလဲ။

"ငါ့ကလေးက ဘယ်သူလဲ၊ အဲဒါကိုဖြေလေ"

"ဘယ်သူမှမဟုတ်ဘူး"

"ဘာ! "

"နှစ်ယောက်စလုံးက ငါမွေးထားတဲ့ ငါ့သားနဲ့ငါ့သမီး"

"ငဝါ. . . ငါနဲ့ရခဲ့တဲ့ကိုယ်ဝန်ကို နင့်ဆီမှာ လာမွေးသွားတယ်ဆိုတာ ငါသိထားတယ် ဝသန်။ ငါသိပေမယ့် ပြန်မလာခဲ့တာ ငါ့ရင်သွေး နင့်လက်ထဲမှာပဲဆိုပြီး စိတ်ချနေခဲ့တာ"

"ဩော်. . . ခုမှပြန်လိုချင်တယ်ပေါ့၊ ဟုတ်လား"

"နင်ဝန်ခံပြီပေါ့"





ဒေါ်ဝသန် မျက်ဝန်းတွေ မီးထတောက်သွားသည့်နှယ်၊ ဝမ်းနည်းလိုက်တာဆိုပြီး ငိုချရမလား။ မာနကိုအရောင်တင်ပြီး ခေါင်းမော့ နှုတ်ခမ်းမဲ့ပြလိုက်ရမှာလား။

"နင်သိခွင့်မရှိဘူး သီဟ"

"လက်စားချေချင်တယ်ဆိုရင် နင် ငါ့ကိုကြိုက်သလိုလုပ် ဝသန်။ ဒါပေမဲ့ ငါ့ရင်သွေးကိုတော့ ဆင်းရဲတွင်းထဲမှာနှစ်ပြီး လက်စားမချေပါနဲ့"

"ဘာပြောတယ်"

ဒေါ်ဝသန် လက်သီးကို တင်းခနဲဆုပ်လိုက်မိ၏။ ဝမ်းနဲ့မလွယ်သားမမယ်ဆိုပေမယ့် ရှားလှဲ့တံပြဿနာကို သူမ အရင်းအဖျားခွဲခဲ့တာ ဘာမှမရှိပေ။ ငါ့သားငါ့သမီးဆိုပြီး တန်းတူချစ်ခဲ့ ဂရုစိုက်ခဲ့တဲ့စေတနာကို အစော်ကားခံရတာလောက် ရင်နာစရာကောင်းတာလောက် မရှိတော့။

"နင်. . . တို့သားအမိတွေကြားမှာ သွေးထိုးသပ်လျှို လာလုပ်တာလား သီဟ၊ ခုမှ ငါ့ရင်သွေးဆိုပြီး လာဟာစ်နေရအောင် နင် အနှီးတစ်စုတ်တောင် ထွေးဖို့ပံ့ပိုးခဲ့သလား. . . ပြော"

"ငါတာဝန်မကျေခဲ့တာကိုသိလို့ အခုတာဝန်ယူဖို့ မေးနေတာလေ။ ငါ့မှာအမွေဆက်ခံဖို့ မျိုးဆက်မရှိဘူး"

"နင့်ရဲ့ချမ်းသာကြွယ်ဝမှုတွေကို လာမကြွားနဲ့၊ အမွေဆက်ခံမယ့်သူမရှိရင် ရေစက်ချပြီး လှူပစ်လိုက်။ အယူကောင်းရင် နောင်ဘဝ နောင်ခေါင်းနဲ့ နောင်ကိုယ်. . . ဒီထက်မြင့် ဒီထက်တင်ပြီး နင်လုပ်ချင်တာလုပ်ခွင့်ရအောင်"

"ဝသန်"

"မခေါ်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မေမေ"

ယုံကြည်ချက် မေမေ့အနားသို့ရောက်သွား၏။ သူတို့မောင်နှမ က မောင်နှမအရင်း မဟုတ်ကြဘူးတဲ့လား။ ဒီအတွေးက ခုကတည်းက သူ့ကိုနှိပ်စက်နေပြီ။

"ငါတောင်းပန်ပါတယ် ဝသန်၊ ကလေးတွေကို ငါတစ်လှည့်ပြန် ပြီး တာဝန်ယူပါရစေ။ ငါ့ကလေး ဘယ်သူဆိုတာကို နင်မပြောချင်နေပါ၊ နှစ်ယောက်စလုံးကို ငါ တန်းတူ. . ."

"တော်စမ်း!"

"အမှန်တရားကို နင်လက်ခံပါ"

"ငါ မပေးဘူး၊ ငါ့ကလေးတွေကို နင် ဘာနဲ့မှ မမြှူဆွယ်ပါနဲ့။ ငါ့သမီးနဲ့ငါ့သားကို ခွဲထုတ်ရင် ငါ့ရန်သူ"

"ငါကလည်း အဖေတစ်ယောက်လေ"

"မကြားချင်ဘူး၊ ဘာမှထပ်မပြောနဲ့။ ထွက်သွား. . . နင် ခုထွက် သွားစမ်း"

ဒေါ်ဝသန် ဒေါ်ကြီးမောကြီးနှင့် ဦးသီဟကို ရိုက်ပုတ်တွန်းထိုး ထုတ်လေ၏။ သူမရင်ကိုခွဲပြီး အသည်းကိုထုတ်ယူဖို့ ရောက်လာသူကို သူမက ရေကမ်းပြီး ပန်းလိုမွှေးပါစေလို့ ဆုတောင်းမပေးနိုင်။

"ဝသန်"

"မပြောနဲ့. . . ထွက်သွား"

"မေမေ"

"နင် ငါ့ကိုနားလည်ပေးဖို့ ကောင်းပါတယ်ဟာ"

"နင် မသွားသေးဘူးလား"





"မေမေ"

ဒေါ်ဝသန် နံရံမှာ ထိုးစိုက်ထားသောကတ်ကြေးကို ပြေးနှုတ်ယူ သည်။ ခါနွေကတော့ မလှုပ်မယှက်ကလေးထိုင်နေရာမှ ထလည်းမထနိုင်။ ယုံကြည်ချက်က မေမေ့ကိုဆွဲထားပြီး ကတ်ကြေးကိုလုကာ. . .

"မေမေ. . . စိတ်ကိုလျှော့ပါ မေမေရာ"

"ဖယ်စမ်း! သူမရှိမှ အေးမှာ"

"ဦး. . . ကျွန်တော် တောင်းပန်ပါတယ်ဗျာ၊ ဦး သွားပါတော့"

ဦးသီဟ မတတ်သာ၍ နောက်ဆုတ်လိုက်ရသည်။ ဝသန့်စိတ် ကို သူအသိဆုံးပါ။ ဒေါသထွက်ပြီဆို တစ်ဖက်လူကို တစ်ခုခုလုပ်ရမှ ကျေနပ်သူ။

"ငါပြန်ပါ့မယ် ဝသန်၊ သွေးအေးသွားတဲ့အခါ နင်စဉ်းစားပါ။ ကလေးတွေရဲ့အနာဂတ်ကို နင် ရိုက်ချိုးမပစ်ပါနဲ့။ ကျောက်ရိုင်းကို မသွေး ဘဲထားရင် အရည်အသွေးကောင်းတဲ့စိန်ပွင့်ဆိုတာ ဖြစ်မလာဘူး။ ငါက သွေးဖို့ ကွပ်ဖို့ အဆင်သင့်နဲ့စောင့်နေတဲ့သူပါ"

"ကဲ! သွားပါတော့ဗျာ"

ဦးသီဟ ကျောခိုင်းဆင်းသွားခြင်းရဲ့နောက်မှာ ဒေါ်ဝသန် ကတ် ကြေးကိုကျစ်ကျစ်ကိုင်ထားလျက်မှ မျက်ရည်တွေက မိုးသို့နှယ်။

"မေမေ. . . သတိထားပါမေမေရယ်၊ ကတ်ကြေး သားကိုပေး ပါနော်"

ယုံကြည်ချက် ကတ်ကြေးကိုယူလိုက်ရ၏။ အသားတွေ တဆတ် ဆတ်တုန်နေသော ဒေါ်ဝသန် တင်းထားသည့်စိတ်က ပြိုချလိုက်သည် နှင့်. . .



www.burmeseclassic.com

www.burmeseclassic.com



"အဟင့် . . . ဟီး"

"မေမေ"

ဒေါ်ဝသန် သားကိုဖက်ပြီး အားရပါးရ ငိုချလိုက်တော့၏။ မေမေ့ကိုကြည့်ပြီး ခါနေ့မှာလည်း မျက်ရည်စတွေနှင့်။

မေမေမွေးခဲ့တာ ဘယ်သူလဲ . . .။



## အခန်း ( ၁၁ )

"ဘာပဲဖြစ်ဖြစ် ငါ့မျိုးဆက်ကို ငါရအောင်လုပ်မယ်။ သူ့လက်ထဲမှာ ငါ့သွေးသားကို ဒုက္ခမခံစေရဘူး"

"မမထင်တာတွေ စွတ်မလုပ်နဲ့နော်၊ ကျွန်တော့်ကလေး ဘယ်သူ ဘယ်ဝါဆိုတာ သိရသေးတာမဟုတ်ဘူး"

"သိရအောင် ငါလုပ်မယ်"

ဒေါ်ရတနာ့အသံက မာကြောခက်ထန်နေ၏။ ဘယ်တုန်းကမှလည်း မနူးညံ့ မပျော့ပျောင်းခဲ့ပေ။ မာနနှင့် သန္ဓေတည်၊ မာနကို စား၊ မာနတွေကြားမှာ မွေးဖွားလာသလားလို့ မေးယူရလောက်အောင် ရှုံ့မှုန်း မှုန်နေခဲ့သော ဒေါ်ရတနာ။ သူမနှင့်တန်သည့် ယောကျ်ားမတွေ့ဖူးသေးဘူး အထင်နှင့် . . .

လက်မထောင်ပြီး ဘယ်သူ့ကိုမှ တူသည်တန်သည်မထင်ခဲ့လို့ ယခုထိတိုင် အပျိုကြီးဘဝနှင့် ရပ်တည်နေခဲ့သူ။



www.burmeseclassic.com

www.burmeseclassic.com



"ငါဆိုတဲ့အတ္တနဲ့ ဝသန့်ရှေ့မှာ လက်မတော့ သွားမထောင်ပါနဲ့ မမ။ ကိုယ့်သွေးသားက သူ့လက်ထဲမှာ"

"သူက ဘာကောင်မမို့လို့ ကြောက်နေရမှာလဲ။ နှစ်ယောက်ရှိ တစ်ယောက်ဖွဲ့ခေါ်လိုက်။ သူ့ဆီက မြည်သံထွက်လာလိမ့်မယ်။ အဖြေမှန်ရဖို့ သူ့ရှေ့မှာ ရက်စက်သင့် ရက်စက်ပြရဦးမယ်"

"မမ"

"သားလုပွဲပြဿနာလို တို့က ဘီလူးဆိုင်းတီးပြီး ခြေနှစ်ဖက်ကို အမိအရဆွဲသင့်ဆွဲရမှာ"

"အဲဒီလိုလုပ်ရင် ထိခိုက်ခံစားရမှာက ကလေးတွေ"

ဒေါ်ရတနာ ခပ်လှလှပြုံးလိုက်ရင်း. . .

"ဘာဖြစ်လဲ၊ အသားလိုချင် အရိုးကိုအရင်ကိုက်ပြရမှာပဲ။ တို့လက်ထဲကို တစ်ယောက်ရောက်လာတာနဲ့ ဒီမိန်းမ မျောက်မီးခဲကိုင်မိသလို ဖြစ်မှာ။ သူ့မှာ မိခင်စိတ်ဓာတ်အပြည့်ရှိတယ်ဆိုရင် အကြွင်နာတွေ သမုဒယတွေ ခဏထား. . . လောလောဆယ် မသိချင်ယောင်ဆောင်ပြီးတော့ အန္တရာယ်နှုတ်ခမ်းသားပေါ် တင်ပေးလိုက်။ ဘာဆိုတာ အဖြေမှန်ထွက်လာလိမ့်မယ်"

"တင်နိုင်းပြီဆိုကတည်းက အန္တရာယ်နှုတ်ခမ်းပေါ်၊ မတော်လို့ ခြေချော်လက်ချော်ဖြစ်သွားရင် ဘယ်လိုလုပ်မလဲ။ မမမို့လို့ ဒီလိုအတွေးမျိုး တွေးရက်တယ်။ ဘာလဲ. . . ကျွန်တော်က လူငှားပြီး ကိုယ့်သွေးမဟုတ်ဘူးအထင်ရှိတာကို သတ်နိုင်းရမှာလား"

"သဏ္ဌာန်လုပ် သရုပ်တူရုံပါ"

"တစ်ဖက်ကလည်း ပါးစပ်ထဲ လက်ညှိုးထည့်ပေးတောင် မကိုက်





တတ်တဲ့ ငတုံးငအ မဟုတ်ဘူး မမ။ မမရဲ့အတွေးအခေါ်တွေက ကလေးဆန်လွန်းပါတယ်"

တကယ့်ကိုပဲ ကလေးဆန်လွန်းသည့်အတွေးအခေါ်ပါ။ ပြောလိုက်တာလွယ်ပေမယ့် လုပ်ဖို့ခက်တဲ့စီမံကိန်းကိုမှ ရေးဆွဲနေတာ ရုပ်ရှင်ဆန်ဆန်။ ဒါ ရုပ်ရှင်ရိုက်နေတာမှမဟုတ်တာ။ အမြဲတမ်း ပြဿနာဖြစ်ပြီဆို သွေးဆူလွယ်သည့်မမတစ်ယောက်က. . .

လုပ်ချင်တာကို စွတ်လုပ်တတ်သူ။ အဲဒါကြောင့်ပဲ သူ့ဘဝမှာ ဖျက်မရတဲ့အမှားတွေ ထပ်ဆင့်နေခဲ့တာ။

"ဒီကိစ္စမှာ မမ လုံးဝဝင်မပါပါနဲ့"

"ဘာ! သီဟ"

လှည့်လာတဲ့ကိုယ်လုံးက သရဲကားထဲက နာနာဘာဝတွေထက်ပင် မြန်သေးသည်။

"နင့်ကိစ္စမှာ ငါစီမံခွင့်မရှိတော့ဘူးလား"

"မမမွေးလိုက်သမျှ ဂြိုဟ်ဝင်လာပြီဆိုရင် ဘယ်ဓားကိုပဲထမ်းကျော်ကျော် နလန်မထူအောင် ခိုက်တတ်လွန်းလို့ အေးအေးဆေးဆေးပဲနေပါ"

"သီဟ"

ဒီလိုပြောရင် ဒီအသံထွက်မယ်မှန်း သိသိနဲ့ပြောရတာ ကိုယ့်အကြောင်းနဲ့ကိုယ်။ ဝသန်ကလည်း မာနမင်းသမီးပေပဲမို့ မတူညီတဲ့ပုံတွေ ပွတ်တိုက်ပြီး တောမီးလောင်ရင် ကြားထဲက လောင်ကျွမ်းခံရမှာက ကလေးတွေ။

"နင်က ငါ့ကို ဂြိုဟ်ကောင်မကြီးလို့ ပြောလိုက်တာလား"

"အဲဒီသဘောသက်ရောက်သွားရင် ခွင့်လွှတ်ပါမမ။ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ပြောချင်တာက ကျွန်တော် ဆယ်ကျော်သက်ကလေး မဟုတ်တော့ဘူး။ ကိုယ့်ရေးကိုယ်တာကိစ္စတွေမှာ ကိုယ်ပိုင်ဆုံးဖြတ်ပါရစေ''

''ဘာလဲ. . . အစာဝလို့ ရင်ဝကိုခြေစုန်ကန် ထွက်ချင်တာလား သီဟ။ ငါအသက်ရှင်နေသရွေ့ နင် ငါ့လောင်းရိပ်အောက်ကနေ ခွဲထွက်ဖို့ မကြိုးစားနဲ့''

ကိုယ်ပြောချင်တာက တစ်မျိုး၊ သူဆိုလိုတာက တစ်ခြားဖြစ်နေပြီ။ ငယ်ငယ်ကတည်းက ဒီမောင်ကိုချစ်တဲ့ မမစကားကို တစ်သွေမတိမ်း လိုက်နာခဲ့မိလို့ မြွေပါလည်းဆုံး၊ သားလည်းဆုံးဖြစ်ခဲ့ပြီးပြီ။

''မမသတ်လို့ ကျွန်တော့်နှလုံးသား သေခဲ့ပြီးပါပြီ။ ဒီတစ်ခါ ဘဝမသေပါရစေနဲ့''

''ဘာ! ''

ဘာသံအဆုံးမှာ ဦးသီဟ လှေကားခြေရင်းကိုရောက်သွားပြီ။ အခုအချိန်မှာ ဝသန်ရဲ့အုပ်ထိန်းမှုအောက်က ကလေးနှစ်ယောက်သည် သူ့ဘဝဖြစ်နေခဲ့ပြီ။



## အခန်း ( ၁၂)

စွမ်းထက်က မကြေပွဲနွှဲဖို့ စိန်ခေါ်တာ တစ်ယောက်ချင်းမဟုတ်ပေ။ ခါနွေနှင့်ယုံကြည်ချက်ကို ဝိုင်းထားကြတာ အားလုံး လေးယောက်ပါ။ ယုံကြည်ချက် မကြောက်ပေမယ့် ခါနွေ့ကိုစိုးရိမ်နေမိသည်။ ခါနွေက စိတ်လိုက်မာန်ပါ လုပ်လိုက်ရင် ဆေးရုံမှာ ခွဲစိတ်ခံထားရတာ ဘာကြာသေးလို့လဲ။

စွမ်းထက်က ခါနွေ့ကိုဆွဲခေါ်သွားနိုင်ဖို့ကိုပဲ ကြိုးစားနေပြီး ကျန်တဲ့သုံးယောက်ရဲ့အာရုံတွေက ယုံကြည်ချက်ဆီမှာ။

''ဘယ်လိုလဲ လူစွမ်းကောင်းကြီး၊ မင်း ခါနွေ့ရှေ့ကနေ အေးအေးဆေးဆေးဖယ်ပေးမလား။ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ခါနွေ့ကိုရအောင် ခေါ်သွားရမလား''

''မင်းတို့ သတ္တိရှိရင် ယောကျ်ားချင်း ယှဉ်ပြော ပြီးမကိုတော့ မထိနဲ့''



www.burmeseclassic.com

www.burmeseclassic.com



"မထိလို့တော့ မရဘူးလေ၊ သူ့ညီမကိုလိုချင်လို့ သူ့အစ်ကိုကို အရင်ရှင်းရမှာ စိတ်တော့မကောင်းပါဘူး"

"စွမ်းထက်. . . နင် ယောက်ျားမဟုတ်ဘူးလား၊ ကိုကို့ကို နင်တို့ ဘာမှမလုပ်နဲ့နော်။ အုပ်ဖွဲ့ပြီးမှ မိုက်ရဲတာ ခွေးတွေရဲ့အလုပ်။ နားလည်လား"

"ညီမလေး"

ယုံကြည်ချက် ခါခွေ့လက်ကို ဖိဆုပ်လိုက်၏။ ဖြစ်နိုင်လျှင် အခြားအရပ်ကို တွန်းပို့လိုက်ချင်သည်။

"ကိုကို ဘာပဲဖြစ်ဖြစ် ညီမလေး ဝင်မပါပါနဲ့"

"မပါလို့ဖြစ်မလား ကိုကိုရဲ့"

"ညီမလေး"

ယုံကြည်ချက် နှုတ်ခမ်းကိုတင်းတင်းစေ့ကာ မျက်နှာတင်းလိုက်တော့ ခါခွေ့ ငိုချင်သွားသည်။

"ကဲ! ကြားတယ်၊ နင် ငါနဲ့အေးအေးဆေးဆေးလိုက်ခဲ့ပါလား ခါခွေ့။ နင့်အစ်ကိုကို မိမွေးတိုင်းဖမွေးတိုင်း ရှိစေချင်တယ်ဆိုရင်ပေါ့။ ငါက နင့်ကို တင့်တောင်းတင့်တယ်နဲ့ လက်ထပ်ယူမှာပါဟာ"

"နင် ခွေးစကားမပြောနဲ့ စွမ်းထက်"

"ငါ ခွေးဆိုရင် နင် ခွေးမယားဖြစ်ဖို့ကို စဉ်းစားထား"

"အေး. . . နင့်လိုကောင်ကိုယူမယ့်အစား ငါ ခွေးကိုပဲ တိုက်ပုံဝတ်ပေးပြီး လက်ချင်းချိတ်လိုက်မယ်။ သိလား"

"စွမ်းထက်. . . ကြားတယ်ကွာ. . . ဆွဲ"

ပြောရင်းနှင့် ယုံကြည်ချက်ဆီသို့ ပြေးဝင်လာကြသည်။ ယုံကြည်





ချက် ခါခွေ့ကိုတွန်းဖယ်လိုက်ပြီး. . .

"ခွပ်!"

"ရှော. . ."

"ဖောင်း!"

"အ!"

"ဒုတ်!"

"အင့်!"

"ကဲ. . ."

အခြေအနေက ရှုပ်ထွေးသွားသည်။ ယုံကြည်ချက် သုံးယောက်တစ်ယောက် တိုက်ခိုက်နေချိန်မှာ စွမ်းထက်က ခါခွေ့ကိုဆွဲခေါ်နေသည်။

"လူယုတ်မာ. . . လွှတ်"

"လာစမ်းပါ"

"သူတောင်းစား. . . ကဲ"

"ဖြန်း. . ."

"ဟာ!"

ခါခွေ့ စွမ်းထက်ပါးကို ရိုက်ချပစ်လိုက်၏။ စွမ်းထက် ပါးကိုပွတ်ပြီး ခါခွေ့ကိုပြန်ဆွဲသည်။

"အမယ်လေး. . . ဟဲ့! မလုပ်ကြနဲ့"

ဒေါ်ဝသန် သားနဲ့သမီးတို့အဖြစ်ကို မြင်လိုက်ရပြီး ဆွဲခြင်းကိုပစ်ချကာ ပြေးသွားလိုက်၏။

"ဟဲ့! ရပ်ကြစမ်း၊ လာကြပါဦး. . . လာကြပါဦး"

"မေမေ. . . မလာနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ယုံကြည်ချက် မေမေ့ကိုလှမ်းတားလိုက်ချိန်မှာ အငိုက်မိလျက်

"ဒုတ်!"

"အင့်. . ."

နောက်သို့ယိုင်ထွက်သွားသည်နှင့် တစ်ယောက်က လက်ကိုနောက်ကနေ ချုပ်ပေး၏။ တစ်ယောက်က သူ့ဗိုက်ဆီသို့ လက်သီးကိုပစ်သွင်းလေလျှင် ယုံကြည်ချက်က အားနှင့် နောက်ကလူကို လှည့်ပေးလိုက်တော့ အချင်းချင်းထိုးမိသွားကာ. . .

"ရှော့"

"အား. . ."

"ဖောင်း!"

"ကဲ"

"ခွပ်!"

ယုံကြည်ချက် သူတို့လက်ထဲကနေ လွတ်ထွက်သွားပြီး လက်တွေခြေထောက်တွေ အဆက်မပြတ်လှုပ်ရှားနေရ၏။ လဲကျနေတဲ့တစ်ယောက် ကုန်းထလာတော့ ဓားရောင်က ဝင်းခနဲလက်သွားလေလျှင် ဒေါ်ဝသန်မျက်လုံးများ ပြာဝေသွား၏။

"သား. . . သတိထား"

ပါးစပ်ကလည်း လှမ်းသတိပေးသလို လူကလည်း သားဆီသို့ ပြေးသွားမိ၏။ အနားကိုရောက်လို့ သားရှေ့ကိုဝင်လိုက်တာနှင့်. . .

"ကဲ!"

"သား"

"စွပ်!"





"အား. . ."

"ဟင်!"

ယုံကြည်ချက် မေမေ့အော်သံကြောင့် စိုးရိမ်စွာ လှည့်ကြည့်လိုက်တော့ ကမ္ဘာကြီးသည် အိုးထိန်းစက်သို့ ချာချာလည်သွားသည်။ မေမေ့ရင်ဝမှာ ဓားတန်းလန်းနှင့်ပါ။

"မေမေ"

"မေမေ"

မေမေ့ကို သူပြေးပွေ့လိုက်စဉ် ခါနွေလည်း အနားသို့ရောက်လာလေသည်။

"မေမေ"

"မေမေ"

စွမ်းထက်တို့အဖွဲ့ ပထမတော့ ကြောင်နေကြပြီး နောက်တော့ ထွက်ပြေးကုန်၏။ ရာဇဝတ်ဘေးဆိုတာ ပြေးမလွတ်ပါဘူး။

"ကိုကို. . . မေမေ့ကိုလုပ်ပါဦး၊ ကယ်ပါဦး ကိုကိုရဲ့"

"သ. . . သား"

"မေမေ"

ဒေါ်ဝသန် သားမျက်နှာကိုမော့ကြည့်ရင်း မျက်ရည်တွေ ကျလာသည်။ နာကျင်မှုဝေဒနာကြောင့် မျက်နှာမှာ ရှုံ့မဲ့သွားရပေမယ့် ပြောချင်သည့်စကားတွေကို အားမွေးညှစ်ထုတ်နေ၏။

"သား"

"မေမေ"

"မေမေ့ကို သား ဆေးရုံပို့ပေးမယ်၊ မေမေ ဘာမှမဖြစ်စေရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မ. . . မပို့နဲ့ မေ. . . မေ ပြောတာကို နား. . . နားထောင်"

"မေမေ"

မေမေ့လက်ကလေးကို ဖျစ်ညှစ်ဆုပ်ကိုင်ထားရင်း မျက်ရည်တို့က တားမရဆီးမရနိုင်စွာ။

"ကို. . . ကိုသီဟက"

"မပြောပါနဲ့မေမေ၊ မေမေ မပြောပါနဲ့"

"မ. . . မပြောလို့ . . . မဖြစ်. . . ဘူး. . . သား၊ သူ. . . သူက"

"မေမေ"

မျက်ရည်တွေကြားမှ ခါးစွေ့နှင့်အကြည့်ချင်းဆုံသွားသည်။ မသိချင်တဲ့ကိစ္စတစ်ခုကို မေမေ မဖြစ်မနေပြောတော့မည်ဆိုတာ သိ၏။ ဘယ်သူက ဦးသီဟရဲ့ရင်သွေးလဲ။

"သူ. . . သူက . . . သား. . . သားရဲ့အဖေရင်းပါ"

"ဗျာ! "

"ဟင်! "

"အ. . . သား. . . သားရဲ့မေမေက . . . ငှ. . . ငှဝါပါ။ မေ. . . မေမေက သားကို. . . မွေး. . . မွေးစား. . . "

မျက်နှာလေးတစ်ချက်မဲ့သွားပြီး ဒေါ်ဝသန် ဇက်ကလေး စောင်းကျသွားလေ၏။ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာ ပြောင်းလဲသွားသောခန္ဓာကိုရှု၍ ဘယ်လောက်တရားကျဖို့ ကောင်းပါသလဲ။

ဩော်. . . မတည်မြဲခြင်းတရားတွေက စောစောက ဒေါ်ဝသန်သည် ဈေးခြင်းကို လက်မှာချိတ်ပြီး လျှောက်လာတာ လူကောင်းပကတိ။ အခုကျတော့. . .





"မေမေ"

"မေမေ"

"ဖြစ်ရလေ မေမေရယ်"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၃)

မေမေ့အသုဘကိစ္စကို ဦးသီဟကပဲ ဦးဆောင်၍ အစစအရာရာ ကူညီဆောင်ရွက်ပေးခဲ့သည်။ ကိုယ့်အဖေဆိုတာ သိနေပေမယ့် ယုံကြည်ချက် ဘယ်တော့မှဖွင့်မပြောဖို့ ဆုံးဖြတ်ထား၏။ ခါနွေ့ဘဝမှာ သူမရှိလို့ မဖြစ်ဘူးလေ။ သူက ခါနွေ့ရှေ့မှာ တောင်တန်းကြီးသဖွယ် မားမားမတ်မတ် ကာဆီးရပ်တည်ပေးရဦးမှာ။

ဒါပေမဲ့. . . သူ့ဆုံးဖြတ်ချက်တွေကို ခါနွေကိုယ်တိုင်ပဲ ရိုက်ချိုးဖျက်ဆီးခဲ့သည်ဆိုလျှင်. . .

"သား"

ဦးသီဟ မျက်နှာချင်းလာဆိုင်တာနှင့် ယုံကြည်ချက် မျက်နှာလွှဲထားမိသည်။ ရင်းနှီးနွေးထွေးတဲ့အငွေ့အသက်တွေကို မခံစားချင်လို့ပါ။

"ဖေဖေ့ကို သားရှောင်နေတာလား"

"ဟင်"





သူသိနေပြီပေါ့။

"သားနဲ့ဖေဖေ ဆွေးနွေးစရာရှိတယ် သား"

"ကျွန်. . . ကျွန်တော် ဦးရဲ့သားမဟုတ်ဘူး"

ဦးသီဟ ပြုံးလိုက်ပြီး ယုံကြည်ချက်မျက်နှာကို လိုက်ကြည့်ကာ

"ခါနွေပြောပြလို့ ဖေဖေ အားလုံးသိပြီးပြီ သား။ မောင်နှမအရင်းမဟုတ်ကြဘူးဆိုကတည်းက သားနဲ့ခါနွေ အတူနေကြဖို့ မသင့်တော်ကြတဲ့အကြောင်းပါ ခါနွေက ပြောတယ်။ အဲဒီတော့ သား ဖေဖေနဲ့လိုက်ခဲ့ပါ"

"မဖြစ်ဘူး၊ ကျွန်တော် ခါနွေ့ကို ဘယ်လိုမှပစ်မထားခဲ့နိုင်ဘူး"

"ဖေဖေက ပစ်ထားခဲ့ဖို့ ပြောနေတာမဟုတ်ဘူး သား။ သားနဲ့ ခါနွေ သူစိမ်းဆိုတာကို သိနေကြပြီးမှ ဘယ်လိုလိပ်ပြာလုံစွာနဲ့ အတူနေကြမလဲ။ ပတ်ဝန်းကျင်ကလည်း တစ်စွန်းတစ်စ သိနေကြပြီဆိုတော့ အမြင်မတင့်တယ်တော့ဘူး။ သား ဘေးကနေ စောင့်ရှောက်လို့ရပါတယ်ကွာ"

ယုံကြည်ချက် ငိုင်တွေသွားရ၏။ တစ်သက်လုံး အတူနေလာကြပြီးမှ သူစိမ်းဆိုတာကြီးက ခွဲခွာခြင်းအတွက် အနားသတ်မျဉ်းဖြစ်နေပြီလား။ ပြီးတော့ ခွဲခွာဖို့ဆိုလျှင် လေသံတောင် မကြားချင်လောက်အောင် သံယောဇဉ်ကြီးက နိုင်မာခဲ့ပြီးသားပါ။ ခါနွေ့ဘဝ လုံခြုံသွားလို့ သူ ပလက်ဖောင်းကို ခေါင်းအုံးအိပ်ရလည်း မဆန်းပေမယ့်. . .

အခု. . . ကိုယ်က ရွှေဘုံပေါ် ခုန်တက်ပြီး လက်ယက်ခေါ်နေးထဲမှာ မျက်ရည်စက်လက်နဲ့ ကျန်ခဲ့ရမယ့်ခါနွေက မိန်းကလေး။

"ငါးခုံးမရတုန်းကအတူတူ၊ ငါးခူရမှ ခွဲခြားထားခဲ့တာမျိုး ကျွန်တော်မဖြစ်ချင်ဘူး။ ကျွန်တော်က သူဌေးသားဖြစ်လို့တိုက်ပေါ်မှာ စိမ်ခံ



www.burmeseclassic.com

www.burmeseclassic.com



ပြီး ခါနွေ့ကျတော့ ဒီလိုဆင်းရဲသားရပ်ကွက်ထဲမှာ ဖြစ်ချင်ရာဖြစ် ပစ်ထားခဲ့ရင် ကျွန်တော် လူမဟုတ်တော့ဘူး''

''ဒါဆို သားကို ဖေဖေ တစ်ခုမေးမယ်''

''ဘာမေးမှာလဲ''

ဦးသီဟ သားကိုစိုက်ကြည့်ပြီး လေးနက်သောအသံဖြင့်. . .

''သား. . . ခါနွေ့ကို လက်ထပ်မလား''

''ဗျာ!''

မေးလိုက်သည့်မေးခွန်းအတွက် ပထမတော့ ကြောင်သွားသည်။ နောက်တော့ ချက်နှာတစ်ပြင်လုံး ရှိန်းခနဲပူနွေးသွား၏။ သူစိမ်းဆိုတာကို မဖြစ်မနေ လက်ခံလိုက်ရသည်ရှိသော် ဒီအတွေးမျိုး သူမတွေးခဲ့မိပါပေ။ အမေးရက်ပေခြင်းဟု အပြစ်တင်ခက်အောင် တစ်ဖက်က အမေးသည်လည်း မေးသင့်မေးလိုက်သည့် အမှန်တရား၏ဘက်တော်သားသာ။

''မခွဲနိုင်လောက်အောင် ချစ်တယ်ဆိုရင် မခွဲရဖို့က ဒီတစ်နည်းပဲရှိတယ် သား''

''ဒါပေမဲ့''

''သားတို့ရဲ့အတွင်းစိတ်က ဘယ်လိုပဲ ရိုးသားပါတယ်ပြောပြော ပါခနွေ့ ပတ်ဝန်းကျင်ရဲ့လက်ညှိုးတွေက ကာလာပြောင်းပြီး နားရွက်ပြောင်း နှာခေါင်းတပ်ရင် အရှက်ရမှာက ခါနွေ။ ဒါကြောင့် သူများလက်ညှိုးမထိုးခင် ကိုယ့်ကိုယ်ကိုယ် ပြောင်းလဲပစ်နိုင်သလားလို့ပါ''

''အဲဒီလိုလုပ်ဖို့ကျတော့လည်း ကျွန်တော် လိပ်ပြာမသန့်ဘူး''

''ဖေဖေ့ကို ဖေဖေလို့ပဲခေါ်ပါ သား။ ဒီအတိုင်း ပြောနေရတာ ဘာလိုမှန်းမသိနဲ့ အားမရှိဘူး''





ကြော်ငြာဖြတ်ဝင်တော့ ယုံကြည်ချက် ခေါင်းညိတ်လိုက်သည်။ ကောင်းကောင်းဆိုးဆိုး မိဘက မိဘပဲလေ။ အရင်က မေမေဆိုတဲ့ မဏ္ဍိုင်တစ်ခု မတ်မတ်စိုက်ထူခဲ့ပေမယ့် အခု ပြိုလဲသွားခဲ့ပြီ။ လစ်ဟာသွားတဲ့ ကွက်လပ်မှာ ကြိမ်တစ်ချောင်းကလည်း ခပ်နွဲ့နွဲ့တော့ စိုက်ထူထားနိုင်သေး၏။

''ဘာလိပ်ပြာမသန့်စရာရှိလဲ သားရယ်၊ သားက မိသားဖသား ပီပီ လက်ထပ်ပြီး ပတ်ဝန်းကျင်အသစ်မှာနေရမှာ''

''အခြေအနေတစ်ခုကို ချက်ချင်းပြောင်းလဲပစ်ဖို့ဆိုတာ မလွယ်ဘူးဖေဖေ။ အဓိကက ခါနွေပဲ''

''ခါနွေလည်း သားကိုချစ်တာပဲ မဟုတ်လား''

''ချစ်တာမှန်ပေမယ့် မတူကြဘူးလေ၊ ကျွန်တော်လည်း ဒီအတိုင်းပဲ၊ ခါနွေက မိန်းကလေးဆိုတော့ ပိုဆိုးမှာ''

ဦးသီဟ သက်ပြင်းချလေ၏။ ကိုကိုရေ၊ ညီမလေးရယ်နဲ့ သွေးသားအရင်းဆိုပြီး ဖက်လှဲတကင်းနေလာခဲ့ကြပြီးမှ ပြုန်းခနဲပြောင်းလဲသွားတဲ့ အခြေအနေတစ်ရပ်ပေါ်မှာ လက်ကလေးကိုဆုပ်ကိုင်ပြီး အားပေးရတာ ဟောင် သို့လောသို့လော အတွေးတွေနှင့်ပါ။

''အရင်ကနဲ့မတူတဲ့ ဆက်ဆံရေးအပေါ်မှာ သား စိတ်မကောင်းဖြစ်နေသလား''

''ကျွန်တော့်အပေါ် ခါနွေ စိမ်းသွားတာတော့ သိသိသာသာပဲ''

''အဲဒါပဲ သား''

''ဗျာ''

ပန်းကိုပုတ်လိုက်တော့ ယုံကြည်ချက် နားမလည်နိုင်ဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ ဘာကိုပြောချင်တာလဲ"

"သူ့စိတ်ထဲမှာ သားကို သူစိမ်းဆိုတဲ့အသိတစ်ချက်နဲ့ ရင်းနှီးပတ်သက်မနေချင်တော့ဘူးလေ။ ဒါကို အရင်လိုအတူနေပါ့မယ်ဆို ဘယ်လိုဖြစ်နိုင်မှာလဲ။ ခါနွေ့ဘက်က လက်မခံနိုင်ဘူးဆိုတာကိုလည်း ဖေဖေ အတတ်ပြောနိုင်တယ်။ သားဖုံးထားချင်တဲ့ကိစ္စကို သူက ဖော်လိုက်တယ်ဆိုကတည်းက သဘောပေါက်ရမှာ"

"လောလောဆယ်အဖို့မှာ သား မဆုံးဖြတ်ပါရစေနဲ့"

သားဆိုတဲ့အသုံးအနှုန်းကြောင့် ရင်းနှီးမှုလေးတော့ ပိုသွားသည်။ မခေါ်ချင်လို့သာရမယ်၊ မတော်ချင်လို့မှ မရတာ။

"အေးလေ. . . သားဆုံးဖြတ်နိုင်တဲ့တစ်နေ့ ဘာဖြစ်ချင်တယ်ဆိုတာပဲပြောပါ။ ဖေဖေ့ဘက်က မိဘဝတ္တရားအတိုင်း ဆောင်ရွက်ပေးဖို့ အသင့်ပါ"

"ကျေးဇူးတင်ပါတယ်"

"သားအဖချင်းကိုကွာ"

ဦးသီဟ အပြုံးနှင့်ဆိုလိုက်ပေမယ့် ယုံကြည်ချက်ကတော့ မပြုံးနိုင်ပေ။ အခက်ကြီးကြုံ ရတက်မီးပုံ ပွားနေရသည်က ခါနွေ့အတွက်ပါ။ အဖြစ်မှန်တွေသိနေကြပြီဆိုတော့ ညီမလေးလိုလည်း ဆက်ပြီးစောင့်ရှောက်ဖို့မသင့်တော်၊ သူစိမ်းပြင်ပြင်ကြီးလိုလည်း ပစ်မထားရက်။ အရွယ်ကလည်း သုံးနှစ်သာကွာတော့ ပိုဆိုးတာပေါ့။

ဖေဖေ အပြင်ကိုထွက်သွားတော့ ယုံကြည်ချက် ခါနွေ့ကိုလိုက်ရှာမိသည်။ ခါနွေ သူမအခန်းထောင့်လေးမှာ ထိုင်နေတာကို အခန်းပြင်ဘက်ကနေ မြင်ရပြီး၊ ခြားထားတဲ့စည်းတစ်ချက်ကြောင့် ခါတိုင်းလိုမျိုး





ယုံကြည်ချက် ဝင်မသွားရဲပေ။ ဟိုတုန်းကတော့ ညီမလေး စိတ်ကောက်ပြီး အခန်းထဲမှာ ခွေနေလျှင် သူဝင်ချော့ခဲ့သလို သူ့အခန်းထဲကိုလည်း ညီမလေးက ဝင်ခဲ့သည်သာ။

ခုတော့. . .

"ညီမလေး ခါနွေ"

ခါနွေ အပြင်ကခေါ်သံကြောင့် ခေါင်းလေး မတ်သွားသည်။

"ညီမလေး. . . ကိုကိုခေါ်နေတယ်လေ"

ကြားပေမယ့် ခါနွေ မထူးမိပေ။

"ညီမလေး"

". . ."

"အဲဒီလိုကြီးမနေပါနဲ့ ညီမလေးရယ်၊ အပြင်ကိုထွက်ခဲ့ပါဦးလား ညီမလေးရဲ့။ ကိုကိုပြောစရာရှိလို့ပါ. . . ထွက်ခဲ့နော်"

ခါနွေ ထရပ်ပြီး အပြင်သို့ထွက်လာခဲ့၏။ ဘာတွေများ ပြောစရာရှိလို့လဲ။ ဟိုတုန်းကတော့ သူက ခါနွေ့ရဲ့ကိုကို။ ခုကျတော့ သူနဲ့ သူစိမ်းတွေဆိုတော့ ခါနွေ သိပ်ပြီး မရင်းနှီး မပတ်သက်ချင်တော့တာ အမှန်။

သူပဲ ပြောခဲ့တာလေ. . .

မိန်းကလေးဆိုတာ ကိုယ့်အဖေရင်း အစ်ကိုရင်း မောင်ရင်းက လွဲရင်း ဝမ်းကွဲရှိတောင် မယုံနဲ့တဲ့။ ယောကျ်ားဆိုတာ ကျားသတ္တဝါတွေ မြက်စားပြီး ဥပုသ်စောင့်တဲ့ကျား မရှိဘူးလို့ သူပဲပြောခဲ့တာပါ။ အခု သူ့ကိုရော ခါနွေ ဘယ်လိုယုံရမှာလဲ။ ဒါပေမဲ့ တွယ်ငင်ခဲ့သည့်သံယောဇဉ် လက်ကျန်နှင့်မို့။

"ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



''ခါနွေ. . . ညီမလေး'

''ကိုကို. . . ခါနွေ့ကိုဘာပြောစရာရှိလို့လဲ''

ယုံကြည်ချက် ပြုံဖျော့ဖျော့ဖြစ်နေသည့် ခါနွေ့မျက်နှာလေးကို ကြည့်လျက်. . .

''ညီမလေး အားငယ်နေတာလားဟင်''

''အားငယ်မိတာတော့ အမှန်ပဲ ကိုကို။ မေမေမရှိတော့ပေမယ့် ကိုကိုရှိပါသေးတယ်၊ အားမငယ်ပါနဲ့လို့တော့ ကိုကို နှစ်သိမ့်မပေးပါနဲ့။ ကိုကိုနဲ့ ခါနွေက. . . ''

အားနာသလို ရပ်သွားတဲ့စကားသံကပဲ ရင်ကိုခွင်းတဲ့မြှားတစ်စင်းပမာ။

''ညီမလေးက ကိုကို့ကို တကယ့်လူစိမ်းပြင်ပြင်အဖြစ် သတ်မှတ်လိုက်ပြီကိုး''

'ကိုယ့်စိတ်ကို လိမ်ညာထားရင်တောင် အမှန်တရားက မျက်နှာသာပေးမှာ မဟုတ်ဘူးကိုကို။ ပတ်ဝန်းကျင်ဆိုတာ ရှိသေးတယ်''

''ကိုကို နားလည်ပါတယ်''

တိုးလျသောလေသံနှင့်ဆိုပြီး ခါနွေ့မျက်နှာကို ဆွေးဆွေးမြွေမြွေလေး ကြည့်မိသည်။ ခါနွေကလည်း သူ့ကိုမော့ကြည့်လျက်. . .

''ကိုကို လိုက်သွားပါ၊ ခါနွေ့ကိုထားခဲ့ပါ''

''ခါနွေတစ်ယောက်တည်း ထားခဲ့လို့ ဘယ်ဖြစ်မှာလဲ။ ခါနွေက မိန်းကလေးလေ၊ ကိုကိုမရှိရင်''

''တော်ပါတော့ ကိုကို''

ခါနွေ မျက်ရည်လေးတွေ ဝေ့လာ၏။ ကိုကို့ကို ခါနွေ ချစ်ပါသည်။





မခွဲချင်ပေမယ့် အတူတူနေလို့မှမဖြစ်တာ။

''ခါနွေ ကိုကိုနဲ့အတူတူလိုက်နေလို့ ရတယ်လေ''

''ခါနွေ ကိုယ့်တာဝန်နဲ့ကိုယ် နေသားကျအောင် နေပါရစေ။ ကိုကို ဘာမှမစိုးရိမ်ပါနဲ့။ ကိုကိုသာ ဦးသီဟနဲ့လိုက်သွားပါ''

''ညီမလေးရယ်''

စိတ်မကောင်းစွာ ညည်းတွားမိရုံမှအပ ဘာများတတ်နိုင်ဦးမှာလဲ။ အနီးကပ်စောင့်ရှောက်ခွင့်မရတော့ရင် အဝေးကနေပဲ စောင့်ရှောက်ရတော့မှာပေါ့လေ။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၄)

ယုံကြည်ချက်. . .

မလွဲသာလို့ ဖေဖေနှင့်လိုက်ခဲ့ရပေမယ့် ခါနွေ့ကိုစိတ်မချပေ။ တစ်နေ့တစ်ခေါက် မှန်မှန်ရောက်ပြီး ညရေးညတာအတွက်တော့ ဘေးအိမ်က ကောင်မလေးကို ခါနွေနှင့်အတူတူ သွားအိပ်ဖို့ မှာထားရ၏။ လိုအပ်တာတွေ ဝယ်ခြမ်းပေးတော့ ခါနွေက မယူ။

ဒီနေ့လည်း. . .

မိုးလင်းတာနှင့် ကော်ဖီသောက်ပြီး ခါနွေ့ဆီကိုသွားဖို့ ခြေလှမ်းပြင်လေလျှင်. . .

"ဒါက ဘယ်ကိုလဲ သား"

"အပြင်သွားမလို့ပါ"

"စရောက်လာကတည်းက ထွက်လိုက်တဲ့အပြင်၊ သား တစ်နေ့မှ အိမ်မှာ တစ်နေကုန်အောင် မနေသေးဘူးနော်"





"ကြီးမေကလည်း ကျွန်တော်က ယောကျ်ားလေးလေ၊ သွားတာလာတာတွေ ရှိမှာပေါ့။ ဘာလဲ. . . ကျွန်တော်က အိမ်တွင်းအောင်းပြီး ကြီးမေခြေတစ်လှမ်းလှမ်းရင် အကွာအဝေးဘယ်လောက်ရှိလဲ ထိုင်မှတ်နေရမှာလား"

"ခြေလှမ်းအကွာအဝေးကို မှတ်ခိုင်းမလို့မဟုတ်ဘူးဟဲ့။ ကိုယ့်တူကိုယ့်သား အိမ်ရောက်လာတယ်လို့ မိသားစုနွေးနွေးထွေးထွေးကို မရှိဘူး။ အပြင်မှာပဲ အချိန်ကုန်နေလို့ပြောတာ"

ယုံကြည်ချက် စိတ်မရှည်စွာနှင့် သက်ပြင်းချလိုက်၏။ ရောက်ပြီဆိုကတည်းက ချလိုက်တဲ့စည်းကမ်းချက်တွေ သတ်မှတ်ချက်တွေ။ နားမထောင်နိုင်တာကို တင်းကျပ်ခံနေရတာကိုက ငရဲရှစ်ထပ်မှာ ချိုးလိုကပ်နေရသလိုပါ။

"နွေးထွေးချင်ရင်တော့ စောင်ခြုံပြီးသာ ကွေးနေလိုက်တော့ ကြီးမေ။ အဲဒါမှမလုံလောက်ရင် မီးဖိုပြီးသာ လှုံနေလိုက်။ ကျွန်တော့်အရွယ်က ရင်ခွင်ထဲဝင်ပြီး ခေါင်းထိုးနေရမယ့်ကလေးမဟုတ်ဘူး။ ဖေဖေခွင့်ပြုထားတာကို ကြီးမေလိုက်ကြပ်နေလို့ကတော့ ဝက်အူရစ်တင်းပြီး ပြတ်ထွက်သွားမှာပဲ ရှိမယ်"

"အလိုလေးလေ"

ဒေါ်ရတနာ ရင်ဘတ်ဖိလေ၏။ သူ့အဖေတုန်းက ဒေါ်ရတနာ ပြောသမျှ ဟုတ်ကဲ့နှင့်ခေါင်းညိတ်သမျှ သူ့ကျ တစ်ခွန်းမခံ။

"စေတနာကို စေဟနာမုန်းမသိ၊ အကြင်နာကို အကြင်နာမုန်းမသိပါလား ယုံကြည်။ နင့်အဖေတုန်းကတောင် ငါ့ကိုပြန်ပြောခဲ့တာမဟုတ်ဘူး။ မင်းက. . . "



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် တမင်တကာ မိုက်ရိုင်းပြနေတာမဟုတ်ဘူး ကြီးမေ။ ကျွန်တော့်ရဲ့လွတ်လပ်ခွင့်ကို ကြီးမေက လိုက်ပိတ်ပင်လို့ ပြောနေဟာ"

"ယုံကြည်ချက်"

ဒေါ်ရတနာ့အသံ ပိုကျယ်လာ၏။ ယုံကြည်ချက်ကလည်း အလျှော့ပေးမည့်ပုံမပေါ်ပေ။ မကျေနပ်လို့ အိမ်ပေါ်ကနှင်ချရင်လည်း ဒူပေဒါပေဘဝက လာခဲ့တဲ့ကောင်မို့ ချေးတွင်းထဲကလောက် ချေးတွင်းထဲ ပြန်ကျသွားဦး၊ သူက မှုမှာတဲ့လား။

"မင်း ဟိုကောင်မလေးဆီကို သွားနေတာမဟုတ်လား"

"ဟုတ်တယ်"

"ဘာ! "

ဟုတ်သည်ပဲထားဦးတော့၊ မဟုတ်ပါဘူးလို့ လိမ်ညာလိုက်ရင် ဘာဖြစ်သွားမှာမို့လို့လဲ။ သူမက ညာလိုက်စေချင်တာလေ။ ဟိုတုန်းက အတူနေခဲ့ကြလို့ သံယောဇဉ်ရှိတာမှန်သည်။ ကိုယ့်တူကို ဒီအရွယ်အထိရောက်အောင် မိခင်ရင်းသဖွယ် ဝသန် စောင့်ရှောက်ခဲ့တာလည်းမှန်၏။ အဲဒီသံယောဇဉ်တွေ ကျေးဇူးတရားတွေအတွက်. . .

စည်းစိမ်ကိုဖွဲ့ပေးရတာမျိုး ကျေးဇူးဆပ်ချင်ဆပ်ပေါ့။ သူမ ကျေနပ်နိုင်သည်။ မကျေနပ်နိုင်တာက ဝသန့်သမီး ခါနွေဦးနှင့် ကိုယ့်တူ ရင်းနှီးပတ်သက်နေဆဲရှိတာကိုပါ။ အိုးချင်းထားလျှင် အိုးချင်းထိ၊ ကြိုးချင်းထားလျှင် ကြိုးချင်းငြိဆိုတဲ့စကားက ရှိနေသည်လေ။ မတူညီတဲ့ဘဝ၊ တန်းညှိလို့မရတဲ့အဆင့်အတန်းမှာ ကိုယ့်တူကို ဘာမဟုတ်တဲ့မိန်းကလေးနဲ့ အဖြစ်မခံနိုင်ပေ။





မိုးဝသန်ဆိုတဲ့မိန်းမ. . .

ဒီယုန်မြင်လို့ ဒီခြုံကိုထွင်ခဲ့သလားမှမသိတာ။ ဒေါ်ရတနာတို့က ဘိုးစဉ်ဘောင်ဆက် ချမ်းသာလာခဲ့သူတွေပါ။ ဒါကြောင့်ပဲ မာနကို အလံထူပြီး ထောင်တဲ့လက်မကို ကွေးမချတာပေါ့။

"အရင်ကမပြောဖြစ်သေးတဲ့စကားကို ခုပဲ ငါပြောမယ် ယုံကြည်၊ အရင်က ဘယ်လိုပဲ မင်း နေခဲ့နေခဲ့. . . အခု ရတနာစံအိမ်ရဲ့ တစ်ဦးတည်းသော မျိုးဆက်ဖြစ်နေပြီ"

"အဲဒါကို တိုင်းသူပြည်သားလူအများတို့လို့ အော်ပြီး မောင်းခတ်ကြော်ငြာပေးရမှာလား ကြီးမေ"

"မကြော်ငြာလည်း ထင်ပေါ်ပြီးသားဆိုတာကို ငါကပြောချင်တာ။ မင်း ခါနွေဦးဆီကို သွားတာလာတာ ဆင်ခြင်ပါ ယုံကြည်။ ကိုယ့်အဆင့်အတန်း ကိုယ်နားလည်၊ အခု မင်းစီးနေတဲ့ကား အဲဒီရပ်ကွက်ထဲကိုသွားဖို့ တန်ရဲ့လားဆိုတာကို ပြန်တွေးကြည့်"

ယုံကြည်ချက် မဲ့ခနဲဖြစ်သွား၏။ ကြီးမေတို့ကတော့ ရုပ်ရှင်ရိုက်နေပြီ။ ကိုယ်ကလည်း ရုပ်ရှင်ထဲကမင်းသားအတိုင်းပဲပေါ့။

"ဆင်းရဲသားရပ်ကွက်ထဲကို သိန်းထောင်ကျော်တန်ကားနဲ့ဝင်လာရင် သေမိန့်ချမယ်ဆိုတဲ့ စည်းကမ်းဥပဒေ ဘယ်သူကမှ ချမှတ်မထားဘူး"

"ငါ ချမှတ်မှာ၊ နင့်ကို အဲဒီကောင်မလေးနဲ့အဖြစ်မခံနိုင်ဘူး ယုံကြည်။ ပတ္တမြားဆိုတာ ရွှေနဲ့အနားကွပ်မှ တန်ဖိုးကြီးတာပဲ၊ နားလည်လား"

"နားမလည်ဘူး ကြီးမေ၊ ရေကို သူ့အလိုက်အထိုက်စီးနေတာ



www.burmeseclassic.com

www.burmeseclassic.com



မကြည့်ဘဲ ကြီးမေက တမံတုပ်ပြီး တားဆီးနေရင်တော့ အရှိန်နဲ့စီးနေရာကနေ ကမ်းမမြင်လမ်းမမြင်လျှံတက်လာလိမ့်မယ်။ ကြီးမေက ကျွန်တော့်ကို ဖိအားပေးနေသလိုပဲ. . . သိလား''

''ဘာ. . . ဟုတ်! ယုံကြည်ချက်''

ခြေလှမ်းကျဲများနှင့် ထွက်သွားတဲ့ယုံကြည်ချက်နောက်ကို ဒေါ်ရတနာ လိုက်လို့မမီပေ။ သင်းကို မနိုင်၊ နိုင်တဲ့သူကိုပြောရမှာပဲ။ ဒေါ်ရတနာ မကျေမနပ်နှင့်ပဲ ရင်ထဲမှာ တေးမှတ်ထားလိုက်၏။

နောက်နေ့မှာတော့. . .

ယုံကြည်ချက်အလစ်မှာ ဒေါ်ရတနာ ခါနွေဦးတို့အိမ်သို့ လာခဲ့တော့သည်။

''ခါနွေဦးဆိုတာ မင်းလား''

ခါနွေ့ကိုတွေ့ချင်လို့ဆိုပြီး ရောက်လာတဲ့ဧည့်သည်မို့ ခါနွေ ရိုသေစွာ ကျုံ့ကျုံ့လေးထိုင်လိုက်စဉ်မှာပဲ၊ မေးလိုက်သည့်လေသံက အထက်စီးဆန်ဆန်မို့ ရောင်းသူဝယ်သူအသံတူရအောင်. . .

''ဟုတ်ပါတယ်''

''လေသံက မာလှချည်လား''

''ဒါကတော့ အသွားအပြန်ညီမျှခြင်းချတာလေ။ တကယ်ဆို ဧည့်သည်ဆိုတဲ့အန်တီက အရင် ခဲပစ်ဝင်လာတာ''

''အေးပေါ့လေ၊ ခဲပစ်ဝင်လာကတည်းက ငါ့သဘောကို မင်းသိနေမှာပါ။ ငါက ယုံကြည်ချက်ရဲ့အဒေါ် ဒေါ်ရတနာဆိုတာပဲ''

ခါနွေ မဲ့ပြုံးပြုံးလိုက်မိတာ ဂရုမစိုက်လို့တော့မဟုတ်ပေ။ အသက်ကိုတော့ ရိုသေပါတယ်။ မျက်နှာထားကိုတော့ ချဉ်၏။ ငါချမ်းသာတယ်





ဆိုပြီး အထက်စီးကနေ ဆက်ဆံတာကို ခေါင်းငုံ့နေရအောင် ဆင်းရဲသားကလည်း ဆင်းရဲတဲ့မာနလေ။

''ကိုကိုနဲ့မပတ်သက်ဖို့ လာပြောတာဆိုရင်တော့ အန်တီပြန်တော့လို့ပဲ ပြောပါရစေ''

''ဘာအေ့''

''တကယ်ဆို ခါနွေက အန်တီတို့အိမ်ကို လာပြီးပတ်သက်နေတာမဟုတ်ဘူးလေ။ ကျွန်မ ဒီအိမ်မှာနေတာဖြစ်တဲ့အတွက် ဒီအိမ်ကို ကောင်းသောလာခြင်းနဲ့လူမှန်သမျှကို ဧည့်ခံစကားပြောရမှာပဲ။ လူဆိုးသူခိုးဆိုရင်တော့ ရဲလက်အပ်လိုက်ရုံပဲ။ အန်တီက အန်တီ့တူကို ရဲလက်အပ်စေချင်တာလား''

''မင်းက ငါ့တူကို လူဆိုးသူခိုးလို့ပြောလိုက်တာလား''

''အဲဒါက အန်တီ့ရဲ့အာဘော်ပါ၊ မပတ်သက်စေချင်ရင် မပတ်သက်စေချင်သူဘက်က ထိန်းရမှာမဟုတ်ဘူးလား''

''ငါ့တူကိုပြောမရလို့ မင်းကို ငါလာပြောတာ၊ ဒီလိုနေရာမျိုးကို ခြေချရတာ ငါ့ခြေထောက် ဘယ်လောက်သိက္ခာကျသွားပြီလဲသိလား''

''သိက္ခာဆိုတာ အန်တီ ဘာနဲ့တိုင်းတာသတ်မှတ်လိုက်တာလဲ''

ဒေါ်ရတနာ တင်းသည်ထက် မျက်နှာပိုတင်းသွား၏။ ဒီကောင်မလေးကို စမြင်လိုက်တုန်းက ဖြူဖြူချောချောလေးမို့ စိတ်ဓာတ်ကညံ့ပြီး ပျော့ပြီး ကိုယ်ပြောသမျှ ခေါင်းငုံ့ခံမည်လို့ထင်မိတာ တက်တက်စင်အောင် လွဲပြီ။

ကိုယ်ပြောသမျှ စကားလုံးတိုင်းကို ပြန်ချေပနေတာ ဒိုးခနဲ ဒေါက်ခနဲ။ အမြင်နဲ့အထင်လွဲခဲ့ကာ မာနကလည်း ကိုယ့်ထက်သာ မနာလိုချင်



www.burmeseclassic.com

www.burmeseclassic.com



စရာ။ ရတနာတို့ကလည်း ဒါမျိုးဆို ထမီစွန်တောင်ဆွဲ၍ ပြောရပစေ၊ တစ်ပြားသားမှ အလျှော့မပေးနိုင်ပေ။

"ပြောပါဦး. . . သိက္ခာကို အန်တီ ဘာနဲ့ကြေးဖြတ်ထားသလဲ ဆိုတာ"

"အရှင်းကြီးပါ၊ လူနေမှုစရိုက်နဲ့ အဆင့်အတန်းကွာခြားမှုအပေါ်မှာ မူတည်ပြီး ငါလိုလူမျိုးက ဒီနေရာကို မလာသင့်ဘူးဆိုတာ ကလေးကို မေးကြည့်လည်းသိတယ်"

"မလာသင့်မှန်းသိရင် မလာခဲ့နဲ့ပေါ့ အန်တီရယ်၊ ကျွန်မတို့ရပ်ကွက်ကလည်း ဆင်းရဲပေမယ့် ရိုးပင်းစိတ်ရှိကြတဲ့အလျောက် အကောင်းကြီးပြီး အချိန်မစီးတာတွေဆိုရင် အထင်ကြီးလေးစားစိတ် လုံးဝကိုမရှိတာ။ အန်တီလာတာသိလို့ကတော့ သံပုံးတွေရိုက်ပြီး နှင်ထုတ်မလားဘဲ"

"ကြည့်စမ်း! ငါ့ကို မကောင်းဆိုးဝါးမလို့ ပြောလိုက်တာပေါ့လေ။ ဟုတ်လား"

ဒေါ်ရတနာ ဆွေ့ဆွေ့ခုန်လေတော့၏။

"ဒီမှာ ခါနွေဦး"

ဒေါ်ရတနာ သူမလက်ကိုင်အိတ်ကို ကောက်ကိုင်ကာ တံတောင်ကွေးမှာချိတ်ရင်း ထရပ်လိုက်တော့၊ ခါနွေလည်း ထရပ်ကာ လက်ပိုက်၍ ခပ်မိန့်မိန့်ပုံစံမျိုးလုပ်နေတာ၊ ဒေါ်ရတနာ့စိတ်ကို ဆွပေးသည့် အပ်တစ်ချောင်းနှယ်။

"ငါ ဒီကိုလာခဲ့တာ မင်း စော်ကားချင်တိုင်း စော်ကားခံဖို့မဟုတ်ဘူးဟဲ့"

"ကျွန်မကလည်း မဖိတ်ခေါ်ဘူးလေ၊ ကိုယ့်ရှေ့မှောက်ထိ ရောက်





လာလို့ လူမှုရေးအရ ညှော်ခံစကားပြောပေးနေတာ"

တစ်ယောက်က နှုတ်ခမ်းကိုဖိကိုက်လို့ တစ်ယောက်က ရောင်ပြုံးနှင့် မျက်ဝန်းဆုံမှတ်ကတော့ မီးတောင်ကြီးဖြစ်နေသည်။

"အေးလေ. . . ငါက မဖိတ်ခေါ်ဘဲ ရောက်လာခဲ့တဲ့ညှော်သည်ဆိုတော့ မင်းပိုင်နက်ထဲမှာ မင်း ချေးနဲ့ငှံ့တွေးလည်း ခံရမှာ"

"ဟင်!"

ဒါကတော့ ဘလိုင်းကြီးခွပ်တာ။ ကိုယ်ပြန်ပြောဖို့ကတော့ လူကြီးဖြစ်နေလို့ ဂါရဝတရားနှင့်။

"ငါရှင်းရှင်းပဲပြောမယ် ခါနွေဦး။ မင်း ငါ့တူနဲ့လုံးဝပတ်သက်ဖို့ မလိုဘူး။ အဲဒီအတွက် မင်း ငွေဘယ်လောက်လိုချင်လဲပြော"

"ငွေ. . . ဟုတ်လား"

"ဟုတ်တယ်၊ မင်းလိုချင်သလောက်တောင်း၊ ငါ့တူနဲ့ ကင်းရှင်းကြရင် ပြီးရော"

ခါနွေ အောက်နှုတ်ခမ်းကို ပေါက်ထွက်လုမတတ် ဖိကိုက်လိုက်မိ၏။ အထက်တန်းလွှာတွေရဲ့ဂုဏ်သိက္ခာဆိုတာ ဒါလား။ ရေများ ရေနိုင် မီးများမီးနိုင်ဆိုသလို ငွေများတိုင်း ငွေနဲ့အနိုင်ယူချင်နေတဲ့ ဒီမိန်းမကြီးကို ပါးပါးလေးတော့ ပညာပြမှဖြစ်မည်။

ကိုကိုနဲ့ ခါနွေ. . .

ဟိုတုန်းက သိပ်ချစ်ခဲ့ကြတဲ့ သံယောဇဉ်ကြောင့် ချက်ချင်းဖြတ်တောက်လို့ မရနိုင်ခြင်းနဲ့ တွေ့နေကြတာ ရိုးရိုးသားသားပါ။ ဒါကို ဒေါ်ရတနာက ဖွတ်ဆေးခြယ် ကာလာပြောင်းပေးနေတာနဲ့ မတူဘူးလား။ ခါနွေဆိုတဲ့မိန်းကလေးကလည်း အဆိပ်ကို ပါးစောင်ကပ်ပြီး အလိမ္မာသတ်



www.burmeseclassic.com

www.burmeseclassic.com



ယုတ်မာမည့်မိန်းမ မဟုတ်ပေ။ သူ့ထက်မလျော့တဲ့မာန ကိုယ့်မှာရှိတာ ပြရမည်ပေါ့။

"ကင်းရှင်းကြရင်ဆိုတာ အန်တီ ဘယ်အတိုင်းအတာအထိ ပြော လိုက်တာလဲ"

"မင်းတို့ပတ်သက်တဲ့အတိုင်းအတာပဲပေါ့"

"ဒီမှာ"

"ပြော"

"ခွေးပေးလို့ ဝက်မစား၊ တစ်ထောင်ဖိုး ငါးကောင်အဆစ်တောင်းရင် ခြေကျိုးတစ်ကောင်ထပ်ရတဲ့ ခပ်ပေါပေါမိန်းကလေးတွေထဲမှာ ကျွန်မ မပါဘူး အန်တီ။ ဒါပေမဲ့ အန်တီက သိပ်ပေးချင်နေတယ်ဆိုတော့ ကျွန်မ ကလည်း တောင်းရမှာပေါ့"

ဒေါ်ရတနာ မဲ့ပြုံးပြုံးလျက်. . .

"စကားတွေ ဝေ့မနေပါနဲ့အေ၊ ဘယ်လိုပဲ အလျှောက်ကောင်း ကောင်း နောက်ဆုံးတော့ ဒီလမ်းဟောင်းပေါ်မှာပဲ မင်းရပ်နေတာ"

"ထားပါတော့၊ ကျွန်မက ငယ်တဲ့စိတ်နဲ့ လမ်းဟောင်းပေါ်မှာ အတောင်ဖြန့်ပြီး အလှပြမှုူးဆွယ်နေတယ်ဆိုရင်တောင် အန်တီ့လို ရှေ့ပြ ကောင်းပြီး နောက်မှာ ဟောင်းလောင်းဖြစ်နေတဲ့ဒေါင်းရဲ့မာန်မျိုးကို ဂရု မစိုက်ဘူး"

"မင်း. . . မင်း"

ဒေါ်ရတနာ ရှေ့ကိုတစ်လှမ်းတိုးလာသည့်တိုင် ခါနွေ နောက်ဆုတ် မသွားပေ။

"မင်းအပိုတွေ ပြောမနေနဲ့ ခါနွေဦး၊ တောင်းမယ်ဆိုရင်တောင်း၊





မင်းကျေနပ်အောင် ငါပေးမယ်။ ပြီးရင်တော့ ဒီနေရာကနေ မင်းထွက် သွား။ အရိပ်အယောင်တောင် ငါမမြင်ချင်ဘူး"

"ဩော်. . . ဒီနေရာကနေ အပြီးနှင်ထုတ်ချင်တာကိုး"

"ဟုတ်တယ်၊ ဖြစ်နိုင်ရင် မင်းကိုအငွေ့ပျံပြီး ပျောက်ကွယ်သွား စေချင်တာ"

ခါနွေ ဆတ်ခနဲခေါင်းညိတ်လိုက်ပြီး. . .

"ဒါဆို အန်တီ ကျွန်မကို ကွန်ဒိုတိုက်ခန်းတစ်ခန်းဖိုးတော့ ပေး မယ"

စူးရှဲသောအကြည့်က ခါနွေ့တစ်ကိုယ်လုံးကို မီးလောင်တိုက်သွင်း နေသည့်အတိုင်းပါပဲ။

"ကောင်းပြီ၊ နေ့မကူးစေရဘူး။ မင်းရှေ့ကိုရောက်လာစေရမယ်"

"အဲဒီအတွက် ကျေးဇူးကမ္ဘာပဲ ဒေါ်ရတနာ"

နှစ်ယောက်စလုံး ကိုယ်စီကျောခိုင်းခြင်းမှာ မတူညီသော ဒေါသ မာန်မာနတွေနှင့်။

ခါနွေ့ကို ခွင့်လွှတ်ပါ ကိုကို. . .



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၅)

ယုံကြည်ချက်. . .

အိမ်တံခါးကိုသော့ခတ်ထားတာမြင်တော့ ခါနွေ အပြင်သွားတာပဲဟု ထိုင်စောင့်နေခဲ့သည်။ ကြာတော့ စိတ်မရှည်တာနှင့်စိတ်ပူတာ ရောပြီး၊ ဘေးအိမ်က ဒေါ်ဖြိုးကိုမေးကြည့်ဖို့ ဆုံးဖြတ်ကာ. . .

"ဒေါ်ဖြိုး. . . ဗျို့! ဒေါ်ဖြိုး"

"ဟေ"

"ဒီကိုခဏလာပါဦးဗျ"

"အေးအေး. . ."

ဒေါ်ဖြိုးက အဝတ်လျှော်မည့် ဖိုက်ဘာဇလုံကြီးကိုချခဲ့ပြီး အပြင်ဘက်ကနေမှတစ်ဆင့် ယုံကြည်ချက်ရှိရာသို့ လျှောက်လာ၏။

"ဩော်! မောင်ယုံကြည်ပါလား၊ ခါနွေ့ဆီကိုလာတာထင်တယ်"

"ဟုတ်တယ် ဒေါ်ဖြိုး၊ ကျွန်တော် ညီမလေးကိုထိုင်စောင့်နေတာ





ကြာပြီ။ သူဘယ်သွားလဲ. . . ဒေါ်ဖြိုးသိလားလို့ပါ"

ဒေါ်ဖြိုး မျက်နှာပျက်ပြီး သက်ပြင်းချကာနှင့်. . .

"မောင်ယုံကြည် မသိသေးဘူးကိုး၊ ဒေါ်ဖြိုးတို့က မောင်ယုံကြည်သိတယ်လို့ထင်ထားတာ"

"ကျွန်တော်က ဘာကိုသိရမှာလဲ ဒေါ်ဖြိုးရဲ့"

"ခါနွေ ဒီမှာမနေတော့ဘူး မောင်ယုံကြည်၊ ဘယ်ပြောင်းမှာလဲမေးတော့လည်း မပြောဘူးကွယ့်။ အိမ်နဲ့ခြံကို ဟိုဘက်လမ်းက ကိုသာဦးတို့ ဝယ်လိုက်တာ။ အိမ်က မင်းတို့မေမေ ပေါင်ထားတာဆိုတော့ ရွေးပြီးမှ ရောင်းရတာပေါ့"

"ကျွတ်!"

ယုံကြည်ချက် ခေါင်းကုတ်ရမလို လည်းပင်းပွတ်ရမလိုနှင့် ရင်ထဲမှာ ဟာတာတာကြီးဖြစ်သွား၏။ ခါနွေ ဘာဖြစ်လို့ အဲဒီလိုလုပ်သွားရတာလဲ၊ ဒီရပ်ကွက်ထဲမှာ မနေချင်တော့ဘူးဆိုရင် သူ့ကိုပြောပေါ့။ ခုတော့။

"ခါနွေ ဘာလို့ဒီလိုလုပ်ရတာလဲ။ တကယ်ဆို သူ ကျွန်တော့်ကိုတိုင်ပင်သင့်တာ"

"ဘယ်တိုင်ပင်မှာလဲ၊ မင်းမသိအောင်ဘဲ ထွက်သွားတာလေ"

"ဗျာ!"

ဒေါ်ဖြိုးက ဘာကိုအလိုမကျသည်တော့မသိ။ မျက်နှာတင်းချက်တင်းသွားကာ ယုံကြည်ချက်ကိုမကြည့်ဘဲနှင့်. . .

"သာ့ခမျာ နွမ်းရာဝဲပွဲ၊ လဲရာ သူခိုးထောင်းအဖြစ်မျိုးနဲ့ ကြုံရတာ။ အားကိုးမရှိရဝဲ့အတဲ မင်းအဒေါ်ဆိုလား. . . ရောက်လာပြီး ပြောသွားတာ ရစရာကိုမရှိတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ!"

ယုံကြည်ချက် တဗျာဗျာဖြစ်လျက် ဘာပြောလို့ ဘာဆိုရမှန်းမသိပေ။ ကြီးမေ လာတယ်ဆိုပါလား။ မာနကြီးတတ်တာ သိပေမယ့် ဒီလောက်အထိ ရက်စက်မည်လို့တော့ သူထင်မထားခဲ့ပေ။

"မင်းနဲ့မပတ်သက်ဖို့ ငွေဘယ်လောက်ပေးရမလဲ၊ ခါနွေ့ကို အရိပ်အယောင်တောင် မမြင်ချင်ဘူးတဲ့လေ။ အဲဒါကြောင့် ခါနွေက ကွန်ဒိုတိုက်ခန်းတစ်ခန်းဖိုးတောင်းပြီး ထွက်သွားတာ။ အဲဒီငွေတွေကို သူ မိဘမဲ့ဂေဟာနဲ့ ဖောင်ဒေးရှင်းတစ်ခုမှာ မင်းနာမည်နဲ့ လှူပစ်မယ်တဲ့"

"ခါနွေရယ်"

ရက်စက်လိုက်တဲ့ ကြီးမေပါပဲလား။ အပျိုကြီးပီပီ သားသမီးချင်းကိုယ်ချင်းမစာဘူးလို့ပြောလျှင် ရိုင်းရာကျဦးမည်။

"ခုလိုရှင်းပြတာ ကျေးဇူးတင်ပါတယ် ဒေါ်ဖြိုး။ ကျွန်တော့်ကို ခွင့်ပြုပါဦး"

"အေးအေး. . . ဒေါ်ဖြိုးလည်း အဝတ်တွေ ဖွပ်ရဦးမှာမို့လို့ သွားတော့မယ်"

ဒေါ်ဖြိုးက အရင်ထွက်သွားတော့ ယုံကြည်ချက် အိမ်ကလေးကို နှုတ်ဆက်ခြင်းအနေနဲ့ ကြာမြင့်စွာ ငေးကြည့်နေမိ၏။ ဒီအိမ်လေးက သူ့အတွက်တော့ နတ်ဘုံနတ်နန်းလေးတစ်ခုလိုပါပဲ။ အမြင်စုတ်ပေမယ့် ရွှေထုပ်တဲ့မြပဝါပဲပေါ့။ သူရယ် မေမေရယ် ညီမလေးရယ် ဒီအိမ်လေးထဲမှာ ထမင်းနပ်မှန်ရုံအဆင့်နဲ့ ဘဝကိုပျော်စရာတွေနဲ့ မွှမ်းမံခြယ်သထားခဲ့တာ။

ခုတော့. . .

အဲဒီအချိန်တွေ ကုန်လွန်ခဲ့တာနင့် အပျော်တွေ နှုတ်ထွက်ခွင့်





ယူကာ ပင်စင်စားနေကြပြီ။

"ကိုကို"

"ပြော"

"ကိုကို မိန်းမမယူရဘူးနော်"

လို့ ခါနွေပြောတုန်းက သူ့ခါးကိုဖက်ထားတဲ့ ခါနွေ့လက်ကလေးကို ဖွဖွရိုက်ရင်း သူ ကြည်နူးပီတိဖြစ်ခဲ့ဖူးသည်လေ။

"နင်ပဲ သတိထားပါ"

"အံမယ်! ခါနွေ့ကိုမပြောပါနဲ့၊ အပင်တောင် မောင်မခေါ်ပင်ရယ်လို့ပဲရှိတာ၊ နှမ မခေါ်ပင်မရှိဘူး။ ပြီးတော့ ဟိုစကားပုံရှိသေးတယ်"

"ဘယ်စကားပုံလဲ"

"မောင်ကောင်းစားရင် နှမ မီးဖိုချောင်ဝင်ရတာလေ"

ခါနွေပြောခဲ့ဖူးတဲ့စကားသံလေး နားထဲမှာ သံသရာတစ်ပတ်လည်နေပြီ။ ခုတော့ မီးဖိုချောင်မှာတောင် ထားခွင့်မရအောင် ခါနွေနဲ့ကိုကိုရဲ့ ပတ်သက်မှုက နွေးမလိုနဲ့ စိမ်းရောင်ဖောက်နေခဲ့တာပါ ခါနွေ။ ကိုကို ဘာလုပ်ရမလဲ. . . မဝေးချင်ပေမယ့် ဝေးကွာခြင်းရဲ့မျဉ်းပြိုင်ပေါ်မှာ တစ်ဖက်စီ ရပ်ခဲ့ကြရပါပြီလေ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၆)

ယုံကြည်ချက် အဝတ်သုံးစုံသာ ကျောပိုးအိတ်ထဲသို့ထည့်၍ ဖေဖေ့ရှေ့မှာ ဒူးထောက်ထိုင်လိုက်သည်။ ကလေးလည်းမဟုတ်တော့ ထွက်မသွားပါနဲ့လို့ ဘယ်လိုတားမလဲ။ မိဘဆိုပေမယ့် ဒီအရွယ်ဆိုတာ ရိုက်နှက် လှောင်ပိတ်လို့မှ မရတာ။ ပြီးတော့ ခါနွေ့ကိုစောင့်ရှောက်ရမည့်တာဝန် သားမှာရှိနေတော့ ဦးသီဟ ခွင့်ပြုရတော့မည်သာ။

''ဖေဖေ့ကို သားကန်တော့ခဲ့ပါတယ်၊ သားရဲ့ဆုံးဖြတ်ချက် မှားသည်ဖြစ်စေ မှန်သည်ဖြစ်စေ ဖေဖေ သားကို နားလည်ပေးပါ''

''ဖေဖေ နားလည်ပြီးသားပါ၊ မိန်းကလေးကို သားစောင့်ရှောက်ရမယ့်တာဝန်ရှိနေတာ ဖေဖေသိတယ်။ ဖေဖေ တစ်ခုတော့မှာချင်တယ် သား''

''ဟုတ်ကဲ့. . . ပြောပါ ဖေဖေ''

''သား ဖုန်းတော့ယူသွားပါ၊ ဖေဖေနဲ့အဆက်အသွယ်မပြတ်စေ





နဲ့။ အရေးအကြောင်းဆို ဖေဖေ့ကိုအကြောင်းကြားလို့ ရတာပေါ့။ ခါနွေဦးနဲ့တွေ့ရင် သူနဲ့လက်ထပ်နိုင်ဖို့ သားကြိုးစားပါ။ သား သူ့ကို အဲဒီလိုမှ အနီးကပ်စောင့်ရှောက်ခွင့်ရမှာ။ အရင်တုန်းကဆိုတဲ့ကာလတွေကိုတွေးပြီး အားနာနေရင် သားနဲ့သူ ဝေးသည်ထက်ဝေးသွားဖို့ပဲ ရှိတယ် သား''

ယုံကြည်ချက် ဒီတစ်ခါတော့ ခေါင်းညိတ်လိုက်ပါပြီ။ သံယောဇဉ်နဲ့ တွယ်ကပ်ပြီး ရင်ထဲမှာ ရှင်သန်နေသည့်အချစ်သစ်ပင်ကြီးသည် ဟိုတုန်းကတော့ ရိုးသားစွာ။ ခုကျတော့ နိုးကြားလို့ အသွင်ပြောင်းပြီး မခွဲနိုင်ခြင်း၊ မဝေးလိုခြင်းတွေနှင့် အနားသတ်တဲ့စည်းဝိုင်းထဲကို. . .

နှလုံးသားတစ်ခုလုံး ခြေစုံပစ်ဝင်နိုင်အောင် သူကြိုးစားရမည်။ လူစိမ်းလို့သတ်မှတ်ပြီးမှတော့ လက်ထပ်မှ ချစ်ခွင့် အတူနေခွင့်ရတာမျိုး မဟုတ်လား။ အချို့ဆို သားသမီးရင်းနဲ့ မွေးစားကလေး အကြောင်းသိတွေ ဆိုပြီး ကိုယ့်အိတ်ထဲကိုယ် ဖိတ်စေကြတာ တစ်ပုံကြီးလေ။ သူတို့လည်း ဒီဇယားကွက်ထဲကိုပဲ ဝင်ကြမှဖြစ်မှာ။

''သားကတိပေးပါတယ် ဖေဖေ၊ ခါနွေ့ကို သားတွေ့အောင်ရှာပြီး လက်ထပ်နိုင်အောင်ကြိုးစားပါ့မယ်''

ဦးသီဟ ခေါင်းညိတ်ရင်း မျက်ရည်ပင် ဝဲလာ၏။ သူငယ်ငယ်က ဝသန့်ကိုချစ်ခဲ့သည်။ ဝသန့်ကလည်း သူ့ကိုချစ်တာပါပဲ။ ငွေက ကိုယ့်ကိုတစ်ဖက်သတ် စွဲလမ်းသူ။ ဒီသုံးပွင့်ဆိုင်ဇာတ်လမ်းမှာ အဆုံးသတ်တော့ နာကြည်းခြင်းတွေ မုန်းတီးခြင်းတွေနှင့်။

''ဖေဖေနဲ့ ဝသန့်က သိပ်ချစ်ကြတဲ့ချစ်သူတွေပဲ သား။ ပေါင်းခွင့်မသာလို့ မပေါင်းခဲ့ကြရပေမယ့် သားတို့လူငယ်ချင်းတွေကိုတော့ ပေါင်းခွင့်ရစေချင်တယ်''



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"အခု ခါနွေထွက်သွားတာ ကြီးမေကြောင့်"

"ဖေဖေနဲ့ဝသန် လွဲခဲ့တာလည်း သူ့ကြောင့်ပါ သားရယ်"

ဦးသီဟက အညိုရောင်သားရေဖုံးစာအုပ်ကလေးကို ကမ်းပေးရင်း. . .

"ဒါ ဖေဖေ့ရဲ့ဒိုင်ယာရီပဲ သား။ ဖေဖေ့နှလုံးသားက သေဆုံးသွားခဲ့ပြီဆိုတော့ ဘယ်လိုသေဆုံးခဲ့လဲသိချင်ရင် သားဖတ်ကြည့်လိုက်ပါ။ ပြီးရင် ဒီစာအုပ်ကို သား အဆုံးစီရင်လိုက်ပါ"

ယုံကြည်ချက် စာအုပ်ကိုလှမ်းယူပြီး ကျောပိုးအိတ်ထဲသို့ ထည့်လိုက်သည်။

"နောက်တော့ ကြီးမေ သိသွားမှာပါ"

"ဘာကိုလဲ သား"

"သားက ဖေဖေမဟုတ်ဘူးဆိုတာ"

ဦးသီဟ လွန့်ခနဲပြုံးလိုက်မိသည်။ ဟုတ်တာပေါ့။ သူက သားလိုမှ သတ္တိမရှိခဲ့တာ။

"ဟုတ်တယ်၊ သားက မင်းမေမေနဲ့တူတာ"

မေမေဆိုသောကြောင့် မေမေဝသန်ကိုသတိရ လွမ်းဆွတ်မိသွားသလို မမြင်ဖူးလိုက်သည့်မေမေ့ကိုလည်း မှန်းဆကာ တမ်းတမိသည်။

"ဖေဖေ. . . သားကို ဘာမှာစရာရှိသေးလဲ"

"သွားလို့ရပါပြီ"

ယုံကြည်ချက် ဖေဖေ့ကိုကန်တော့ပြီး ထွက်လာခဲ့တော့ ညည့်ခန်းကိုအဖြတ်တွင်. . .

"ဒါက ဘယ်ကိုလဲ ယုံကြည်ချက်"



BURMESE CLASSIC .com



ခြေလှမ်းတွေ ရပ်သွားပြီး လှည့်မကြည့်ပါဘဲနှင့်. . .

"ကျောပိုးအိတ်တစ်လုံး လွယ်ထားပြီဆိုကတည်းက ကြီးမေ သိပြီးသားဖြစ်မှာပါ"

"ဝေ့မနေနဲ့၊ စကားကိုရှင်းအောင်ပြော"

"ကျွန်တော် ဒီအိမ်ပေါ်ကဆင်းတာ"

"ဘာ!"

ဒေါ်ရတနာ ဝုန်းခနဲ ခုန်ထလေ၏။ သူ့အဖေက မတားဘူးလား။

"မင်း ဘယ်ကိုမှမသွားရဘူး"

"ကျွန်တော်က အတ္တအကျဉ်းသားမဟုတ်ဘူး ကြီးမေ။ လက်တွေခြေတွေကို ရိုက်ချိုးထားရင်တောင် နှလုံးသားကတော့ လေးဖက်တွားဆင်းဖို့ အမိန့်ပေးနေဦးမှာ။ ကြီးမေကိုနှုတ်ဆက်ခဲ့ပါတယ်"

"သား. . . ယုံကြည်"

ယုံကြည်ချက် လှစ်ခနဲပြေးထွက်သွားလေတော့၏။ ဦးသီဟကတော့ အပေါ်ထပ်ဝရန်တာကနေ သားကိုလှမ်းကြည့်နေရင်း စိတ်တို့က အတိတ်ဆီသလို အလည်တစ်ခေါက် ပြန်ရောက်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၇ )

သီဟဇော်ရယ်၊ မိုးဝသန်ရယ်၊ ပန်းငုဝါရယ်က အလယ်တန်းလောက်ကတည်းက သိပ်ချစ်ကြတဲ့သူငယ်ချင်းတွေပါ။ သီဟတို့က မိုးကုတ်ကနေ ပြောင်းလာကြတဲ့သူဋ္ဌေးတွေ။ ချမ်းသာတာမှ ကျိကျိတက်လို့ပါပဲ။

ငုဝါလည်း. . .

သီဟတို့လောက် မချမ်းသာပေမယ့် ကိုယ်ပိုင်ခြံနှင့်တိုက်နှင့် ကားစီးနိုင်သူပါ။ ဆင်းရဲလို့ အားငယ်ရသူကတော့ ဝသန်။ ကျောင်းသွားကျောင်းပြန် သုံးယောက်အတူတူက ဘယ်တော့မှမခွဲပေ။ သီဟနဲ့ငုဝါက တစ်လမ်းတည်းဆိုတာထက် တစ်ခြံကျော်နေကြသူတွေမို့ ဝသန့်ကို ကျောင်းသွားတိုင်း ဝင်ခေါ်ကြသည်သာ။

"ဝသန်ရေ"

"ဝသန်"

"ဟယ်! သီဟနဲ့ ငုဝါပါလား"





"သတင်းကောင်းပါလာတယ်ဟေ့၊ တို့ကို ဘာစားစရာနဲ့ ဧည့်ခံမလဲ. . . ပြော"

"ဘာသတင်းလဲ"

"တို့ အောင်စာရင်းကြည့်လာပြီးပြီ၊ နင် ဂုဏ်ထူးနှစ်ခုပါတယ် ဝသန်"

"ဟယ်! ဝမ်းသာလိုက်တာ"

ဝသန် အဝတ်တွေလှန်းနေရင်း ပြုတ်ကျတာတွေကိုတောင် ငုံ့မကောက်နိုင်။ ဝမ်းသာလွန်းလို့ လက်ခုပ်လေးတီးကာ ထခုန်လေ၏။ ပြီးမှ

"ဒါနဲ့ နင်တို့နှစ်ယောက်ရော"

"သီဟလည်းအောင်တယ်၊ နင့်လိုပဲ ဂုဏ်ထူးနှစ်ခုနဲ့ဟ"

"နင်ကော ငုဝါ"

"ငါကတော့"

ငုဝါမျက်နှာလေးပျက်ပြီး ခေါင်းငုံ့သွားတော့ ဝသန့်ရင်ထဲမှာ စိုးရိမ်သွား၏။ သူတို့သုံးယောက်ထဲမှာ ငုဝါက စာအတော်ဆုံးပါ။ ဒါပေမဲ့ စာမေးပွဲရက်မှာ ငုဝါ နေမကောင်းဖြစ်နေရင်း ဝင်ဖြေခဲ့တာဆိုတော့ မစိုးရိမ်ဘဲ ရှိပါ့မလား။

"ဖြေလေ ငုဝါ၊ နင်အောင်တယ်မို့လားဟင်"

"သီဟ. . . နင်ပဲဖြေလိုက်ပါဟာ"

သီဟကိုကြည့်တော့လည်း မျက်စိမျက်နှာပျက်လျက်. . .

"ငုဝါကတော့"

"ဟင်! "

ငုဝါရောသီဟပါ အသံတိတ်သွားကြပြီး အကြည့်ချင်းဆုံသွားကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူတို့အချင်းချင်းတော့ မျက်လုံးချင်းစကားပြောနေကြလျက် အတန်ကြာမှ. . .

"သူ ကျတယ်"

"အို. . . ဟုတ်ရဲ့လား သီဟာရယ်"

"ဟုတ်တယ် ဝသန်၊ နင်မယုံရင် သူ့ဒူးကိုလှန်ကြည့်ပါလား။ သွေးတောင် ထွက်နေသေးတယ်"

"ဘယ်လို"

"ငါ စက်ဘီးပေါ်ကပြုတ်ကျတာ ဝသန်ရဲ့၊ ဒူးပွန်းသွားပြီ။ ဂုဏ်ထူးလေးခုနဲ့အောင်လို့ ဝမ်းသာအားရ ခုန်တက်လိုက်တာလေ။ သီဟာက တအားနင်းထွက်တော့ ပြုတ်ကျကျန်ခဲ့တာ"

"ဟယ်!"

"ဟား. . . ဟား. . . ဟား. . . ကောင်မလေး ငုဝါကျတာ စာမေးပွဲထင်ပြီး မျက်လုံးက ဖီးကွက်ဖြစ်သွားတာပဲ"

သီဟာနှင့်ငုဝါ ရယ်လေတော့မှ ဝသန် ဟင်းခနဲသက်ပြင်းချပြီး

"ငါ့ကိုညာတဲ့ ခွေးစုတ်နှစ်ကောင် တွေ့မယ်"

"ဟ. . . ဟ"

"ခစ်. . . ခစ်"

"ဟား. . . ဟား. . . ဟား"

ဝသန် လိုက်ထုလေတော့ သီဟာက ငုဝါ့လက်ကိုဆွဲကာ အိမ်ပေါ်သို့ တက်ပြေးလေတော့၏။ အိမ်ပေါ်ရောက်မှ သုံးယောက်သား တက္ကသိုလ်မြေကိုခြေချဖို့အရေး တွေးပျော်နေကြပြီး နောက်မှ သူတို့အတန်းအတူတူတက်လို့မရတော့တာကို တွေးမိပြီး ပထမဦးဆုံး ဝမ်းနည်းစကားဆိုမိသူ





က ဝသန်။

"ငုဝါနဲ့တို့က ဒါဆို ခွဲရတော့မှာပေါ့"

"ဘာဖြစ်လို့လဲ"

"သူက ဆေးတက်ရမှာလေ၊ တို့နဲ့မှ မတူတော့တာ"

"ဘာလို့ခွဲရမှာလဲ၊ ငါ ဆေးမတက်ပါဘူး။ နင်တို့နဲ့ပဲ အတူတူလိုက်တက်မှာ"

"ဖြစ်မလားဟ၊ နင့်အိမ်က သဘောတူမှာမဟုတ်ဘူး"

"ငါ ဝါသနာမပါလို့လို့ ပြောမှာပေါ့"

သီဟာနဲ့ ဝသန် စိတ်မကောင်းဖြစ်သွားကြ၏။ သူငယ်ချင်းတွေ အပေါ်ထားတဲ့ ငုဝါရဲ့သံယောဇဉ်အတိမ်အနက်ကို ပိုသိရပေမယ့်. . .

"နင် အဲဒီလိုတော့ မဆုံးဖြတ်နဲ့ ငုဝါ။ တို့က နင့်လောက်မတော်လို့ ဆေးတက်ခွင့်မရတာ။ ဒီအခွင့်အရေးမျိုးရဖို့ဆိုတာ မလွယ်ဘူး။ နင် ဆေးပဲ တက်ပါဟာ၊ နင်ရတဲ့ဂုဏ်ထူးမှတ်တွေကို နမြောစရာကြီး"

"သီဟာပြောတာမှန်တယ် ငုဝါ၊ နင် ဆရာဝန်ဖြစ်တော့ တို့ဂုဏ်ယူရတာပေါ့။ ကျောင်းမှာမတွေ့ရတော့ရော ဘာဖြစ်လဲ၊ အိမ်မှာတွေ့လို့ရတယ်လေ။ အဝေးကြီးခွဲသွားကြရတာမှ မဟုတ်တာပဲဟာယ်။ နင် ကိုယ့်ပညာကို အလေးထားစမ်းပါ ငုဝါရယ်"

နှစ်ယောက်သား ဝိုင်းပြီးနားချကြတော့ ငုဝါ ခေါင်းမညိတ်ခေါင်းမခါနှင့် နှုတ်ဆိတ်နေခဲ့သည်။ သူ့အိမ်ကလည်း ဆေးမှတ်ဝင်တာ ဆေးပဲတက်ရမည်လို့အမိန့်ချတော့ ငုဝါ ဆေးတက်ဖို့ပဲ ဆုံးဖြတ်ခဲ့ရ၏။ အောင်စာရင်းထွက်ပြီးလို့ တစ်ပတ်လောက်ကြာတော့ သီဟာဖေဖေက သူတို့သုံးယောက်စလုံးကိုခေါ်ကာ. . .



www.burmeseclassic.com

www.burmeseclassic.com



"ဒီပတ္တမြားပွင့်လေးသုံးပွင့်က အရွယ်တူပုံစံတူလေးတွေမို့ ဖေဖေ သိမ်းထားခဲ့တာ ကြာပြီ။ အရမ်းကြီးတော့ တန်ဖိုးမကြီးပါဘူး။ အခု သား နဲ့သမီးတို့က စာမေးပွဲအောင်ကြတယ်ဆိုတော့ အသုံးဝင်သွားပြီ။ ဂုဏ်ပြု ထိုက်သူတွေမို့ ဂုဏ်ပြုချီးမြှင့်တာပါ။ ဆွဲကြိုးသုံးကုံးစလုံး ပုံစံတူရွှေချိန်တူ ပဲ။ ဒါကို အားလုံးလက်ခံပေးကြပါ"

ဆိုပြီး သီဟာဖေဖေက သူတို့သုံးယောက်စလုံးရဲ့လည်ပင်းမှာ ငါး ကြင်းရုပ်ကလေးနှင့်ဆွဲကြိုးကို ကိုယ်တိုင်ဆွဲပေးခဲ့တာပါ။ တက္ကသိုလ်တက် ကြပြီဆိုတော့. . .

အမြဲတမ်း သွားအတူလာအတူရှိနေသော သီဟာနှင့်ဝသန်ကို သူ ငယ်ချင်းတွေက စကြသည်။

"မင်းတို့နှစ်ယောက်က ဘယ်အခါပဲကြည့်ကြည့် မခွဲမခွာပဲနော်၊ မရိုးရင်လည်း မရိုးကြောင်းဝန်ခံစမ်းပါ"

"သီဟာနဲ့ဝသန် နာမည်းချင်းမလိုက်ဖက်ပေမယ့် လူချင်းကတော့ မောင်ရှေ့ကိုတည့်တည့်လျှောက်ရင်. . . "

"မေလည်း ရှေ့ကိုတည့်တည့် လိုက်မယ်မောင်ရယ်ဆိုတာမျိုး လေ။ ရှေ့သွားနောက်လိုက်ညီတာ"

အတိုင်အဖောက်ညီညီ စနေကြသော သူငယ်ချင်းတွေရှေ့မှာ ဝသန် နေစရာမရှိအောင် ရှက်နေပုံလေးက သီဟာနှလုံးသားတွေကို ထိန်း ချုပ်လို့မရအောင် လှနေ၏။ လှလို့ချစ်တာတော့ မဟုတ်ပါဘူး။ ချစ်လို့လှ တာလို့ပဲ ပြောရမည်လေ။

ဘာကြောင့်လဲဆို. . .

ငဝါသည် သူတို့ကျောင်းမှာ Queen တဲ့။ လှတာချင်းတူရင်





တောင် နှလုံးသားက အချစ်ကိုပိုလှအောင် မွမ်းမံခြယ်သနိုင်သည်။ နောက် တော့ သီဟာ ကိုယ့်နှလုံးသားကို မထိန်းချုပ်နိုင်တော့လို့ ဝသန့်ကိုဖွင့်ပြော တဲ့အချိန်မှာတော့. . .

"ငါလည်း နင့်ကိုချစ်မိပါတယ် သီဟာရယ်၊ ဒါပေမဲ့"

"ချစ်တယ်ဆို ပြီးပြီလေ၊ ဒါပေမဲ့က ဘာလို့ ခြေထိုးခံတာလဲ"

"ငဝါက ရှိသေးတယ်လေ"

"ဝသန်ရယ်. . . သူငယ်ချင်းတွေ ချစ်ကြတာ နှလုံးသားရေးထဲ ..ထိ ကြားညှပ်ဆွဲခေါ်ဖို့လိုသလား။ သူလည်း အချိန်တန်ရင် နွားပိန်ကန် မှာပဲ"

"ဘယ်လို"

"အဟဲ! သူလည်း ရည်းစားထားမှာကိုပြောတာ။ သူတို့ကျောင်း မှာ သူက Queen ပဲလေ။ ချစ်သူတစ်ယောက်ကို ခေါင်းခေါက်ရွေးလို့ ရတယ်။ ငါကသာ တစ်ယောက်ဆိုတစ်ယောက် ပိတောက်ဆိုပိတောက်"

"တော်စမ်းပါ၊ ပိတောက်လည်း ခြောက်လာစမ်း၊ နောက်တစ် ယောက် ဖြစ်မှာကိုများ"

"ဒါပေါ့၊ မြန်မြန်ခြောက်အောင် နေပူလှန်း. . . အဲ"

"ခွေးစုတ်"

ဝသန်က သီဟာကျောပြင်ကိုထုလေတော့ သီဟာ ထပြေးလေသည်၊ ဝသန်က နောက်မှလိုက်လေတော့ လူရှင်းသည့်နေရာကို သီဟာပြေး ဝသန့်ကိုယ်လေးကို ဆွဲဖက်ထားလိုက်၏။

"ဟယ်! သီဟာ နင်ဘာလုပ်တာလဲ၊ ဖယ်စမ်းပါ၊ . . လွှတ်"

"ချစ်တယ်လို့ပြော"



www.burmeseclassic.com

www.burmeseclassic.com



"ပြောပြီးသားလေ၊ ဖယ်ပါ. . . လူတွေမြင်ရင် ရှက်စရာကြီး"

"ဟုတ်သားပဲ"

သီဟ လွှတ်ပေးလိုက်တော့ ဝသန်က ရှက်မျက်နှာလေးနှင့် ကျောခိုင်းကာ. . .

"ငုဝါသိရင် ဘာပြောဦးမလဲ မသိဘူးနော်"

"ဝသန်ရယ်. . . ကြံကြောက်လို့ ကားအောက်တိုးမှ ကားမှောက်လို့သေဆိုတာမျိုး ဖြစ်တော့မှာပဲ။ ငုဝါသိတော့ရော ဘာဖြစ်လဲ။ ငါချစ်လို့ ငါပြော နင်ချစ်လို့ နင်လက်ခံတာလို့ သူ့ဆီမှာ အစီရင်ခံစာတင်နေရဦးမှာလား။ ကိုယ့် ကိုယ်ပိုင်လွတ်လပ်ခွင့်ကို ဘယ်သူမှတားဆီးပိတ်ပင်လို့မရဘူး. . . သိလား"

"ဟုတ်တော့ဟုတ်ပါတယ်"

"မဟုတ်တာက ဘာလဲ"

"ငုဝါလည်း နင့်ကိုစိတ်ဝင်စားနေသလားလို့ပါ"

"မဖြစ်နိုင်ပါဘူးဟာ၊ အဲဒါတွေးနေရင် နင်နဲ့ငါ ချစ်သူဘဝကို ဘယ်လိုဖြတ်သန်းကြမလဲ. . . ပြော။ မဆိုင်တာတွေ ဆွဲဆွဲထည့်မနေနဲ့။ တို့နှစ်ယောက်တည်းရှိတဲ့အချိန်ရဲ့ ပျော်စရာလေးတွေကို ဘယ်စိမ်းကိန်းနဲ့မှ ဖျက်မပစ်ပါနဲ့ ဝသန်ရယ်. . . နော်"

ထိုအချိန်ကစလို့ ချစ်သူဆိုတဲ့ဝေါဟာရကလေးအောက်မှာ နှစ်ယောက်သား ခိုဝင်လို့ ပျော်ခဲ့ကြတာ မိုးမမြင်လေမမြင်။ ငုဝါ သိတော့လည်း. . .

"ခုလိုဖြစ်တော့လည်း ကောင်းတာပေါ့ဟယ်၊ ငါဝမ်းသာပါတယ်။ အဟွန်း. . . တော်ကြာ ငါ ခဏခဏလာလို့ ပဲလှော်ကြား ဆားညပ်တယ်





ဖြစ်နေဦးမယ်"

"မဟုတ်တာ ငုဝါရယ်၊ တို့သုံးယောက်က အမြဲတမ်းတစ်သားတည်းဖြစ်နေတဲ့ဟာ။ အခြေအနေတစ်ခုလေး ပြောင်းသွားတာနဲ့ သွေးကွဲစကားမပြောပါနဲ့ဟယ်"

ငုဝါက ဝသန့်ကိုဖက်ပြီး ပါးကိုရွှတ်ခနဲနမ်းကာ. . .

"ငါက ဘာလို့သွေးကွဲရမှာလဲ၊ စလို့စမုန်းလည်းမသိဘူး။ နင်တို့ မင်္ဂလာဆောင်ရင် ငါက သတို့သမီးအရံလုပ်မှာသိလား။ ငါနဲ့လိုက်ဖက်မယ့် သတို့သားအရံကိုလည်း ငါ့စိတ်ကြိုက်ရွေးချယ်မယ်"

ရယ်မောပြောဆိုနေတဲ့ ငုဝါ၊ သူတို့နောက်ကွယ်မှာ ကျိတ်ငိုနေမယ်ဆိုတာကို သူတို့ ဘယ်သိပါ့မလဲလေ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၈)

ငုဝါ အရင်ကလို သူတို့နှင့်ရောနှော၍ အချိန်အားတာနှင့် ရောက်လာတာမျိုး မရှိတော့ပေ။ လမ်းမှာတည့်တည့်တွေ့မှ ပြုံးပြနှုတ်ဆက်တတ်တာမျိုးပဲ ရှိတော့၏။ ရှောင်ဖယ်ရှောင်ဖယ်နှင့် ငုဝါလုပ်နေတာ ဘာကြောင့်မှန်း အစကမသိပေမယ့် နောက်မှသိလာရသည်မှာ. . .

"ငါ ဒီနေ့ ငုဝါအိမ်ကို ရောက်လာခဲ့တယ် သီဟ။ သူနဲ့တော့ မတွေ့ခဲ့ဘူး။ စာကြည့်ခန်းထဲမှာ သူ့ဒိုင်ယာရီလေးကိုတော့ ငါရှာတွေ့ခဲ့တယ်"

"သူက အဲဒီလို အလွယ်တကူထားသလား"

"မဟုတ်ဘူး၊ ငုဝါကို ခဏနေပြန်လာမယ်ဆိုလို့ ထိုင်စောင့်နေတုန်း သူ့အဘိုးက တရားစာအုပ်အရှာခိုင်းလို့ သွားရှာပေးရင်းတွေ့တာ"

"အဲဒီတော့"

ဝသန့်အသံက တိတ်ဆိတ်သွားသည်။ ငုဝါက အဘိုးနှင့်နေရ





သော မိဘမဲ့လေးမို့ ဝသန်က ကရုဏာပိုခဲ့တာ။ ပြည့်စုံခြင်းဆိုတာ ချမ်းသာကြွယ်ဝမှုနဲ့မဆိုင်ဘူးလို့ ဝသန် ပြောဖူးသည်။ ဝသန်က မချမ်းသာပေမယ့် မိစုံဖစုံရှိတော စိတ်ချမ်းသာသူ။

"ဆက်ပြောလေ ဝသန်"

ဝသန်က သူ့ကိုခပ်မော့မော့လေး ကြည့်လျက်. . .

"ငုဝါ. . . ငုဝါကလေ"

"ငုဝါ ဘာဖြစ်လဲ"

"သူက နင့်ကိုချစ်နေတာ သီဟရဲ့"

"ဘာ! "

"ငါ နင့်ကိုချစ်မိတာ မှားပြီထင်တယ်"

"ဘာဆိုင်လို့လဲ၊ ငုဝါကို ငါက သူငယ်ချင်းလို ညီမလေးလိုပဲချစ်တာ။ မတူတာကို မယှဉ်ပါနဲ့ ဝသန်ရယ်၊ ငါကတော့ နင့်ကိုပဲချစ်တာ"

"ငါ ငုဝါကိုသနားတယ်"

"လုပ်မနေနဲ့၊ အချစ်စစ်ရဲ့စေစားရာကို လူတိုင်း နာခံနေကြတာ မှန်တယ်။ ဒါပေမဲ့ နှစ်ဦးနှစ်ဖက် ကြည်ဖြူမှုတနေမှ အချစ်ဆိုတာက အဓိပ္ပာယ်ရှိတာ။ တစ်ဖက်သတ်ဆိုတာ တစ်ဖက်ပဲ သေတာ၊ အဲဒီတစ်ဖက်သတ်ကို ဦးစားပေးပြီး သနားကရုဏာစိတ်နဲ့ နှစ်ဖက်ကြည်ဖြူသူတွေ အရှုံးပေးရင် နှစ်ဖက်စလုံးသေမှာနဲ့ တွေးကြည့်ဦး"

လို့ အချစ်အကြောင်းတွေပဲ ပိုင်ပိုင်နိုင်နိုင်ပြောတဲ့သီဟ [illegible] ဆိုင်းမှာတော့ ငါ မိုလ်ဖြစ်ခဲ့ပြီး၊ မမရှေ့ကိုရောက်တော့ နဲ့ခွက်[illegible] တက်နင်းမိသူလို ခေါင်းမဖော်ရဲပေ။

"လူဆိုတာ ကိုယ့်အဆင့်အတန်းနဲ့ကိုယ် [illegible]ရာကိုကြည့်တတ်



www.burmeseclassic.com

www.burmeseclassic.com



ရတယ် သီဟ။ ဝသန်တို့က တစ်ဆွေလုံးတစ်မျိုးလုံး ချမ်းသာတာ လိုက်စု၊ မင်းစီးတဲ့ကားဘီးတစ်ဘီးတန်ဖိုး မရှိအောင် ဆင်းရဲတာ ငါသဘော မတူနိုင်ဘူး''

''မမ''

''ဘိုးစဉ်ဘောင်ဆက် ချမ်းသာလာတဲ့ ကိုယ့်မျိုးရိုးဂုဏ်သိက္ခာကို ထိန်းသိမ်းသောအားဖြင့် မင်းခြေလှမ်းကွေကို နောက်ဆုတ်ပါ သီဟ။ မင်းမဆုတ်လို့ ငါရိုက်ချိုးပေးရရင် နောင်တဆိုတဲ့တံဆိပ်ကို မင်းရင်ဘတ်မှာ သေသည်အထိ ရိုက်နှိပ်ခံထားရသလို ဖြစ်လိမ့်မယ်''

''မမကလည်းဗျာ၊ ပြောချလိုက်တာ ကိုယ်ချင်းမစာဘူး''

မမရတနာရဲ့ မျက်ဝန်းတောက်တောက်တွေက သူ့မျက်နှာပေါ်မှာ ကျိုးဖြုကျိုးမည်းဆိုပြီး အရယ်တိုက်နေတာမဟုတ်။ လက်နက်ရှာပြီး မျက်လုံးကိုထိုးဖောက်နေချင်တာမျိုးနှင့် မဲ့ခနဲဖြစ်သွားကာ. . .

''ငါ ကိုယ်ချင်းမစာတတ်ဘူး၊ အချစ်ဆိုတာကို အယုံအကြည်လည်းမရှိဘူး။ လာရွတ်ပြမနေနဲ့။ ငါသိတာ ငါ့မျိုးရိုးဂုဏ်သိက္ခာကို ထိန်းသိမ်းဖို့ပဲ၊ ငါနဲ့တန်တဲ့လူတောင် ရှာမတွေ့သေးလို့ အခုထိ ချစ်သူရည်းစား ငါ မထားခဲ့တာဘဲ။ အကြီးဖြစ်တဲ့ငါ့ကို ကျော်တက်ပြီး မင်းမောင်းဖို့ကြိုးစားနေတာ ဆိုက္ကားစုတ်ဆိုတာ မသိဘူးလား။ ငါနောက်ဆုံးအပြတ်ပြောမယ်''

သီဟ ဘာမှဝင်ပြီးမပြောသာအောင် ပြောချလိုက်တာ စကားလုံးကြားကို ရေပက်လို့မဝင်။

''မင်း. . . ဝသန့်ကို အဆက်ဖြတ်ရင်ဖြတ်၊ မဖြတ်လို့ ငါပြတ်အောင် ဝင်ခုတ်ချပေးရင် မုန်လာဥလို သွေးထွက်ရာမရှိဘဲ အပိုင်းပိုင်း





ဖြစ်သွားလိမ့်မယ်နော် သီဟ''

ချမ်းသာသလောက် မောက်မာသောမမက ပြောလျှင်ပြောတဲ့အတိုင်း လုပ်တတ်သူပီပီ၊ ဖြစ်သင့်တာတွေ လုပ်သင့်တာတွေ ဘယ်တော့မှ မစဉ်းစား မချင့်ချိန်တတ်ပေ။ သီဟကရော ငယ်ငယ်လေးကတည်းက သံယောဇဉ်တွယ်လာသည့် သူငယ်ချင်းအချစ်ဦးလေးကို ဘယ်လို တုံးခနဲ တိခနဲ ဖြတ်နိုင်ပါ့မလဲ။

ဒါကို. . .

မမက ပြတ်အောင်လုပ်တဲ့နည်းကတော့ ဝသန့်ကိုပိုးနေသော ဝသန်တို့လမ်းထဲက ကောင်တစ်ယောက်ကို ငွေပေးပြီး ကားတင်ပြေးခိုင်းခဲ့သည်။ မြန်မာတို့ရဲ့ထုံးတမ်းစဉ်လာအရ ခိုးပြေးပြီဆိုကတည်းက ဘာဖြစ်ဖြစ် ပေါင်းရမည်ဆိုတဲ့သ ဘောနှင့် တစ်လင်တစ်မယားစနစ်ကို တန်ဖိုးထား၍ မမစနက်မီးကြောင့် ဝသန် အိမ်ထောင်ကျခဲ့ရသည်။

ဒီတော့. . .

သီဟတို့ အသည်းကို အရက်နှင့်စိမ်၍ကုသည်။ မနက် အရက် ည အရက်နှင့် တန်ပြန်ရလွန်း၍ အမူးပြေချိန်မရှိသည့်ကာလကလေးမှာ ငုဝါရောက်လာပြီး အားပေးနှစ်သိမ့်စကားဆိုခဲ့စဉ်၊ သီဟမျက်လုံးထဲမှာ မြင်နေရသည်က ငုဝါမဟုတ်ဘဲ ဝသန့်မျက်နှာသာ ဖြစ်နေခဲ့ပြီး. . .

''ဝသန့်. . . ဝသန့်''

''သီဟ. . . ငါ ငုဝါလေ၊ ဝသန်မဟုတ်ပါဘူး''

''နင်ရက်စက်တယ်၊ အရမ်းရက်စက်တယ် ဝသန့်ရယ်''

''အို. . . သီဟ''

''နင့်ကို ငါအရမ်းချစ်တယ် ဝသန်၊ နင့်ကိုချစ်တယ်''



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး. . . သီဟ"

"ချစ်တယ်"

"လွှတ်ပါ"

ငုဝါကို ဝသန်လို့ထင်ပြီး သီဟ မှုးမှူးနှင့်မှားခဲ့သည်။ မသိလို့ပဲ မှားမှား သိလျက်နှင့်ပဲ မှားမှား၊ ကိုယ့်အမှားအတွက် ကိုယ်တာဝန်ယူရဲတဲ့သတ္တိမရှိဘဲ သီဟ. . . မမရဲ့စီမံချက်နဲ့ နိုင်ငံခြားကို ရှောင်ထွက်သွားသလိုဖြစ်ခဲ့၏။

မကြာလိုက်ပါဘူး. . .

ဝသန်ကိုယ်တိုင် သူ့ကိုဆက်သွယ်လာပြီး ငုဝါကိုလက်ထပ်ဖို့ တောင်းဆိုခဲ့သည်။ မချစ်မနှစ်သက်သောသူနှင့် ပေါင်းသင်းရမည့်ဒုက္ခကို ကြောက်တာရယ်၊ မမကိုမလွန်ဆန်နိုင်တာရယ်ကြောင့် သူ ခါးခါးသီးသီး ငြင်းခဲ့တာသည် ဝသန်နှင့်ငုဝါ့ရင်ထဲကို အမုန်းတွေ အစာသွပ်ပေးလိုက်သလိုပါပဲ။ ပဋိပက္ခတွေဖြစ်ကြပြီး အရာအားလုံးကိုမေ့နိုင်အောင် စိတ်ကို အလုပ်ထဲမှာ နှစ်မြှုပ်ထားခဲ့၏။

နှစ်တွေ ကြာလာပေမယ့် မြန်မာပြည်ကိုပြန်ဖို့ မမခေါ်တိုင်းငြင်းဆန်နေခဲ့သည့်ကာလတွေ ရှိခဲ့သည်။ နောက်တော့ သူ့ကို သံယောဇဉ်ကြိုးတစ်ချောင်းနှင့် လည်ပင်းကိုစွပ်ပြီး ပြန်ဆွဲခေါ်ခဲ့တာလည်း မမပါ။

"နင် ငုဝါနဲ့မှားခဲ့တယ်ဆိုတာ တကယ်ပဲလား သီဟ"

"ဘာဖြစ်လို့လဲ မမ"

"ငါမေးတာကိုပဲဖြေပါ"

သူ ဘာမှပြန်မဖြေဘဲ တိတ်ဆိတ်စွာရှိနေတော့. . .

"ငုဝါမှာ ဘယ်သူနဲ့ရမှန်းမသိတဲ့ ကိုယ်ဝန်ရှိနေလို့ဆိုပြီး သူ့အဘိုး





က ရှက်လို့ သွေးတိုးပြီး ဆုံးသွားတယ်။ သူ့အဘိုးဈာပနပြီးတော့ ငုဝါ ပျောက်သွားတယ် သီဟ"

"ဘယ်လိုပျောက်သွားတာလဲ"

"အခုမှ ငုဝါတို့အိမ်မှာ ထမင်းချက်လုပ်ခဲ့တဲ့ဒေါ်ညိုမိပြောပြလို့ သိရတာ။ ငုဝါကိုခေါ်ပြီး ဝသန်တို့လင်မယားပါ နယ်ကိုပြောင်းသွားကြတာတဲ့"

ငုဝါနဲ့သူ မှားခဲ့တာလည်း မှန်နေသည်။ ငုဝါပျောက်သွားသည့် ကာလနှင့်အချိန်ကို ပြန်ပြီးချိန်ကိုက်ကြည့်တော့ ကိုယ့်ရင်သွေးဆိုတဲ့အသိက မြန်မာပြည်ကိုပြန်လာဖို့ လက်ကမ်းဆွဲခေါ်သည့်နှယ်။ မြန်မာပြည်ကို ပြန်ရောက်တော့ စုံစမ်းပေမယ့် ငုဝါ ကလေးမွေးပြီး သိပ်မကြာခင်မှာပဲ ဆုံးသွားခဲ့သည်ဆိုသည့်သတင်းမှလွဲ၍ ကလေးနှင့်ဝသန်တို့လင်မယား အစ ပျောက်နေ၏။

ဟိုမှာနေတယ်ဆိုလို့ သွားစုံစမ်းလိုက်၊ ပြောင်းသွားပြီ။ ဒီမှာနေတယ်ကြားလို့ လိုက်သွားကြည့်၊ ပြောင်းသွားပြန်ပြီဆိုတာနှင့်ပဲ နောက်တော့ ဝသန့်လက်ထဲမှာ ကိုယ့်ရင်သွေးရှိနေတာပဲဆိုပြီး စိတ်ချစွာ လက်လျှော့ခဲ့တာပါ။

တွေ့မယ့်တွေ့တော့. . .

ယောင်းမ ခါးထိုးပြီးရှာသလို ရန်ကုန်ထဲမှာပဲ ပြန်တွေ့ခဲ့သည့်နောက်မှာ အဖြစ်အပျက်တွေက မယုံကြည်နိုင်စရာပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီအရွယ်က အထက်တန်းကျောင်းသားလေးလို အာဏာပါဝါတွေပြပြီး ခြိမ်းခြောက်ချုပ်ကိုင်ထားလို့မရဘူး မမ။ သားက အသက်နှစ်ဆယ်ကျော်နေပြီ။ သူ့မှာ ကိုယ်ပိုင်လွတ်လပ်ခွင့်နဲ့ ဆုံးဖြတ်ပိုင်ခွင့်ရှိတယ်။ သွားပါစေ"

"ဘာပြောတယ် သီဟ"

"တကယ်ဆို. . . ကျွန်တော်တို့က အပင်မစိုက်ဘဲ အသီးကျမှ ကောက်ယူခဲ့သူတွေပါ"

"အို. . . ဘာပဲဖြစ်ဖြစ် ဒီကလေးက တို့ရဲ့သွေးသား။ ရတနာစံအိမ်ရဲ့ တစ်ဦးတည်းသော မျိုးဆက်။ သူတစ်ခုခုဖြစ်သွားရင် ဘယ်လိုလုပ်မလဲ"

သြော်. . . ကိုယ့်သွေးသားကျတော့ တယ်ပြီးသိတတ်ပါလား။ သူများသားသမီးကျတော့ မိန်းမပျိုလေးတစ်ယောက်ကို ငွေနဲ့ပေါက်ပြီး ကမ်းမဲ့ ဗေဒါဖြစ်အောင် လုပ်ရက်တဲ့သူကို ကိုယ်ချင်းစာကြည့်ပါလို့ မပြောချင်တော့ပေ။

"ခါနွေဦးတောင် မိန်းကလေးတန်မဲ့ ဖြစ်လာသမျှကို ရဲရဲရင်ဆိုင်နိုင်သေးတာပဲ။ သားက ယောကျ်ားလေးပါ။ သူ့ကိုယ်သူ ထိန်းကျောင်းတတ်နေပါပြီ"

"ဟင်! "

'ဟင်' ဆိုတဲ့အသံနောက်မှာ ဘာမှထွက်လာသံမကြားရဖို့ ချောင်မြန်စွာ ထွက်ခွာလာခဲ့ခြင်းရဲ့နောက်မှာ သူက အဖေတစ်ယောက်ပါလေ။

* * *



## အခန်း ( ၁၉ )

"သီဟ. . . ဟဲ့! သီဟ"

"ဟင်! ဗျာ. . . ဗျာ"

အသံစူးစူးနှင့်ခေါ်လည်းခေါ်၊ လူကိုလည်း အကြမ်းပရမ်း ဆွဲလှုပ်လေမှ ဦးသီဟ အတိတ်မှာ ခြေကျွံနေသောအတွေးစတို့ ပြတ်တောက်၍ ပစ္စုပ္ပန်သို့ ပြန်ရောက်လာသည်။ မမက မျက်ရည်လည်ရွှဲနှင့် သူ့ကိုကြည့်လျက်. . .

"နင် ဖအေတစ်ယောက် မဟုတ်ဘူးလား"

"ဟုတ်တယ်လေ"

"ဟုတ်တယ်ဆိုပြီး ကလေးထွက်သွားတာကို နင် ဒီအတိုင်းပဲကြည့်နေသလား။ မတားတော့ဘူးလား သီဟရဲ့။ သွား. . . နင် အခုလိုက်ခေါ်"

ဦးသီဟ မသက်မသာ သက်ပြင်းချလိုက်ရင်း. . .



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၀ )

နံနက်ခင်း၏ အေးမြလတ်ဆတ်သော အလင်းရောက်အောက်မှာ ဝရန်တာလေးကိုမှီပြီး မြင်မြင်သမျှ လိုက်ငေးနေရတာ အရသာတစ်မျိုးပါ။ အိမ်လေးက မကြီးပေမယ့် ခေတ်မီဒီဇိုင်းပုံနှင့် လှပနေသည်။

ခါနွေ ခြံထဲက ချယ်ရီပင်နှင့်ပန်းပင်တွေကို ငေးကြည့်ရင်း ပြုံးနေမိ၏။ တောင်ကြီးရဲ့အအေးဓာတ်က ရန်ကုန်လိုမဟုတ်တာကြောင့် ဆွယ်တာအဖြူရောင်လေးကို ဝတ်ထားတော့ မျက်နှာလေးကလည်း အဖြူရောင်နှင့်အေးချမ်းခြင်းတို့ အရောင်ဟပ်လျက် ကြည်စင်သန့်ရှင်းနေသည်။

"ခါနွေ"

"ဟင်"

"ပျင်းနေပြီလား"

"မပျင်းပါဘူး ဝါဝါရယ်၊ ပျင်းခန်း မရောက်အောင်ကိုပဲ ဒီတောင်ကြီးမြို့ရဲ့သဘာဝအလှတွေက ငါ့နှလုံးသားကိုဖမ်းစားထားတာ။ ရန်ကုန်





မှာဆိုရင် မျက်စိလည်းရှုပ်၊ နားလည်းရှုပ်၊ ကားသံလူသံတွေနဲ့ ဆူညံနေတာပဲ။ ဒီမှာက ဒီနေရာလေးက အေးချမ်းတယ်။ မျက်စိလည်းကြည်ပြီး နားပူသက်သာတယ်"

"ဒါဆို နင် တောင်ကြီးသားတစ်ယောက်ကိုပဲ ရှာယူလိုက်တော့"

"ဘာဆိုင်လို့လဲဟ"

"ဆိုင်တာပေ့ါ၊ တောင်ကြီးသားကိုယူရင် နင် တောင်ကြီးမှာ တစ်သက်လုံးနေခွင့်ရမှာလေ"

လေတစ်ချက်အသော့မှာ ဆံနွယ်ပျော့လေးတွေက လူးလွန့်သွား၏။ ခါနွေ တောင်ကြီးကိုရောက်လာခဲ့တာ ဝါဝါ့ကျေးဇူးကြောင့်ပါ။ ဝါဝါက သူ့ဘကြီးလင်မယားမှာ သားထောက်သမီးခံမရှိဘူး၊ သွားနေဟုဆိုကာ ခေါ်လာခဲ့ခြင်းပါ။ ဒီရောက်တော့ ခါနွေ့အတွက် အဆင်ပြေသည်လေ။ ဘကြီးက အသက်ကြီးပြီဆိုတော့ သူ့ခြံလုပ်ငန်းတွေကို ဦးစီးပြီးလုပ်ပေးပါတဲ့လေ။

ခုဆိုလျှင်. . . . . . ခါနွေရောက်ကတည်းက ခြံလုပ်ငန်းတွေမှာ ဘကြီးနဲ့လိုက်ပြီး ကူညီခဲ့တာ တစ်ပတ်ပင်ရှိပြီ။

"ခါနွေ"

"အင်း. . . ပြော"

"ငါကပြန်တော့မှာဆိုတော့ စိတ်ချထားခဲ့မယ်နော်၊ နင်သာ ကြွေးစား။ ကံကောင်းရင် ဘကြီးတို့လင်မယားက နင့်ကိုမွေးစားနိုင်တယ် သိလား။ မနက်ကတောင် ပြောနေသေးတယ်၊ ငါ့ကို ဒီလိုကလေးမျိုး စောစောက လာပို့ပေးပါလားတဲ့။ တို့က သားသမီးမရှိ၊ သူတို့မိဘမဲ့ ဘယ်လောက်များ အဆင်ပြေလိုက်သလဲတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ငါကတိပေးပါတယ် ဝါဝါရယ်၊ စိတ်ချ! ဘကြီးတို့လုပ်ငန်းတွေကို ငါ့လုပ်ငန်းလိုသဘောထားပြီး ကြိုးစားသွားမှာ"

"အဆင်ပြေပါစေ ခါန္တေရယ်"

"တကယ်ဖြစ်ချင် တကယ်လုပ် အဟုတ်တကယ်ဖြစ်ရမည်တဲ့။ ငါ့နာမည် ခါန္တေဦးပါဟာ"

"နင့်အရည်အချင်းကို ငါယုံကြည်ပြီးသားပါ။ ကြိုးစားထား သူငယ်ချင်း"

နှစ်ယောက်သား တစ်ယောက်လက်ကို တစ်ယောက် တင်းတင်းဆုပ်ကိုင်ထားလိုက်ကြ၏။ အရေးကြီးလို့ သွေးစည်းခဲ့ကြတာလေ။ ဝါဝါသာ မကူညီရင် ခါန္တေ ဘယ်သောင်တင်လို့ ဘယ်ကမ်းဆိုက်မယ်မှန်းမှ မသိတာ။ ဒေါ်ရတနာပေးတဲ့ပိုက်ဆံတွေကိုယူပြီး လိုအပ်တဲ့နေရာတွေမှာ လျှောက်လှူခဲ့ပြီးပြီ။

အိမ်နဲ့ခြံရောင်းလို့ရတဲ့ငွေလေးနဲ့ ကိုယ့်ဘဝကို ခိုင်ခိုင်မတ်မတ်ရပ်နိုင်အောင် အားဖြည့်နေခဲ့ရတာ။ ခုတော့ စားရေးနေရေးအတွက်က လုံးဝမပူရတော့ချေ။

"ကဲ! လာ. . . ဘကြီးဆီ သွားရအောင်"

"ဘာသွားလုပ်မှာလဲ၊ ငါမပြန်ခင်လေးမှာ နင်နဲ့ငါ နှစ်ယောက်တည်း အေးအေးဆေးဆေးစကားတွေပြောကြမယ်လေ"

"လောလောဆယ် အလုပ်ကိစ္စက အရေးကြီးနေလို့ပါ"

"ဘာအရေးကြီးတာလဲ"

"ဘကြီးက လူကြီးဆိုတော့ စိတ်သွားတိုင်း ကိုယ်မပါနိုင်ဘူးလေ၊ အဲဒါကြောင့် လုပ်ငန်းတွေမှာ တိုးတက်သင့်သလောက် မတိုးတက်ဘူးပေါ့။





ခု ငါက တတ်စွမ်းသလောက် တိုးချဲ့လုပ်ဖို့တွေ ပြောထားတယ်"

"တယ်ဟုတ်ပါလား"

"ဟုတ်ရမယ်လေ၊ ခု အလုပ်သမားထပ်ခေါ်ရမယ်ဟ"

ဝါဝါက ခါန္တေ့ကိုအပြုံးနှင့်စိုက်ကြည့်ကာ. . .

"နင်ပြောတာနဲ့ ငါတောင် ဒီလုပ်ငန်းတွေကို လုပ်ချင်စိတ်ပေါက်လာပြီ"

စကားပြောရင်းဖြင့် နှစ်ယောက်သား ဘကြီးတို့ရှိမည့်နေရာသို့ လျှောက်လာခဲ့ကြသည်။ ဘကြီးတို့က ချမ်းသာပေမယ့် ထည်ထည်ဝါဝါမနေ။ အပြင်အဆောင်အယောင် ပကာသနတွေကို မွမ်းမံခြယ်သမနေဘဲ အတွင်းပစ္စည်းရွှေငွေရတနာတွေကိုသာ ကျစ်နေအောင် ထုပ်ထားသူတွေတဲ့။

"ဟော. . . သမီးတို့ လာထိုင်ကြ"

ဝင်ထိုင်ကြရင်းပဲ ဝါဝါက. . .

"ဘကြီးတော့ ကံကောင်းနေပြီ၊ ခါန္တေကတော့ အချိန်ရှိသရွေ့ အလုပ်အကြောင်းပဲပြောနေတော့တာပဲ။ ခုလည်း လုပ်ငန်းတွေတိုးချဲ့ဖို့ အလုပ်သမားထပ်ခေါ်ဖို့နဲ့ ဖို့တွေများပြီး ဝါဝါ့ကိုတောင် ဂရုမစိုက်တော့ဘူး"

"ကြိုးစားချင်စိတ်ရှိတဲ့သူက ဒီလိုပဲလေ၊ ယောက်ျားပဲဖြစ်ဖြစ် မိန်းကလေးပဲဖြစ်ဖြစ် စိတ်အားထက်သန်ရင် ဘာမဆို မလုပ်နိုင်ဘူး မဖြစ်နိုင်ဘူးဆိုတာ မရှိဘူး။ ယောက်ျားရင့်မာကြီးတွေဖြစ်နေပြီး ပုဆိုးချိတ်ကြားညှပ် ပုလင်းထောင်ဖို့ပဲ တွေးနေတဲ့သူတွေကတော့ အားနွဲ့တဲ့မိန်းကလေးတွေလောက်တောင် တန်ဖိုးမရှိဘဲ လူဖြစ်ရှုံးနေကြတာ"



www.burmeseclassic.com

www.burmeseclassic.com



ဝိဝိက ခါနွေ့ကိုလက်ကုတ်၍ ဘကြီးကိုမေးငေ့ါပြသည်။ ဘကြီးက နင့်ကိုချီးမွမ်းခန်းဖွင့်နေတာဟူသော သဘောပါ။ လူတိုင်းကို တော်တယ်လို့ မချီးမွမ်းတတ်သောဘကြီးမို့ ခါနွေ့အရည်အချင်းကို သဘောကျနေတာ သိသိသာသာပါ။

ခါနွေကလည်း. . .

ရောက်ကတည်းက အငြိမ်မနေဘဲ ခြံလုပ်ငန်းတွေအကြောင်းကို ခြေသပ္ပတ်တိုင်လည်လုမတတ် လေ့လာဆည်းပူးနေခဲ့တာကိုး။

"ခါနွေက မနေ့ဂုဏ်မောက်တဲ့ ပိုက်ဆံရှိလူတန်းစားတစ်ဦးကြောင့် ခုလိုလေလွင့်ခဲ့ရတာပါ ဘကြီး။ ခါနွေ ပျော့ညံ့တာမဟုတ်ဘူး၊ မာနနဲ့ထွက်လာခဲ့တာ။ လူအတော်များများ မက်မောကြတဲ့ငွေဆိုတာကို သမာအာဇီဝကျကျနဲ့ ခါနွေ ရှာချင်တယ်။ အလုပ်ကြိုးစားမှ ငွေရမှာပဲမဟုတ်လား"

"မှန်တာပေါ့ သမီးရယ်၊ ဗေဒင်ဆရာက ထီးဖြူဆောင်းရမယ်လို့ ဟောကိန်းထုတ်ထားတဲ့ဗေဒင်ကိုယုံပြီး တစ်နေ့ ငါ မင်းဖြစ်မှာပဲဆိုပြီး အလုပ်မလုပ်ဘဲ ငတ်အသေခံတဲ့လူလို သေအံ့ဆဲဆဲကျမှ ရှင်ဘုရင်က သနားလို့ ထီးတော်မိုးပေးလိုက်တာနဲ့ ပြီးဆုံးသွားတာမျိုး ဘာလုပ်ရမှာလဲ။ ကံကိုယုံပြီး ဆူးပုံတက်နင်းရင် ဆူးပင်းထည့်ခံရတာပဲ အဖတ်တင်မှာပေါ့။ လူဆိုတာ ကျွမ်းကျင်ရာလိမ္မာတဲ့အလုပ်တစ်ခုကို လုပ်ကိုလုပ်နေရမှာ။ သူများကောင်းစားမှ မနာလိုဖြစ်ပြီး ခြေထိုးခံရင် လဲကျလည်း ခဏပေါ့။ ပြန်ထတာနဲ့ သူ့ဘဝမှန်ပေါ်မှာပဲ ပြန်လျှောက်မှာ။ အဲဒီတော့မှ တစ်ခါခံရဖူးတာကိုမှတ်ပြီး သတိသတိနဲ့ သံပတ်ပေးလုပ်တော့ ပိုပြီးတော့တောင် တိုးတက်သေးတယ်"

သက်ကြီးစကား သက်ငယ်ကြားဆိုတာ ဒါပဲပေါ့။ ဘကြီးပြောတဲ့





စကားတွေက မှတ်သားလောက်စရာတွေ။ အချို့ဆို အသက်သာကြီးဘယ်ပရိုပတားနှင့် အပေါ်ယံအလုံးချောပြီး အတွင်းမှာ ဟောင်းလောင်းပေါက်နေတဲ့ ကန့်စွန်းရိုးတွေ ပါးဘိုးဝါးတွေ။

အချို့ကတော့ အလွှာတွေများပြီး တစ်ဖတ်ချင်းခွာကြည့်၊ အနှစ်မရှိတဲ့ ကြက်သွန်ဥတွေ။ ဘကြီးတို့ကျတော့ အခွံပါးပြီး အနှစ်ထူတဲ့ ဥသျှစ်သီးလို ဘဲဥကြက်ဥလို အာဟာရရှိသော အနှစ်တွေကို နောင်လာနောင်သား စားသုံးဖို့အတွက် စုဆောင်းထားကြတာ အသိပညာတွေ။

"ခါနွေ ဘကြီးစကားတွေကို မြေဝယ်မကျ နားထောင်ပါ့မယ် ဘကြီး"

"အင်း. . . ခါနွေက လိမ္မာတဲ့ကလေးဆိုတာ ဘကြီးယုံပါတယ်၊ ကြိုးစားချင်စိတ်ရှိသူတွေအတွက် အောင်မြင်မှုပန်းတိုင်ဆိုတာ ကိုယ်နဲ့ လက်တစ်ကမ်းမှာ ရှိနေပါတယ်"

"စိတ်ချပါ ဘကြီး၊ ခါနွေ အဲဒီပန်းတိုင်ကိုရောက်အောင် လှမ်းမှာပါ"

ဘကြီးက ခေါင်းတညိတ်ညိတ်နှင့် ပီတိဖြစ်နေသည်။ ကိုယ့်သမီးအရင်းဆိုလျှင် ထီးတစ်လက်ပဲပေါ့။ ခုတော့ ထီးမဟုတ်ပေမယ့် ပိန်းရွက်ကြီးတစ်ရွက်လောက်တော့ ခိုလို့ရမည်ထင်ပါ၏။

"ကဲ. . . ခါနွေ"

"ဟင်. . . ဘာလဲ ဝိဝိ"

"ငါမပြန်ခင် နင်နဲ့ငါ ဈေးထဲသွားရအောင်"

"သွားလေ"

နှစ်ယောက်စလုံး ထရပ်လိုက်တော့. . .



www.burmeseclassic.com

www.burmeseclassic.com



"ဝါဝါ"

"ရှင်. . . ဘကြီး"

"ပိုက်ဆံလိုရင် နင့်ဒေါ်ကြီးဆီမှာ ယူသွားလေ"

"မလိုပါဘူး ဘကြီး၊ သမီးမှာ ရှိပါသေးတယ်"

"ဒါဆို ခါနွေရော"

"ရပါတယ်၊ ခါနွေက ဝယ်စရာမရှိပါဘူး ဘကြီး။ လိုရင်ပြောပါ့မယ်"

"အေးအေး. . . ဒါဆိုလည်း သွားကြ. . . သွားကြ"

"ဟုတ်ကဲ့"

နှစ်ယောက်သား ဆိုင်ကယ်တစ်စီးနှင့် ထွက်လာခဲ့ကြတော့ ခါနွေက ယောက်ျားလေးစတိုင်လ် ဖမ်းထားသည်မို့ ဆိုင်ကယ်ကိုလည်း သူပဲ မောင်းသည်။ ဝါဝါက ခါနွေ့ခါးလေးကိုဖက်လျက်. . .

"နင်သာ ယောက်ျားလေးဆိုရင် ခုချိန်မှာ ငါ့ရင်တွေ ခုန်နေမလား ပဲ"

"အင်း. . . ငါက နင့်ကိုလက်ထပ်ရမယ့်သဘောပဲ"

"ဒါပေါ့၊ နင် ငါ့ကိုပဲချစ်ရမယ်"

"အခုလည်းချစ်ပါတယ်"

"မတူဘူးလေ၊ အခုက ဖီလင်အင်ကြီးဖြစ်နေတာ။ အစစ်ဖြစ်အောင် ဘယ်လိုလုပ်ရမလဲ"

"လွယ်ပါတယ်"

"ဘာလဲ"

ခါနွေက သူ့ခါးကိုဖက်ထားတဲ့ဝါဝါ့လက်ကို ဖယ်ပစ်လိုက်ပြီးမှ





ဆိုင်ကယ်ကိုချိုးကွေ့ရင်း. . .

"ငါ့နေရာမှာ လူစားထိုးမလား၊ ငါဆင်းကျန်ခဲ့ပေးမယ်လေ။ ဘယ်လိုလဲ. . . နင့်လို လှတပတလေးအတွက် ရင်ခုန်ဘက်ဆိုတာ ရှာရတာ မခက်ပါဘူး"

"နင်ကမှ ချစ်ဖို့ကောင်းတာပါ ခါနွေရယ်၊ ကျောင်းမှာဆိုလည်း နင့်အစ်ကိုကို ကြောက်နေကြလို့သာ။ မဟုတ်ရင် ခေါင်းပြူပြီး အလစ်စောင့်နေတဲ့ကောင်တွေ တစ်ပုံကြီးပဲ"

နင့်အစ်ကိုဆိုသောကြောင့် ခါနွေ့ရင်ထဲမှာ ဆွေးခနဲဖြစ်သွား၏။ အခုချိန်မှာ ကိုကို ဘယ်လိုနေပြီး ဘာတွေလုပ်နေမလဲ။ ရွှေဘုံပေါ်မှာ စံမြန်းပြီး ပျော်နေမလား။ ဒါမှမဟုတ် ခါနွေ့ကို လိုက်ရှာနေမလား။

အို. . . ခါနွေနဲ့သူက ဘာဆိုင်တော့လို့လဲ။ သူ့အဒေါ်ကြောင့် ခါနွေ့ရင်ထဲမှာ နာကျင်ခဲ့ရတာ။ မတွေးဘူး. . . သူ့အကြောင်း ဘာလို့ တွေးရမှာလဲ။

"ခါနွေ"

"ဘာလဲဟ"

"ငါစဉ်းစားမိတာ တစ်ခုရှိတယ်၊ သိလား"

"ပြောပါဦး"

ဝါဝါ အသံလေးခဏတိတ်သွားပြီးမှ. . .

"အဲဒီပုဂ္ဂိုလ်လည်း နင်နဲ့ဘာမှမတော်ဘူးဆိုရင် နင့်အပေါ်မှာ ရိုးသားနိုင်ပါတော့မလား"

"ဘာ! "

"ဟုတ်တယ်လေ၊ သူက နင့်ကိုအရမ်းချစ်တာပဲဟာ"



www.burmeseclassic.com

www.burmeseclassic.com



ခါနွေ ဆိုင်ကယ်ကို အရှိန်လျှော့ပြီး ရပ်လိုက်၏။ ဝါဝါက လှူရှင်းနေသည့်နေရာမို့ အလိုက်သင့်ဆင်းလိုက်သည်။ ခါနွေလည်း ဆင်းလိုက်ပြီး မျက်နှာချင်းဆိုင်ကာ ရပ်မိကြတော့. . .

"ငါထင်ရင် လွဲခဲ့တယ် ခါနွေ။ အရင်ကတည်းက သူလည်း နင့်ကိုချစ်လွန်းလို့ဆိုပြီး ရည်းစားတောင် ထားခဲ့တာမဟုတ်ဘူး။ နင့်ရင်ထဲမှာရော နင့်ကိုကိုကလွဲရင် ချစ်ဖို့ကြိုက်ဖို့တွေ စဉ်းစားခဲ့လို့လား။ ဒီလောက်ချစ်ခဲ့ကြတာ ဟိုတုန်းကတော့ မောင်နှမသံယောဇဉ်နဲ့ပေါ့။ ခုကျတော့ ဘာမှသွေးမတော်သားမစပ်ဆိုတာ သိရတော့"

အားနာလို့ ရှေ့မဆက်ခဲ့တဲ့စကားနောက်မှာ အဓိပ္ပာယ်တွေက အသီးတစ်ရာ အညှာတစ်ခုလို။ လိုသလို ကျုံ့ချဲ့တွေးလို့ရတဲ့ မာယာစကားတောမှာ ခါနွေကတော့ နှလုံးသားကို မျက်စိလည်လမ်းမှားမခံနိုင်ပါဘူး။ ဆင်က ကန်းလို့ တောကိုတိုးမိတာ။ ခါနွေကတော့ ဘာတစ်ခုမှ အကန်းမခံသလို သူ့ရင်ခွင်ထဲကိုလည်း ဘယ်တော့မှ တိုးဝင်မှာမဟုတ်ပေ။

"သူနဲ့ပတ်သက်ပြီး ဘာမှမဝေဖန်ပါနဲ့ ဝါဝါ။ ဘာမှမဟုတ်ဘဲနဲ့တောင် သူ့အပေါ် ဒီလောက်ဖြစ်နေခဲ့တာ။ ဟုတ်များဟုတ်ရင် အဟွန်း! ငါ့ကို ကမ္ဘာအပြင်ဘက်ရောက်အောင် မောင်းထုတ်မလားပဲ"

ပြောလည်းပြော နှုတ်ခမ်းလေးကလည်း မဲ့ခနဲဖြစ်သွားသည်။ ဝါဝါကတော့ စာနာခြင်းတရား ရင်မှာထား၍ ခါနွေ့မျက်နှာလေးကို ငေးမောနေမိသည်။ ဆံပင်ကလည်း ကုတ်ထောက်ရုံမို့ ယောကျ်ားဆန်သလို မျက်နှာလေးက ချစ်စရာပါ။

အရင်က ဒီထက်ရှည်ပေမယ့် အခုမှပိုပြီး ယောကျ်ားဆန်ချင်သွားတာ အလုပ်ကိစ္စကြောင့်ပါ။ အလုပ်သမားတွေက ယောကျ်ားတွေပဲ





အများဆုံးမို့ သူတို့ကြားမှာ နူနွဲ့နေလို့မရဘူးလို့ပြောခဲ့တာ ခါနွေပဲဖြစ်ကာ

"သူ နင့်ကို လိုက်ရှာချင်ရှာနေမှာ ခါနွေရဲ့"

"မထင်ပါဘူး"

"ငါကတော့ ထင်တယ် ခါနွေ၊ ဘာကြောင့်လဲဆိုရင် နင်တို့ကြားက သံယောဇဉ်ကြိုးက လမ်းကြုံလို့ လက်ဆော့ လွန်းတင်သွားတဲ့ ကြိုးမဟုတ်ဘူး။ မြေပြင်ကို တွယ်ငင်အမြစ်ကုတ်ပြီး ကြာလေ ရင့်သန် ခိုင်ကြည့်နေလေ၊ တားဆီးထားတဲ့အရာအားလုံးကို ရစ်ပတ်လိမ်ကောက်ပြီး အညွန့်တလူလူနဲ့ ရှည်ထွက်လာမယ့်ကြိုး. , . ခါနွေရဲ့"

"ငါ့ဘက်ကတော့ လုံးဝပဲ ဝါဝါ၊ လွမ်းတာရှိရင် နာတာနဲ့ ဖြေမယ်။ ခါနွေဦးဆိုတာ ရွက်ကျရာမှာ အပင်ထပေါက်မယ့် မိန်းကလေးပါ။ အခြားသစ်ပင်ကြီးတာကို ပိုနိုပြီး ရှင်သန်နေမယ့်နွယ်ပင်လို ဘူးစင်ပင်လို လူမျိုးမဟုတ်ဘူးဆိုတာ သူတို့သိစေရမယ်"

"ခါနွေရယ်"

မာနက သံယောဇဉ်ကို ကတုံးပေါ်ထိပ်ကွက်ဖို့ စိန်ခေါ်နေသည်ထင်ပါ့။ တင်းတင်းစေ့ထားတဲ့နှုတ်ခမ်းကြားမှာ ဘယ်အရာတွေများ ထိခိုက် နာကျင်နေမည်လဲ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၁)

အလုပ်သမားလိုသည်ဆိုတာနှင့် လိုတာက သုံးယောက်လောက်၊ အလုပ်ရဖို့ ရောက်လာတာက ဆယ်ယောက်နီးပါးရှိနေသည်မို့ ဦးဆန်းမောင် ခေါင်းခေါက်ရွေးရမလိုဖြစ်နေပြီ။ ပထမဆုံးတစ်ယောက်ကို လုပ်ငန်းတွေအကြောင်း သစ်သီးတွေအကြောင်း ဘယ်လိုအပင်ကိုပြုစုပြီး ဘာလုပ်ရမည်ဆိုတာတွေ မေးကြည့်တော့ လုပ်ငန်းအတွေ့အကြုံရှိသူ ထင်ပါရဲ့၊ အဆင်ပြေပါသည်။

ဒုတိယတစ်ယောက်ကို ခေါ်လိုက်ကာ. . .

"နာမည်က"

"လူရိုးပါခင်ဗျာ့"

"နံ့ရိုးလား. . . လက်ဖျံရိုးလား"

"တင်ပါးဆုံရိုးပါ ဆရာ၊ မြေကျတာ သုံးနှစ်ရှိပါပြီ"

"ဘာကွ"





"အဲ. . . အဲလေ၊ ဆရာမှားမေးတော့ ကျွန်တော်လည်း မှားဖြေမိကုန်ပြီ။ ကျွန်တော့်နာမည် လူရိုးပါဆရာ။ ရိုးလွန်းလို့ ဒီနာမည်ခေါ်ကြတာပါ။ မယုံရင် ဆရာ ကျွန်တော့်ပါးစပ်ထဲကို လက်ညှိုးထည့်ကြည့်ပါလား"

"မကိုက်တတ်ဘူးလား"

"ဆရာ ကိုလက်ဝိုးဖြစ်ဖို့ အာမခံပါတယ်"

"ဟေ့ကောင်"

"ခင်ဗျာ"

ဦးဆန်းမောင် လူရိုးဆိုသူကိုကြည့်၍ ခေါင်းတခါခါဖြစ်သွားလေတော့သည်။ နာမည်မေးလိုက်ကတည်းက အူကြောင်ကြောင်ဖြစ်နေကာ၊ သူ့စကားတွေကြားမှာ ကိုယ်ပါ ရောမှားကုန်ပြီ။ ရှေ့ဆက်မေးရင် သူပါ ရူးသွားနိုင်တာမို့. . .

"မင်း သွားတော့"

"ဆရာ ကျွန်တော့်ကို အလုပ်ခန့်မှာလားဟင်"

"သွားတော့လို့ ငါပြောနေတယ်လေ၊ ပြီးရင် လူစုံမေးပြီးမှ တော်တဲ့လူကို ပြန်ရွေးထုတ်ပြီး ခန့်မှာ။ အခုအပြင်က စောင့်။ သွားတော့"

"ဩော်. . . ဟုတ်ကဲ့ပါခင်ဗျာ့"

လူရိုး ခပ်သုတ်သုတ်ထွက်သွားပြီးနောက် တတိယတစ်ယောက်ကိုခေါ်လိုက်သည်။ နာမည်မေးပြီး လုပ်ငန်းအကြောင်း စလိုက်သည်နှင့်

"မင်း အသီးဘယ်နှမျိုးသိလဲ"

"လေးသီး သိပါတယ်ဆရာ"

"ငါမေးတာ လေးသီးနဲ့ လေးခွအကြောင်း မဟုတ်ဘူးကွ။ သစ်



www.burmeseclassic.com

www.burmeseclassic.com



သီးအကြောင်းမေးနေတာ''

''ဟုတ်ကဲ့. . . ကျွန်တော်ပြောတဲ့လေးသီးက လေးခွနဲ့တွဲသိတဲ့ လေးသီး မဟုတ်ပါဘူးဆရာ''

''ဒါဆို သိတဲ့လေးသီးအကြောင်း ပြောစမ်း''

ခပ်တွေတွေဖြစ်သွားသူထံမှ ထွက်လာမည့်စကားသံကို ဦးဆန်းမောင် နားစွင့်နေ၏။ ထိုလူက လက်များကိုချိုးလျက်. . .

''စိန်သီး၊ ပန်းသီး၊ ကြယ်သီးနဲ့ ဆီးသီးပါ ဆရာ။ ဒီလောက် နာမည်ကြီးတဲ့အဖွဲ့ကို ဆရာက မသိဘူးလား''

''မင်းပြောနေတာ လူ့ရှင်တော်တွေကွ''

''ဆရာပဲ လေးသီးအကြောင်းပြောဆို''

''ကျွတ်!''

ဦးဆန်းမောင် စိတ်ပျက်စွာကြည့်၍. . .

''ရပြီ. . . ရပြီ. . . မင်းသွားတော့''

''ဆရာ. . . ကျွန်တော့်ကို''

''ပြီးရင် သိရမယ်၊ အခုသွားတော့''

တစ်ယောက်ပြီးတစ်ယောက်ခေါ်ပြီး အင်တာဗျူးလုပ်ကြည့်တာ အဆင်ပြေသူတွေရှိသလို ထော်လော်ကန့်လန့်တွေလည်းပါသည်။ ခါနွေက ခြံထဲကိုသွားနှင့်ပြီမို့ အလုပ်သမားတွေ ရွေးပြီးတာနှင့် သူခေါ်သွားပြီး ခြံထဲကိုလိုက်ရဦးမည်။

အခုနေသာ ခါနွေနှင့်သူ ရံဖန်ရံခါလိုက်ပြော လိုက်လုပ်ပေးနေရပေမယ့် နောက်ဆို သူမျက်နှာလွှဲလို့ရအောင် ခါနွေက ဦးဆောင်ပြီးလုပ်တော့မှာပါ။ မိန်းကလေးဆိုပေမယ့် ယောကျ်ားလေးလို အားကိုးရသည့်





မိန်းကလေးပါလေ။ နောက်ဆုံးတစ်ယောက်ကို ခေါ်လိုက်ပြီး. . .

''မင်းနာမည် ဘယ်လိုခေါ်လဲ''

''ကိုကိုပါ''

''ကိုကိုဟုတ်လား''

''ဟုတ်ပါတယ်''

''ကိုကိုရဲ့ရှေ့မှာဖြစ်ဖြစ် နောက်မှာဖြစ်ဖြစ် အခြားနာမည်တစ်လုံး ဘာမှမပါဘူးလား''

''မပါပါဘူး ခင်ဗျာ့''

ပုံစံကတော့ ယောကျ်ားပီသခြင်းအသွင်နှင့် တည်တည်ကြည်ကြည်ပါပဲ။ အရပ်မြင့်မြင့် ဗလကျစ်ကျစ်နှင့် ဗိုက်တွေဘာတွေ အဆီပို ရှိမနေတော့ ဟန်ပန်က ကြည့်လို့ကောင်းနေသည်။

''အဲဒါ ထားပါတော့၊ မင်းအရင်က ဘာလုပ်လဲ''

''ကြိုရာကျပန်း အကုန်လုပ်ပါတယ်၊ ဟို. . . သမာအာဇီဝကျတဲ့အလုပ်ကိုပြောတာပါ။ မရိုးသားတဲ့အလုပ်ဆိုရင် တစ်ရက်တည်းလုပ်လို့ တစ်သက်စာပုံပေးမယ်ဆိုတောင် ကျွန်တော် မလုပ်ဘူး''

ဦးဆန်းမောင် သဘောကျစွာ ပြုံးမိသွား၏။ ကောင်လေးပုံစံက ရဲရင့်ပြတ်သားတတ်မည့်ပုံပါ။ သူ့ရှေ့မှာရှိနေတာပင် သူများတွေလို စိုးရိမ်ကြောက်လန့်မှုတွေမရှိဘဲ သူ့ကိုယ်သူ ယုံကြည်မှုရှိနေပုံရသည်။

''ခုလို ခြံလုပ်ငန်းတွေ လုပ်ဖူးလား''

''တစ်ခါမှမလုပ်ဖူးပါဘူး၊ ဒါပေမဲ့ သချာတစ်ပုဒ်ကို အပြီးထုတ်ရတာလောက် ခက်မယ်မထင်လို့ ကျွန်တော် လာခဲ့တာပါ''

''တကယ့်ကောင်ပါလား''



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိတယ်"

ဦးဆန်းမောင် ခေါင်းတညိတ်ညိတ်ဖြစ်သွားပြီး. . .

"တကယ်လို့ ငါက မင်းကိုအလုပ်မခန့်ဘူးဆိုရင် မင်း ဘာလုပ်မလဲ"

ဒါက သွေးတိုးစမ်းကြည့်တာပါ။ သူကလည်း ပြန်ပြုံးပြလျက် ခပ်အေးအေးပင် ပြန်ဖြေသည်။

"အလုပ်မခန့်ဘူးဆိုရင် ခန့်အောင်လုပ်ဖို့ ကျွန်တော့်မှာ အစီအစဉ်ရှိပါတယ်"

"ဘာအစီအစဉ်လဲ"

"ဦးကြိုက်ဈေးကို. . . ဆို၊ တစ်ပြားမှမဆစ်ဘဲ ဦးပိုင်တဲ့သစ်သီးခြံတွေအားလုံးကို ဝယ်ဖို့ပါ"

"ဟော!"

ဦးဆန်းမောင် ခါးမတ်သွား၏။ ထူးထူးဆန်းဆန်းပါလား။ အလုပ်လိုချင်လို့လာတဲ့လူက အလုပ်မရရင် အလုပ်ရှင်ပိုင်တဲ့သစ်သီးခြံအားလုံးကို ဝယ်မယ်တဲ့။ စပ်စပ်စုစုနဲ့ အာကျယ်တတ်တဲ့မိန်းမတွေသာဆိုလျှင်. . .

ကြားကြရဲ့လား အရပ်ကတို့ရေ. . .

လို့ ထအော်မှာ ကျိန်းသေ။ ဦးဆန်းမောင် မျက်နှာကြီးရှေ့တိုးကာ တွန့်ကုပ်သွားတဲ့မျက်ခုံးတွေကို ဖြည်ချလျက်. . .

"နေပါဦး ငါ့တူရဲ့၊ မင်း အဲဒီလောက်ချမ်းသာနေရင် ငါ့ဆီမှာ ဘာလို့ အလုပ်လုပ်ချင်သေးလဲ"

"ကျွန်တော့်မှာ အကြောင်းရှိလို့ပါ. . . ဦး"

"ဆိုစမ်းပါဦးကွ"





သူပြောသမျှကို ဦးဆန်းမောင် စိတ်ဝင်စားစွာ နားထောင်နေမိသည်။ ဒီအချိန်မှာ စာရေးဆရာတစ်ယောက်သာ အနားမှာရှိနေပါလျှင် ကောင်လေးစကားတွေက ဇာတ်လမ်းတစ်ပုဒ်ဖြစ်နိုင်သည်။ သူတောင် နားထောင်နေရင်း ဖြစ်ပျက်ခဲ့သမျှကို စိတ်ကူးထဲမှာ ပုံဖော်၍ စိတ်မကောင်းဖြစ်မိသလိုလို။

"အဲဒါကြောင့်ပါ ဦး၊ ကျွန်တော့်ကို ဦးရဲ့လုပ်ငန်းမှာ တစ်နေရာစာ လုပ်ခွင့်ပေးပါ"

"ကောင်းပြီလေ၊ ငါခွင့်ပြုပါတယ်"

သူ့ကိုယ်သူ ကိုကိုပါလို့ပြောပြီးမှ အမှန်ကိုဖွင့်ပြောရတဲ့ ယုံကြည်ချက်မျက်နှာမှာ ပြုံးလျက်. . .

"ကျေးဇူးတင်ပါတယ် ဦး၊ ခုလိုခွင့်ပြုပေးတဲ့အတွက် ဦးရဲ့လုပ်ငန်းတွေမှာ ကျွန်တော် စွမ်းစွမ်းတမံ လုပ်ကိုင်သွားပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၂)

ခြံထဲသွားဖို့အတွက် ခါနွေ ဆိုင်ကယ်သော့ကလေးကို လက်ညှိုးမှာ ချိတ်လျက် မွှေ့ယမ်းရင်း အိမ်ပေါ်မှဆင်းခဲ့စဉ်. . .

"ခါနွေ. . . သမီး"

"ရှင်"

"ခဏနေဦး"

ဘကြီးရဲ့ခေါ်သံကြောင့် ခါနွေ ခြေလှမ်းရပ်ပြီး နောက်သို့ပြန်လှည့်ကြည့်တော့ ဘကြီးက ခါနွေ့ဆီသို့ ခပ်သုတ်သုတ်လျှောက်လာသည်။

"မနေ့က ခရီးပမ်းလာလို့ ခြံထဲကိုခေါ်မလာဖြစ်တဲ့ အလုပ်သမားအသစ်ကို ဒီနေ့ သမီးပဲ ခေါ်သွားလိုက်ပါ"

"ဟုတ်ကဲ့ ဘကြီး၊ သူ့ကို ဘယ်မှာဝင်ခေါ်ရမလဲ"

"ဘယ်မှာမှ ဝင်ခေါ်စရာမလိုပါဘူး၊ သူက နယ်ကလာတာဆိုတော့ ဒီအိမ်မှာပဲနေပြီး၊ သမီးနဲ့ အလုပ်အတူလုပ်မှာပါ။ သမီးအတွက်





အသွားအပြန် အဖော်ရတာပေ့ါ။ ယောကျ်ားလေးပါတော့ သမီးရဲ့လုံခြုံရေးလည်း စိတ်ချရတာပေ့ါကွယ်။ မိန်းကလေးဆိုပြီး ဘယ်သူမှ မနှောင့်ယှက်ရဲတော့ဘူးပေ့ါ"

"ဒါဆို သူ့ကိုခေါ်လိုက်လေ ဘကြီးရဲ့"

ဘကြီးခေါင်းညိတ်ပြီး နောက်သို့ပြန်လှည့်ကြည့်ကာ. . .

"မောင်ကိုကိုရေ. . . သွားမယ်တဲ့ဟေ့"

"ဟုတ်ကဲ့. . . လာပါပြီ ဘကြီး"

အသံသာကြားရပြီး လူကိုမမြင်ရသေးတော့ ခါနွေ သူထွက်လာမည့်နေရာကိုပဲ စူးစိုက်ကြည့်နေမိသည်။ ထွက်လာပြီဆိုတော့ သူ့ကိုမြင်လိုက်တာနှင့် ခါနွေ 'ဟင်'ခနဲဖြစ်ကာ မျက်လုံးဝိုင်းသွား၏။ ခါနွေ ကြက်သေသေနေတုန်းမှာပဲ ဘကြီးက သူ့ပခုံးကိုဖက်၍. . .

"သမီး"

"ဟင်. . . ရှင်"

"သူ့နာမည်က ကိုကိုတဲ့၊ စောစောက ဘကြီးပြောတဲ့အလုပ်သမားအသစ်ဆိုတာလေ"

ခါနွေ ဘာမှမပြောနိုင်ဘဲ သူ့ကိုကြည့်နေဆဲမှာ သူက ခေါင်းညိတ်ပြုံးပြသည်။ ကိုကိုလို့ခေါ်မိတာ ရင်ထဲမှာသာ။ ကိုကိုပဲနေမှာပါလို့တွေးပြီးမှ ကိုယ့်ကိုလုံးဝမသိသလို ကြည့်တဲ့မျက်လုံးတွေကြောင့် အံ့ဩရပြန်၏။ သူဘာယ်လိုပဲ ဟန်ဆောင်ကောင်းကောင်း ခါနွေကြည့်လိုက်တဲ့မျက်လုံးတွေမှာ ရင်းနှီးတဲ့အငွေ့အသက်တော့ ရှိနေရမှာ။

ကိုကို. . .

ဟုတ်တယ်။ သူ ခါနွေ့အကြောင်းစုံစမ်းပြီး လိုက်လာတာနေမှာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့။ မျက်လုံးမှာ အဖြေရှာဖို့ သူက သရုပ်ဆောင်ကောင်းနေတာ ဘယ်လိုလုပ်မလဲ။ အသားဖြူလာပြီး ဆံပင်တိုသွားတာရယ်၊ ဟိုတုန်းက လူကြီးဆန်ဆန်ဝတ်စားခဲ့ပြီး၊ ရုပ်အကျီနေရာမှာ စပို့ရှပ်ကို အစားထိုးပြီး လူငယ်ဆန်ဆန် ရှင်းသန့်ချောမွေ့လာခြင်းနှင့် ပြောင်းလဲလိုက်ပေမယ့် ကိုကိုလို့ပဲ ခါနွေ သတ်မှတ်သည်။

"ရှင့်နာမည်က ကိုကိုနော်"

ခါနွေ မျက်မှောင်ကြုတ်ပြီး မေးလိုက်တော့. . .

"ဟုတ်ပါတယ်"

"နယ်ကလာတာဆိုတော့ ဘယ်နယ်ကလဲ"

"အလယ်ကလူ စကားဝဲ၏ဆိုရင်တော့ မုဒုံကလို့ဖြေမိမလားပဲ။ အခုက ကျွန်တော်တစ်ယောက်တည်း. . . စကားလည်းမဝဲဘူးဆိုတော့ မန္တလေးသားလို့ပဲ မှတ်လိုက်ပါ"

"မှတ်လိုက်ပါဆိုတော့ အဖြေက မတင်မကျကြီးနဲ့"

"မန္တလေးကလို့ အလွယ်တကူမှတ်ခိုင်းတာပါ။ မန္တလေးနဲ့ မနီးမဝေးနေရာကပေါ့။ မန္တလေးသားဆိုပြီး အသားမညိုတာကိုလည်း သံသယမဖြစ်ပါနဲ့။ မန္တလေးသားတိုင်း အသားမညိုပါဘူး မမလေး"

"ဘယ်လို"

မမလေးဆိုသောကြောင့် ခါနွေ ဆတ်ခနဲ မျက်နှာကိုမော့လိုက်ကာ. . .

"ရှင် ကျွန်မကိုဘယ်လိုခေါ်လိုက်တာလဲ"

"ကိုယ့်အလုပ်ရှင်မို့ မမလေးလို့ ခေါ်လိုက်တာပါ"

"ဟုတ်သားပဲ သမီးရဲ့၊ မောင်ကိုကိုက လေးစားသမှုနဲ့ခေါ်တာ





လေ။ အသက်ကလည်း သမီးနဲ့ အတူတူလောက်ပဲ"

ခါနွေ နှုတ်ခမ်းလေးမဲ့သယောင်ဖြစ်သွား၏။ ဘယ်လိုတွေ ညာပြီး ဘာတွေအကြောင်းရိုက်ဦးမှာလဲ။

"ဒီလောက် ဆင်ကိုးစီးစားလို့မကုန်တဲ့ ခန္ဓာကိုယ်ကြီးနဲ့ အသက်နှစ်ဆယ် ဘယ်သူက ယုံမှာလဲ။ ကျွန်မကို အဲလိုမခေါ်ပါနဲ့၊ ငရဲကြီး မခံနိုင်ဘူး"

ခါနွေပြောပြီး လှေကားတွေကို တစ်ထစ်ချင်းနင်းပြီး ဆင်းလာခဲ့စဉ် သူလည်း နောက်မှကပ်ပါလာ၏။ ခါနွေ ဆိုင်ကယ်ပေါ်ကို တက်လိုက်တော့. . .

"မမလေးလို့မခေါ်တော့ဘူး၊မင်း မကြိုက်ဘူးဆိုလို့နော်။ ငါက မင်းနောက်ကနေ စီးလိုက်ရမှာလား"

"ဟုတ်တယ်"

"အမိပွာယ်မရှိတာ၊ မင်း နောက်ကလိုက်"

"ကျွန်မ. . . ရှင့်နောက်ကလိုက်ခဲ့ရတဲ့အချိန်တွေ ကုန်သွားပြီ ကိုယုံကြည်ချက်။ ခါနွေဦးဆိုတာ အခု လူသစ်စိတ်သစ်နဲ့ ရပ်တည်နေတာ။ ဘယ်သူ့ကိုမှ အားကိုးမှီခိုနေဖို့မလိုဘူး"

"မင်း. . . ငါ့ကို ဘယ်လိုခေါ်လိုက်တယ်"

သူက ခါနွေ့ဘေးမှာ လာရပ်ပြီး မျက်နှာကိုစုံကြည့်မေးလေတော့ ခါနွေ အံကြိတ်သံနှင့်. . .

"ယုံကြည်ချက်လို့ခေါ်တာလေ၊ စောစောက ဘကြီးပြောမှလို့ ဘာမှမပြောတာ"

"ဘယ်က ယုံကြည်ချက်လဲ၊ ငါမသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မုန်လာဥလာလုပ်မနေနဲ့၊ ရှင် ဘယ်လိုပုံစံပဲပြောင်းထားထား မှတ်မိတယ်။ သူစိမ်းဆိုမှတော့ သူစိမ်းလိုပဲ နေလိုက်စမ်းပါ"

"ငါကလည်း မင်းကို ဆွေမျိုးလိုက်စပ်နေတာမဟုတ်ဘူးလေ။ ပြီးတော့ ငါ့နာမည်က ကိုကို"

"တော်စမ်းပါ၊ ရှင့်အဒေါ် ငွေထုပ်နဲ့ပစ်လို့ လေလွင့်လာခဲ့တဲ့ ခါနွေဦးရင်ထဲမှာ အမုန်းတွေကူးစက်နေတာ ရှင့်ဆီကိုပါ ရောက်လာပြီ။ သိလား။ မေမေသာ ရှင့်ကိုမမွေးစားခဲ့ရင် ကျွန်မလည်း ရှင့်အဒေါ်နဲ့ရော ရှင်နဲ့ပါ ပတ်သက်စရာအကြောင်းမရှိဘူး"

"မင်းပြောတာတွေ ငါမသိဘူး၊ ငါက ကိုကို. . . မင်း ဒီနေ့ ခြံထဲကိုသွားဖြစ်ဦးမှာလား"

ခါနွေရင်ထဲမှ တကယ့်ကို နာကျင်ခဲ့တာပါ။ သူ့ကို မျက်စောင်းထိုးပြီး ဆိုင်ကယ်ကိုစက်နှိုးလိုက်တော့. . .

"ငါ နောက်ကစီးလိုက်ရမယ့်အစီအစဉ် မပျက်ဘူးပေါ့"

"မပျက်ဘူး"

"ကောင်းပြီ"

ပြောပြီး သူက နောက်မှတက်လေလျှင် ခါနွေ ဆိုင်ကယ်ကို ဝေါခနဲမောင်းထွက်လေ၏။ သူ့လက်တွေက ခါနွေ့ခါးလေးကိုဖက်ထားလေလျှင် ဒေါသက တလိမ့်လိမ့်တက်လာပြီး ရင်ထဲမှာ ကလိကလိ။ ဒီလူ တကယ်ပဲ ယုံကြည်ချက်မဟုတ်ဘူးလား။ ကိုကိုတော့ ကိုကို၊ သံတူကြောင်းကွဲ ဖြစ်နေပြီလားတော့မသိ။

စိတ်ထဲမှာ ဖဝေဖဝါတော့ ဖြစ်မိသည်။ ဘာပဲဖြစ်ဖြစ် ခါနွေက အချဉ်မှမဟုတ်တာ။ ဒီတိုင်းငြိမ်ခံနေရမှာလား။





"ဒီမှာ. . . ဒီမှာ"

"ဟင်"

ခါနွေက နည်းနည်းအငဲ့နှင့် သူက မျက်နှာကိုရှေ့တိုးအထူး၊ မျက်နှာချင်းနီးကပ်လုလုဖြစ်သွားတော့ ခါနွေ ကမန်းကတန်းပြန်လှည့်ကာ ဆိုင်ကယ်ကိုလည်း သတိထားမောင်းရင်း. . .

"ရှင့်လက်တွေကို ပြန်ရုတ်ပါ"

"ဘာဖြစ်လို့လဲ"

"ရှင် အဲဒီလောက်အသားမယူနဲ့လေ၊ မိန်းကလေးခါးကို ဒုပ်ဖက်စရာလား"

"အကျင့်ပါနေလို့ပါ"

"ဘာ!"

ခါနွေ ဆိုင်ကယ်ကို အရှိန်လျှော့ပြီး ရပ်လိုက်၏။

"ဘာဖြစ်တာလဲ"

"ဘာမှမဖြစ်ဘူး၊ ရှင်ဆက်ပြီးအသားယူရင် ပါးရိုက်မလို့"

သူက ခါနွေ့ခါးကိုလွှတ်ပေးပြီး ဆိုင်ကယ်ပေါ်မှဆင်းကာ ခါနွေနှင့်မျက်နှာချင်းဆိုင်မှာ လာရပ်၏။ ပြီး. . . ဆိုင်ကယ်လက်ကိုင်ပေါ်သို့ တံတောင်နှင့်ထောက်၍ လက်တင်လိုက်ကာ. . .

"သူများနောက်က စီးလိုက်ရင် ငါအဲဒီလိုပဲစီးတတ်တယ်။ အဲဒါမခံချင်ရင် နေရာပြောင်းပေါ့"

ကြည့်စမ်း! ကိုကိုဆိုရင် ခါနွေ့ကို ဒီလိုလေသံနဲ့ တစ်ခါမှ တင်တင်စီးစီးမပြောသလို သူ့လိုလည်း အသားယူမှာမဟုတ်ဘူး။ သူ တကယ်ပဲ ကိုကိုမဟုတ်ဘူးလား။ ကိုကိုဆိုလျှင် ဘာလို့ ဒီလောက်ပြောင်းလဲသွား



www.burmeseclassic.com

www.burmeseclassic.com



ရတာလဲ။ ခါနွေ မျက်မှောင်ကြုတ်ပြီး စဉ်းစားနေမိ၏။

"ကဲ! အမိ၊ သိပ်ပြီးစဉ်းစားမနေနဲ့၊ နှစ်ယောက်တည်း ဒီမှာရပ်နေလို့ သူများတစ်မျိုးထင်ဦးမယ်"

ယုံကြည်ချက် ဒီလိုလေစိမ်းတိုက်ပြီး ဒီလိုစကားမျိုးတွေ ပြောဖို့ တော်တော်လေးကိုပဲ ကြိုးစားပြီး စိတ်ကူးနဲ့ကျင့်ခဲ့ရတာပါ။ သူနဲ့လက်ထပ်မှဖြစ်မည်မို့ စိတ်ကလည်း ပြုပြင်ပြောင်းလဲပြီးသားလိုဖြစ်နေပြီး အရင်က ညီမလေးဆိုပြီး ထွေးထွေးပိုက်ပိုက်နေခဲ့သမျှ. . .

အခုကျတော့. . .

အနေဝေးနေတဲ့ကာလလေးမှာပဲ သူ့စိတ်တွေ ကပြောင်းကပြန်ဖြစ်ကုန်သည်။ ခါနွေ ရန်တွေ့ပြီး ဂျစ်ကန်ကန်လုပ်တတ်လာသလို သူကလည်း စိတ်ကောက်တဲ့မျက်နှာလေးကိုပဲ မြင်ချင်ပြီး စနေမိတာ ဘာကြောင့်မှန်းမသိ။

"ဒီမှာ ခါနွေဦး"

"ဘာလဲ"

"ခင်ဗျားက အလုပ်ရှင်ရဲ့တူမဆိုပြီး အချိန်မလေးစားလို့ ရတယ်၊ ကျုပ်က အချိန်ရှိခိုက် လုံ့လစိုက်မှ ဖြစ်မှာဗျ။ တော်ကြာ ပွဲမစခင် သေရတာမျိုး အလုပ်ပြုတ်မခံနိုင်ဘူး"

"ပြုတ်သွားရင် အေးမှာ"

"ဖြစ်မလား၊ ကျုပ်က ဆင်းရဲလို့ ဒီအလုပ်ကို တွယ်ကပ်နေရတာ။ ခင်ဗျားမဆင်းရဲဖူးတိုင်း ကိုယ်ချင်းမစာ မပြောနဲ့"

"ကဲပါ. . . ကြွ. . . ရှေ့ကို"

ခါနွေ့ကို မဆင်းရဲဖူးဘူးထင်လို့လား။ သိသိနဲ့ တမင်ပြောတာ





လား။ ရင်ထဲမှာ ဆစ်ခနဲနာကျင်ကာ အောက်နှုတ်ခမ်းကိုဖိကိုက်မိလေ၏။ နောက်ကနေ ဆောင့်ခနဲတက်ထိုင်လိုက်တော့. . .

"ဖြည်းဖြည်းလုပ်ပါ"

"လျှာမရှည်နဲ့၊ မောင်းမှာမောင်း"

"အဟွန်း. . . ငါကတော့ မတွန့်တိုတတ်ဘူး၊ ခါးကိုပဲ ဖက်ဖက် ပခုံးကိုပဲ ဖက်ဖက်. . . ရတယ်"

"တောက်!"

တက်ခေါက်သံက မကျယ်ပေမယ့် ယုံကြည်ချက် နားပင်းနေတာမှမဟုတ်တာ။ ကိုယ်က ယောကျ်ားလေးမို့ ဆိုင်ကယ်ကို ဝေါခနဲမောင်းထွက်ရမှာ မဆန်းပေမယ့် ခါနွေ မတော်တဆ ပြုတ်ကျမှာစိုး၍ မှန်မှန်ပဲ မောင်းထွက်ခဲ့သည်။

မာနမင်းသမီးက ပြုတ်ကျမှာထက် သူ့အသားကိုထိရမှာကိုပဲ ကြောက်သလိုလိုရှိနေမှာ ကျိန်းသေ။

"အချိန်လင့်နေပြီ၊ အရှိန်တင်မလို့"

"တင်ပါလား"

"ခင်ဗျားပြုတ်ကျမှာစိုးလို့ သတိပေးတာ"

"ခါနွေသေရင် ရှင့်အဒေါ် ကဆုန်ပေါက်ပြီး ဝမ်းသာစရာဖြစ်တာပေါ့"

ကိုယ်က ကြီးမေမဟုတ်ဘူး ခါနွေ။ မင်းကို သေဖို့မပြောနဲ့၊ လေကြမ်းလို့ သစ်ရွက်လာမှန်မှာကိုတောင် စိုးမိတဲ့သူပါ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၃)

ယုံကြည်ချက် တစ်ယောက်တည်း အေးအေးလူလူ ချယ်ရီပင်လေးအောက်မှာ ထိုင်နေစဉ် ခြေသံကြား၍ လှည့်ကြည့်လိုက်တော့ မျက်မှန်ကြီးတဝင်းဝင်းနှင့် ဦးဆန်းမောင်ပါ။

"သြော်. . . ဘကြီး"

ယုံကြည်ချက် ထရပ်လိုက်တော့ ဦးဆန်းမောင်က. . .

"ထိုင်ပါ. . . ထိုင်ပါ"

ဟုဆိုပြီး သူက အရင်ထိုင်ချလိုက်သဖြင့် ယုံကြည်ချက်ပါ ပြန်ထိုင်လိုက်ပါ၏။

"မောင်ယုံ. . . အဲ. . . မောင်ကိုကို"

"မောင်ကိုကိုလို့ပဲခေါ်ပါ ဘကြီး၊ အဲဒါက လွယ်တယ်လေ"

"အေး. . . မောင်ကိုကို ပျင်းနေပြီလားကွ၊ လိုအပ်တဲ့အကူအညီရှိရင်ပြောနော်၊ အားမနာနဲ့။ အဟဲ. . . ငါက မြားနတ်မောင် လုပ်ရတာ





ကို ဝါသနာပါတယ်ကွ။ ငယ်ငယ်ကဆို အောင်သွယ်တော်လုပ်လွန်းလို့ ကြည်ဖြူနေတုန်းတော့ အပုတ်သားကွ။ အဆင်မပြေကြတဲ့အတွဲတွေလည်း ကျရော နင်အောင်သွယ်လို့ ငါကြိုက်မိတာ၊ ခုတော့ အသည်းကွဲရပြီဆိုပြီး ရန်လာတွေ့တာတောင် ခံရတာတွေရှိတယ်ကွ. . . ဟား. . . ဟား"

ဦးဆန်းမောင် ရယ်တော့ ယုံကြည်ချက်ကပါ လိုက်ရယ်မိသည်။ ခါနွေ့ကို လွယ်လွယ်ကူကူနဲ့တော့ ပြန်ခေါ်လို့မရနိုင်ဘူးဆိုတာ အစကတည်းက သိပြီးသားပါ။ သားလက်ထပ်မှုဖြစ်မယ်ဆိုလို့ ကိုယ်ကလည်း ခေါင်းညိတ်ခဲ့သည့်နောက်မှာ လူကိုရဖို့ထက် အရေးကြီးတာက နှလုံးသားကို အရင်အပိုင်ချိုင်မှုဖြစ်မှာ။

ကိုယ့်တက်ကတော့. . .

ရှိရင်းစွဲသံယောဇဉ်ကို စိတ်ကူးနဲ့ အတောင်ပံတပ်ကြည့်ကတည်းက ခါနွေက ကိုယ့်နှလုံးသားထဲမှာ မရှိမဖြစ်လိုအပ်နေသည်သာ။ အချစ်ဘယ်ကစလို့မေးလျှင် သူ့အတွက် ဘယ်ကစမုန်းကိုမသိရလောက်အောင် ခါနွေသည် ပထမ၊ ခါနွေ ဒုတိယ၊ ခါနွေသည်သာ တတိယဖြစ်လာခဲ့သည်။

"မောင်ကိုကို"

"ဗျာ"

"ဘယ့်နှယ်လဲကွ၊ အခြေအနေ"

ယုံကြည်ချက် ရှက်ရှက်နှင့်ရယ်လျက် ဆံပင်တွေကို လက်နှင့်ဖိသပ်ချမိကာ. . .

"ဘကြီးကလည်း ခုမှ စလုံးရေ စရတာလေ။ ချောင်ချင်းကြီးတော့ ဘယ်အဆင်ပြေဦးမှာလဲ။ ပြီးတော့ ခါနွေက မာနကြီးတယ်၊ ကျွန်တော့်ကြီးမေရဲ့လုပ်ရပ်ကြောင့် သူ ကျွန်တော့်ကိုပါရော်ပြီး စိတ်နာနေတာ။ သူ



www.burmeseclassic.com

www.burmeseclassic.com



စိတ်ပြေတဲ့အထိ ကျွန်တော့်ဘက်က ကြိုးစားရမှာပေါ့''

''အေး. . . ကြိုးစား၊ ငါလည်းအဆင်ပြေအောင် လော့်ပေးပါ့မယ်ကွာ။ မင်းမတတ်သေးတာတွေရှိပေမယ့် ဒီမှာ. . .''

ဦးဆန်းမောင် သူ့ရင်ဘတ်ကို သူပုတ်ပြလျက် ခေါင်းမော့ရင်ကော့၍ ခပ်မိန့်မိန့်ဟန်လုပ်ပြကာ. . .

''လက်ဖက်ထုပ်ကြီးတတ်တယ်ကွ''

''ဟုတ်တယ်. . . ဟုတ်တယ်၊ ကျွန်တော် ဘကြီးကိုပဲ အားကိုးမှာ''

ဦးဆန်းမောင် ပြုံးပြုံးကြီးနှင့် ယုံကြည်ချက်အနားသို့တိုးကပ်ကာ

''မင်း တကယ် ဘာမှအတွေ့အကြုံမရှိဘူးလား''

''ဗျာ''

''ရည်းစားတစ်ယောက်မှ မထားဖူးဘူးလားလို့မေးတာကွာ။ မင်းကလည်း 'အ'ပါ့''

''ရည်းစားမပြောနဲ့၊ မိန်းကလေးသူငယ်ချင်းတောင် မထားဖူးဘူး။ အဲဒါတကယ်''

ယုံကြည်ချက် တကယ်ပြောတာပါ။ မေမေရယ်. . . ခါနွေရယ်နဲ့ပဲ သူ့ဦးနှောက်ထဲမှာရှိနေပြီး ဘယ်မိန်းကလေးနဲ့မှ အရောတဝင်မနေခဲ့ပါ။ ရည်းစားထားဖို့ဝေးစွ၊ ခါနွေကိုစိတ်မချတာနှင့်ပဲ ကျောင်းပို့ကျောင်းကြိုလုပ် မေမေ့ကိုလည်းကူရနှင့် စာတွေရယ်ကြားမှာ လုံးလည်ပတ်ချာလိုက်ပြီး. . .

ဘယ်မိန်းကလေး ဘာဝတ်လို့ ဘယ်လောက်လှကြောင်း အမှတ်တမဲ့မှလွဲ၍ စေ့စေ့မကြည့်ခဲ့ဖူးပေ။





''အချစ်ဘယ်ကစလဲ. . . မင်းသိလား''

''အဟွန်း. . .''

''သိလား''

''မသိဘူး''

မင်းညံ့သေးတယ်ဆိုသောပုံစံနှင့် နှာခေါင်းရှုံ့ကာ တဝင်းဝင်းလက်နေသောမျက်မှန်ကို လက်ညှိုးနှင့်ပင့်တင်လိုက်၏။ ပြီးမှ အားမလိုအားမရပုံစံနှင့် ယုံကြည်ချက်ဘက်သို့ ကိုယ်ပါလှည့်ထိုင်ကာ. . .

''မသိရင်မှတ်ထား. . . အချစ်ရဲ့အစ နှာခေါင်းကတဲ့''

''ဟုတ်ရဲ့လားဗျာ၊ ကျွန်တော်ကြားဖူးတာက မျက်လုံးက စတယ်ဆိုလား''

''တုံး! မျက်လုံးက လှတာမြင်တိုင်း ကြည့်နေတာကို၊ နှာခေါင်းကမှ ချစ်တော့ နမ်းချင်တယ်၊ နမ်းမိရင် ချစ်လာတယ်။ မယုံမရှိနဲ့၊ ငါ့မိန်းမကို ငါချစ်သွားတာ ဘာကစလဲဆို ဒီနှာခေါင်းကပဲ''

''ပြောပါဦး. . . ဘယ်လိုစတာလဲ''

ဦးဆန်းမောင် ပြုံးဖြီးဖြီးမျက်နှာကြီးနှင့်. . .

''ထုပ်စည်းတိုးတမ်းကစားကြရင်း သူပြေးတာကို ငါက ဖမ်းတာ။ အဲဒီမှာပဲ မထင်မှတ်ဘဲ သူ့ကိုငါဖက်နမ်းလိုက်သလိုဖြစ်တာကွ၊ အဲဒီကနေစတာ''

''ကစားကြတယ်ဆိုတော့ ဘယ်အရွယ်လဲ''

''လူပျိုဖြန်း အပျိုဖြန်းအရွယ်ပေါ့ကွာ၊ ဆယ့်ခြောက်နှစ်လောက်ရှိနေပြီ။ တို့ငယ်ငယ်တုန်းက အဲဒီအရွယ်တွေကစားကြ''

ယုံကြည်ချက် ဘကြီးတို့ငယ်ဘဝကို မြင်ယောင်ကြည့်ပြီး ပြုံးမိ



www.burmeseclassic.com

www.burmeseclassic.com



သွား၏။ ဟုတ်မှာပါ။ ခါနွေဆိုရင် တက္ကသိုလ်ရောက်နေတာတောင် ကလေးပေါ့နှင့် ဘောလုံးကန်တုန်းမို့ မေမေလိုက်ရိုက်တာ ခဏခဏပါလေ။ အဲဒီတုန်းကဆိုရင် ခါနွေက သူ့ကိုအကာအကွယ်ယူလို့။

သူက ခါနွေ့ကိုကာကွယ်ပေးရင် အရိုက်ခံခဲ့ရတာတွေ။ ခုလည်းသား ခါနွေဘဝလေးထဲမှာ ဘာအန္တရာယ်မှမကျရောက်စေရအောင် ကာကွယ်ပေးမှာပါမေမေ။ ဒါတစ်သက်လုံးအတွက် ကတိပေးတာပါ။

"မောင်ကိုကို"

သူ ငဲ့ကြည့်လိုက်တော့. . .

"ကိတ်သွားလိုက်တာကွာ၊ တရားမှတ်နေသလားလို့"

"ဒီအချိန်မှာ တရားမမှတ်တဲ့သူ အဝိစိကျမယ်ဆိုရင် ကျွန်တော်ရှေ့ဆုံးက ဇောက်ထိုးဆင်းရမှာ"

"ဒီမှာ ပေ့ါကောင်"

ဘကြီးက ဘေးဘေးဘီဘီကိုကြည့်ပြီး အသံနိမ့်ကာ. . .

"မင်းရော နမ်းကြည့်ပါလား"

"ဘကြီးကလည်းဗျာ"

"ဘကြီးကလည်းလုပ်မနေနဲ့၊ အဲဒါမှ မင်း သူ့ကိုတကယ်ချစ်မချစ်သိရမှာ"

"အစကတည်းက ခါနွေ့ကို ကျွန်တော်ချစ်ပြီးသားပါ။ ဒါပေမဲ့ကာလာမပါခဲ့ဘူး။ အခုလက်ထပ်ဖို့ ဖေဖေပြောတာကိုလည်း ခေါင်းညိတ်ပြီး ဒီအထိလိုက်လာခဲ့တဲ့ ကျွန်တော့်နှလုံးသားကို မှတ်ကျောက်တင်ပြဖို့ မလိုဘူးထင်ပါတယ်"

"အေး. . . ဒါလည်းဟုတ်တာပဲကွ"





"ကိုဆန်းမောင်"

"ဟေ"

ဒေါ်အေးအေး နောက်မှာလာရပ်ပြီး ခေါ်လေသဖြင့် ဦးဆန်းမောင် ပျာပျာသလဲ လှည့်ကြည့်တော့. . .

"မောင်ကိုကို့ကို ရှင် ဘာတွေမြှောက်ပေးနေတာလဲ"

"ငှက်ပျောသီး အုန်းသီးနဲ့ ကောက်ညှင်းထန်းလျက် ကွမ်း လက်ဖက်. . ."

"ဘာရှင့်"

"အဲလေ. . . ဘာမှမဟုတ်ပါဘူးကွာ။ မင်းကလည်း"

"ရှင့်အကြောင်း ကျွန်မ မသိဘူးမှတ်နေလား။ အလုပ်မရှိဘဲနဲ့ ကြက်ကို အောင်သွယ်ပြီး နှုတ်သီးချင်းလိမ်ခိုင်းချင်တဲ့လူ. . . လာခဲ့"

"ဟာ. . . ဟေ့! အား. . ."

ဦးဆန်းမောင်ကို သူ့မိန်းမက ဗိုက်ခေါက်လိမ်ဆွဲပြီး ခေါ်သွားသည့်တိုင်၊ ရှုံ့မဲ့မဲ့ကြားက လှည့်ပြောဖြစ်အောင် ပြောသွားသေးသည်။

"မောင်ကိုကို. . . နှာခေါင်းကိစ္စမမေ့နဲ့နော်"

ဘကြီးကိုကြည့်ပြီး သူရယ်ကျန်ခဲ့ရ၏။ တကယ်တော့ သူနဲ့ခါနွေကြားမှာ ဘကြီးပြောသလောက် မလွယ်ဘူးဆိုတာ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၄)

ခါနွေ. . .

ကြီးကြီးအေးရဲ့အစ်မအိမ်ကို အိမ်ချင်းသိပ်မဝေးတာကြောင့်မို့ ဆိုင်ကယ်မယူဘဲ လမ်းလျှောက်၍လာခဲ့သည်။ တစ်ခါတလေ ခုလိုလမ်းလျှောက်ရင်း ဟိုဟိုဒီဒီငေးရတာ စိတ်ထဲမှာ ပေါ့ပါးလန်းဆန်းသလိုပါပဲ။ ဘကြီးတို့က အစ်မကြီးအမိအရာထားပြီး ကြီးကြီးအေးရဲ့ အစ်မကြီးကြီးဒွေးကို လစဉ် ငွေကြေး ကန်တော့ထောက်ပံ့နေကျတဲ့။

ခုလည်း. . .

ခါနွေ့ကို ပိုက်ဆံငါးသောင်း သွားကန်တော့ပေးပါဆိုလို့ ခါနွေထွက်လာခဲ့ခြင်းပါ။ ကိုယ့်အာရုံနဲ့ကိုယ် လမ်းလျှောက်လာခဲ့စဉ်. . .

"ဟိတ်!"

"ဟင်!"

ခေါ်သံနှင့်အတူ အနားရောက်လာသော လူနှစ်ယောက်ကိုကြည့်





ပြီး ခါနွေ မျက်မှောင်ကြုတ်သွား၏။

"နာမည်ဘယ်လိုခေါ်သလဲ"

မေးတဲ့သူက မျက်လုံးပေါက်ကျဉ်းကျဉ်းနှင့် အသားက လူနီဖြူစပ်၊ ဆံပင်က နီကျင်ကျင်ဖြစ်ပြီး၊ နောက်တစ်ယောက်က အရပ်ရှည်ရှည်ပိန်ကပ်ကပ်နှင့်ပါ။

"ချစ်စရာလေး"

"ဘယ်ကိုသွားမှာလဲ၊ လိုက်ပို့မယ်နော်"

ခါနွေ မျက်နှာတင်းတင်းနှင့်ကြည့်လိုက်ကာ. . .

"ကိုယ့်လမ်းကိုယ်သွားကြပါ၊ ကျွန်မကို မနှောင့်ယှက်ပါနဲ့"

"ကိုယ်တို့လမ်းကို သွားနေတာပဲလေ၊ မင်းလေးက ကိုယ်တို့မြင်ကွင်းထဲကိုဝင်လာပြီး နှလုံးသားတွေကို နှိုးထအောင် နှိုးဆွပေးတာ"

"သေလိုက်"

ခါနွေ ရှောင်ထွက်သွားပေမယ့်. . .

"အိုး. . . ဟိုး. . . နေပါဦး အသည်းလေးရဲ့၊ ကိုယ်တို့ကို ဒီတိုင်းမထားခဲ့ပါနဲ့"

နှစ်ယောက်စလုံး ခါနွေ့ရှေ့မှာ ပိတ်ရပ်ပြီး လက်တွေက ကိုယ့်ယို့ကားယားပါ။

"ဒီအတိုင်းမထားခဲ့လို့ ရှင်တို့ကို မြေမြှုပ်ပေးရဦးမှာလား။ ဖယ်! ရှေ့က"

"နေပါဦးကွ"

"ရှင်တို့နော်. . . လွှတ်စမ်း"

ခါနွေ့လက်ကို အတင်းဆွဲလေသဖြင့် ခါနွေ ဒုတ်ထုတ်ဖယ်ချနေ



www.burmeseclassic.com

www.burmeseclassic.com



ရသည်။ ထိုစဉ် သူတို့အနားမှာ ဆိုင်ကယ်တစ်စီး ထိုးရပ်လာပြီ။

"ဘာဖြစ်နေတာလဲ"

"ဟင်!"

ငွေပ်နှစ်ကောင် ခါနွေလက်ကိုလွှတ်၍ ဆိုင်ကယ်လာရာကို မှိုင် ကြည့်ကြည့်လေသည်။ ဆိုင်ကယ်နှင့်လူက ယုံကြည်ချက်မှီ ခါနွေ့ဆီကိုပဲ လျှောက်လာကာ. . .

"ဘာဖြစ်တာလဲလို့ မေးနေတယ်လေ"

"သူတို့ ကျွန်မကို လိုက်နှောင့်ယှက်နေကြတာ"

"တစ်ယောက်တည်းလာတာကိုး"

သူက ခါနွေ့ကိုပဲ အပြစ်တင်သည့်လေသံနှင့်ပါ။ ဘာပဲပြောပြော ခုလိုအချိန်မှာ ရောက်လာပေးတာကိုပဲ ကျေးဇူးတင်ရမှာ။ မဟုတ်ရင် ငနဲနှစ်ကောင် ဘယ်အထိ လိုက်နှောင့်ယှက်နေမလဲမှမသိတာ။ မေမေ ပြောဖူးတဲ့စကားလေးတစ်ခွန်းရှိသည်။

မိန်းကလေးဆိုတာ. . .

နှင်းဆီပန်းလေးတစ်ပွင့်လိုပဲတဲ့။ ကိုယ့်ကို ကာရံမယ့်ဆူးမရှိရင် အန္တရာယ်များတယ်ဆိုတာလေ။ အရင်ကတော့ ကိုကိုက ပန်းကိုကာခဲ့တဲ့ ဆူးပါ။ ခုကျတော့ ခါနွေက ဆူးမဲ့နှင်းဆီ။

"လာ. . . သွားမယ်"

သူက ခါနွေ့လက်ကိုဆွဲခေါ်လေတော့. . .

"ဟော့ကောင်! နေဦး"

"ဘာလဲ"

ယုံကြည်ချက် ရှေ့မှာပိတ်ရပ်တားဆီးနေသူကို မျက်မှောင်ကြုတ်





ကြည့်လိုက်၏။

"သူခိုးထက် သူဝှက်မှောက် မလုပ်နဲ့လေကွာ၊ သူ့ကို တို့အရင် တွေ့တာ။ နောက်မှမွေးတဲ့သူကို ငဦးလို့နာမည်မှည့်ပေးရလောက်အောင် တို့ မရူးသေးဘူး"

"မင်းတို့ဘာသာ ရူးချင်ရူး. . . မူးချင်မူး. . . ငါနဲ့မဆိုင်ဘူး။ ငါနဲ့ဆိုင်တာက သူ"

ခါနွေ့ပခုံးကိုဖက်ထားလေတော့ ခါနွေအနေခက်ပေမယ့် ငြိမ်နေလိုက်ရ၏။

"ငါက မင်းတို့လို မည်းမည်းမြင်ရာ ငါ့ထန်းတောလုပ်ပြီး လက်ညှိုးထိုး ဏှာဘူးကျနေတာမဟုတ်ဘူး။ သူနဲ့ငါ ဘယ်လိုပတ်သက်လဲ သိချင်လား"

"ဟော့ကောင်! မယုံဘူး"

"ယုံတာ မယုံတာ မင်းတို့အပိုင်း"

ပြောပြီး ထွက်သွားဖို့ပြင်လိုက်စဉ်. . .

"လူပါးဝလို့. . . တောက်!"

"ချကွာ"

"လာလေ"

ပိန်ကပ်ကပ်နှင့်လူက ယုံကြည်ချက်မျက်နှာဆီသို့ လက်သီးတစ် ချက် ပစ်သွင်းလေလျှင် ယုံကြည်ချက် ခေါင်းငဲ့ရှောင်ပြီး ခါနွေ့ကိုလည်း တွန်းဖယ်လိုက်ကာ. . .

"ကဲကွာ"

"ခွပ်!"



www.burmeseclassic.com

www.burmeseclassic.com



"ရော့. . ."

"အင့်!"

"ခွပ်!"

"အ!"

တစ်ယောက်က ယိုင်ထွက်သွားချိန်မှာ နောက်တစ်ယောက် ဝင်လာလေသဖြင့် ယုံကြည်ချက် ခုန်ပြီး မေးဖျားကို ပင့်ကန်ထည့်လိုက်၏။

"ဟိတ်!"

"အင့်. . ."

သူပါပြုတ်ကျသွားရာမှ ပြန်ဝင်လာသူကို ခုန်ထပြီး ဝိုက်ကန်လိုက်တော့ အခြေမလှမှန်းသိ၍ ရှေ့ပ်နှစ်ကောင် ထွက်ပြေးသွားတော့၏။

"တောက်!"

ယုံကြည်ချက် တက်ခေါက်ပြီး ဘောင်းဘီမှဖုန်တွေကို ခါထုတ်လျက်. . .

"ပြောရင် ပြောစကားကို နားမထောင်ဘူး၊ တစ်ယောက်တည်း လတ်ယားလတ်ယားနဲ့ ထွက်သွားတာ ခုတော့ ဘယ်နှယ်ရှိသေးလဲ၊ ငါ သာရောက်မလာရင် ဘာဖြစ်သွားမလဲ သိလား"

"ဘယ်သူက ခေါင်းငုံ့ပြီး ငြိမ်ခံနေမှာလဲ"

"ခံမပြောနဲ့၊ နားရင်းတီးထည့်လိုက်ရ. . . သေတော့မယ်"

"တီးကြည့်ပါလား"

အကြည့်ရူးရူးက ရောက်လာပြီး. . .

"နင် ငါ့ကို ဘယ်တုန်းက ခံပြောဖူးလို့လဲ၊ သတ္တိတွေ ကောင်းနေတယ်ပေါ့။ ဟုတ်လား"





"ဟင်!"

ခါနွေ သူ့မျက်နှာကို စူးစူးစိုက်စိုက်ကြည့်ပစ်လိုက်၏။ သူ ကိုကိုမို့ ဒီစကားကိုပြောတာပေါ့။ ဘာမှဖဝေဖဝါဖြစ်နေစရာမရှိဘူး။ နှုတ်ခမ်းလေးကို တင်းတင်းစေ့ထားရာမှ. . .

"ပြောတော့ ကိုကိုပါဆို"

"အခုမဟုတ်လို့လား။ ငါက မင်းရဲ့ကိုကိုလေ"

"အဲဒါပြီးသွားပြီ၊ မေမေဆုံးပြီးကတည်းက ရှင်နဲ့ကျွန်မကြားမှာ စည်းခြားသွားခဲ့တာ"

"စည်းခြားတာမှန်ပေမယ့် ပြီးသွားတာတော့ မဟုတ်ဘူး။ ခြားတဲ့စည်းကို ခုန်ကျော်ပြီး ပြန်ပေါင်းစည်းနိုင်အောင် ငါကြိုးစားမှာ။ အဲဒါ အရင်သံယောဇဉ်မျိုးနဲ့ မဟုတ်ဘူး။ မင်းသိပါတယ်၊ မင်းကို ဘယ်ကောင်နဲ့မှ သဘောမတူခဲ့တာ အရင်က အစ်ကိုတစ်ယောက်ရဲ့အတ္တနဲ့။ အခု မဟုတ်တော့ဘူးဆိုတော့ အဲဒီအတ္တပေါ်မှာ ထပ်ဆင့်ပြီး အတ္တတွေ မိုး၊ အတ္တတွေ ကာပြီး မင်းကိုသိမ်းပိုက်ထားဖို့"

"ဘာ!"

"ဖေဖေက မင်းနဲ့လက်ထပ်ဖို့ ငါ့ကိုတိုက်တွန်းတယ်။ ငါကလည်း မင်းကို သူများရင်ခွင်ထဲ မထည့်နိုင်ဘူး"

"ဘာတွေလာပြောနေကြတာလဲ၊ မဖြစ်နိုင်ဘူး"

"ခါနွေ"

ခါနွေ ဒေါသတကြီးအော်ပစ်လိုက်တော့ သူကလည်း ပြန်အော်သည်။ ခါနွေ ရှက်ဒေါသနှင့် လက်သီးကိုကျစ်နေအောင် ဆုပ်ထားမိ၏။ သူ့အဒေါ်ရဲ့မျက်နှာက ခါနွေ့မျက်ဝန်းထဲမှာ ဘီလူးတစ်ကောင်လို၊ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



တော့မှ မဖြစ်ရဘူး။ အစကတည်းက ဒီလိုတွေပြောကြမှာစိုးလို့ ရှောင်ထွက်ခဲ့တာတောင်. . .

ဒီအထိလိုက်လာပြီး ဒီစကားကိုပြောတာ ခါန္တေ့ကို အထင်သေးစော်ကားလိုက်တာနဲ့ အတူတူပါပဲ။ ဒီယုန်မြင်လို့ ဒီချုံကိုထွင်တယ်ဆိုတဲ့ အကြည့်မျိုးနဲ့ သရော်ပြက်ရယ်ပြုသွားတဲ့ ဒေါ်ရတနာရဲ့မျက်ဝန်းပုံရိပ်တွေက ခါန္တေ့ရင်ထဲမှာ အုတ်မြစ်ချပြီး နာကျင်စေခဲ့တာ ကုရာနတ္ထိ ဆေးမရှိလို့တောင် ပြောလို့ရသည်။

"မင်း အဲဒီလိုခေါင်းမာနေရင် မဖြစ်သင့်တာတွေ ဖြစ်ကုန်လိမ့်မယ်နော်"

"ဘာတွေဖြစ်နိုင်သလဲ"

ယုံကြည်ချက် ခါးထောက်လျက် ခါန္တေ့ကို ခပ်စူးစူးကြည့်၍. . .

"မင်း စောစောစီးစီး ယောက်ျားရသွားမှာပေါ့"

"ဟင်! "

"ခုလိုဆုံးဖြတ်ခဲ့တာ မင်း တခြားယောက်ျားနဲ့ရရင် အဆင်မပြေတာတွေ ရှိမှာစိုးလို့"

"ရှင်နဲ့မှ အဆင်ပြေမယ်ပေါ့၊ ဟုတ်လား"

"မင်းရဲ့စိတ်သဘောကို ငါ့ထက်ပိုသိတဲ့လူမရှိဘူး"

ခါန္တေ မဲ့ခနဲလုပ်ကာ. . .

"ကာလအပိုင်းအခြားတစ်ခုမှာ ပြောင်းလဲသွားတဲ့ ရှင့်စိတ်လိုပဲပေါ့။ ကျွန်မလည်း ပြောင်းလဲချင် ပြောင်းလဲပစ်မယ်"

ပြောပြီး ခါန္တေ ရှေ့ဆက်လျှောက်သွားလေလျှင်. . .

"ဘယ်ကိုလဲ"





"ကိုယ့်လမ်းကိုယ်သွားတာ"

"ဆိုင်ကယ်ပေါ်တက်"

"မတက်ဘူး"

"ဘာလဲ၊ ချုပ်ခေါ်ရမှာလား။ တကယ်ရှေ့ဆက်တိုးရင် တကယ်လုပ်မှာနော်"

အသက် ၂၀ ကျော် ၂၅ ပင်မပြည့်သေးသည့် လူတစ်ယောက်က ဘယ်လောက်များ ရင့်ကျက်နိုင်မှာမို့လဲ။ အရင်က အကြီးရာထူးနဲ့ လူကြီးဆန်ခဲ့ရပေမယ့် နှလုံးသားရေးနဲ့ပတ်သက်လာတော့ လူငယ်က လူငယ်ပါပဲ။ သူ ခါန္တေ့အနားကို ဆိုင်ကယ်ဖြည်းဖြည်းမောင်းသွားပြီး ပွတ်ကပ်ရပ်လျက် လက်ကိုလှမ်းဆွဲထားလိုက်၏။

"ဖယ်ပါ"

"တက်မှာလား. . . မတက်ဘူးလား"

ပြောတဲ့အတိုင်းလုပ်ဖို့ ဟန်ပြင်နေသဖြင့်. . .

"တက်မယ်. . . တက်မယ်"

ယုံကြည်ချက် ခါန္တေမျက်နှာ ကွယ်သွားမှ ပြုံးလိုက်မိသည်။ ရှေ့က မျက်နှာပြုံးတာကို နောက်ရောက်သွားတဲ့ ခါန္တေ ဘယ်လိုသိမှာလဲ။ သိလို့ကတော့. . .



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၅)

ဦးဆန်းမောင်ရှေ့တွင် လက်ကိုနောက်ပစ်၍ ရပ်နေကြသော တပည့်သုံးယောက်မှာ စိုင်းဖော်ထူး၊ ကျောက်ခဲနှင့် မင်းဒင်တို့ဖြစ်ကြသည်။ ဒီလူတွေက ဦးဆန်းမောင် သေဆိုလျှင် ကွမ်းတစ်ရာ ရေတစ်မှုတ်ပေးစရာ မလိုဘဲ ဘိုင်းခနဲ လဲကျသေမည့်သူတွေ။

"မင်းတို့ ငါနိုင်းတဲ့အတိုင်းပဲလုပ်၊ ပိုတာလိုတာတွေ ငါမလိုချင်ဘူး။ နည်းနည်းတိမ်းချော်သွားတာနဲ့ မင်းတို့မလွယ်ဘူးမှတ်"

"ဟုတ်ကဲ့၊ ကျွန်တော်တို့ ဆရာနိုင်းတဲ့အတိုင်း တစ်သွေမတိမ်း လိုက်နာပါ့မယ်"

"အေး. . . မင်းတို့ ကောင်မလေးကိုခေါ်လာရင် မွဲတစ်ပေါက်တောင် မစွန်းစေနဲ့နော်။ သူက ငါ့အတွက် တန်ဖိုးမဖြတ်နိုင်တဲ့ရတနာပဲ။ အရေးကြီးတယ်"

"ကျွန်တော်တို့ ဘယ်ခေါ်လာရမလဲဆရာ၊ ဒီအိမ်ကိုပဲခေါ်လာရမလား"





"ဟုတ်တယ်လေ၊ ဒီအိမ်ကမှ မထင်မှတ်တဲ့နေရာ။ ဘယ်သူမှ သတိထားမိမှာမဟုတ်ဘူး။ ပြီးတော့ ဒီခြံထဲမှာက သစ်တော်ပင်တွေနဲ့ တော်ရုံလူ မမြင်နိုင်သလို လူအဝင်အထွက်လည်း ရှိတာမှမဟုတ်တာ"

ဦးဆန်းမောင်ပြောသမျှကို နားထောင်ပြီး ညွှန်ကြားသမျှ ခေါင်းညိတ်နေကြသည့်လူတွေမှာ နားမလည်နိုင်ခြင်း လည်နိုင်ခြင်းကိစ္စတွေ ရှုပ်ထွေးနေကြ၏။ ဆရာကပဲ ကြောင်တာလား၊ သူတို့ကပဲ ဂေါက်နေတာ လား။ ကောင်မလေးကိုဖမ်းပြီး ဆရာဘာလုပ်မှာလဲဆိုတာကို သိချင်နေမိသည်။

ကျောက်ခဲက မမျိုသိပ်နိုင်စွာနှင့်ပဲ အရဲစွန့်မေးဖို့ ငုံ့ထားသော ခေါင်းကိုမော့လိုက်ကာ. . .

"ဆရာ"

"ဘာမေးစရာရှိလို့လဲ"

"ဟိုလေ. . . ဟို"

"ရဲရဲပြောပါ"

ကျောက်ခဲ တံတွေးကိုကြိတ်မျိုချလိုက်ပြီး. . .

"ကောင်မလေးက ဆရာ့အတွက် ဘာရတနာလဲ. . . အဲဒါ"

"နောက်ဘော့ မင်းတို့သိရမှာပါ"

"အခုနည်းနည်းပါးပါးသိလို့မရဘူးလား ဆရာ"

စိုင်းဖော်ထူးက ဆက်မေး၏။ ဦးဆန်းမောင် တစ်ယောက်ချင်း မျက်နှာကိုလိုက်ကြည့်ပြီးမှ တစ်ဖက်လှည့်ပြီး မျက်မှန်ကိုချွတ်ကာ လက်ကိုင်ပဝါတစ်ထည်ထုတ်ပြီး သုတ်နေလျက်. . .

"ကောင်မလေးကိုထိရင် သူ့ကောင်က မငြိမ်နေ သူ့ကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ဝင်လုပ်တော့မှာလေ။ သူပါလာပြီဆိုတာနဲ့ သူ့ကိုပါ ဖမ်းချုပ်ထားလိုက်။ လက်လွန်ခြေလွန်တော့ မဖြစ်စေနဲ့. . . ကြားလား''

''ကျွန်တော်တို့သိချင်တဲ့လိုရင်းကို မရောက်သေးဘူးဆရာ''

''သိချင်ရင် မြန်မြန် ဒီကိစ္စကိုအကောင်အထည်ဖော်လေ။ လမ်းဆုံးရင် ရှာတွေ့မယ်''

မတင်မကျအဖြေကြီးကြောင့် သုံးယောက်သား သက်ပြင်းကြိတ်ချမိကြ၏။ အဲဒီလမ်းဆုံးက ရှာမရောက်ခင် သူတို့ကတော့ ရွှေထုပ်ကြီးပဲ ကောက်ရမလား၊ မြွေကိုက်တာကိုပဲ ခံရမလား မပြောတတ်တော့။ ဆရာ့အတွက် ရတနာဆိုတော့ သိုက်တူးပေးရမှာက သူတို့တာဝန်။

''တစ်ခုတော့ မင်းတို့သတိထားရမယ်''

''ဟုတ်ကဲ့. . . ပြောပါဆရာ''

ဦးဆန်းမောင် မေးကိုလက်နှင့်ပွတ်ကာ. . .

''ကိုကိုဆိုတဲ့ကောင်က နှသုံးရည်နဲ့ပြည့်စုံသလို လက်ရုံးရည်ကလည်း မင်းတို့သုံးယောက်ကို သူက ပြန်လှဲသိပ်နေဦးမယ်။ အဲဒါ အရေးကြီးတယ်. . . သတိထား။ မလုံလောက်ရင် အကူအညီထပ်ခေါ်''

''ရပါတယ် ဆရာ၊ အဖော်ဆိုတာ နာမည်နဲ့လိုက်အောင် ဖော်ကောင်လုပ်တဲ့သူလို့ပဲ ကျွန်တော်ကတော့ သတ်မှတ်တယ်''

''ဟုတ်တယ် ဆရာ''

စိုင်းဖော်ထူးစကားကို မင်းဒင်ကပါ ထောက်ခံလျက်. . .

''ကိုယ့်လူနဲ့ကိုယ်က နိုင်လို့သတ်လာလည်း လူမသိဘူး။ ကိုယ်ညံ့လို့ ဦးချတောင်းပန်ရလည်း သူများ သိစရာမလိုဘူးလေ။ အဖော်ရဲ့ အဓိပ္ပာယ်က ဖော်ကောင်လို့ပဲ ကျွန်တော်တို့သတ်မှတ်ပါတယ်''





''ဟော့! မင်းတို့ကို ငါနိုင်းတာ သတ်ဖို့ဖြတ်ဖို့မပါဘူးနော်။ အရေးကြုံလို့ ရိုက်ကြပုတ်ကြလောက်ပဲ။ ဒီထက်တော့ မပိုစေနဲ့''

''ဟာ. . . ဆရာကလည်း ကိုယ်မဆော်လို့ သူဆော်ရင် ဘယ်လိုလုပ်မလဲ''

''သုံးယောက်နဲ့တစ်ယောက်မှ မထိန်းချုပ်နိုင်ရင်တော့ ခံပေါ့ကွာ''

''အမ်. . .''

စိတ်မရှည်စွာပြောချလိုက်ပြီး ဦးဆန်းမောင် တပည့်တွေကိုကျောခိုင်းပစ်လိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၆)

ဒီနေ့မှ. . .

ခြံထဲက အလုပ်သမားတစ်ယောက် နေမကောင်းဖြစ်တာနှင့်ပဲ ဆေးခန်းကိုသွားပြပေး၊ ပြီးတော့ အိမ်ရောက်အောင် လိုက်ပို့ပေးပြီးမှ ခြံထဲကို ပြန်လာရသည်။

"ဟော. . . ဟိုမှာ ခါနွေပြန်လာပြီ"

"မြန်မြန်လာပါ ခါနွေရယ်၊ နင်မရောက်မချင်း မုန်တိုင်းက ရပ်မှာမဟုတ်ဘူး"

"ဘာဖြစ်လို့လဲ ကိုကြီးဆွေ"

"ကိုကိုလေ၊ နင့်နောက်ကို တစ်ယောက်တလေတောင် အဖော်လိုက်မသွားဘူးလားဆိုပြီး ဝါးလုံးရှည်နဲ့ မွှေ့ယမ်းနေသလိုပဲ"

အားလုံးရဲ့အသိထဲမှာတော့ သူက ကိုကိုပါပဲ။ ကိုကိုတော့ ကိုကိုပါပဲ။ သံတူကြောင်းကွဲဖြစ်နေတာတစ်ခုပဲ ကွာသည်။





"အဲဒါ သူနဲ့ဘာဆိုင်လို့လဲ"

"ဆိုင်တာမဆိုင်တာက သူပဲသိမှာလေ"

"အခု သူက ဘယ်မှာလဲ"

"ဟိုဘက် ထွက်သွားတယ်"

ငြိမ်းချမ်း လက်ညှိုးထိုးပြရာဘက်သို့ ခါနွေ လိုက်ကြည့်မိ၏။ သူပြန်ပြီးလျှောက်လာနေတာကို မြင်ရသဖြင့် မျက်နှာက တင်းသွားသည်။ သူလည်း ကားစီးနိုင်ပြီး တိုက်ပေါ်ခုန်တက်သွားတာနှင့် သူ့အဒေါ်လေသံအတိုင်း ဖြစ်နေပြီလားမှမသိတာ။ တစ်လောကလုံးကို စိန်စီနိုင်အောင် ချမ်းသာလည်း ဘယ်သူက ဂရုစိုက်မှာလဲ။

အရင်က ဘယ်လောက်ပဲ အားကိုးခင်တွယ်ခဲ့ပါစေ၊ ရတနာဆိုတဲ့အသံနှင့်ပတ်သက်ပြီး သူ့ကိုလည်းမုန်းသည်။ သံယောဇဉ်လက်ကျန်ရှိနေသေးရင်တောင် လွမ်းတာကို နာတာနဲ့ဖြေပြီး မာနကိုဖို့ထိုးပြီး အမြဲတမ်း သနေမယ့် ခါနွေပါ။

"တို့ပြန်တော့မယ် ခါနွေ"

"အင်း. . . အလုပ်သိမ်းချိန်ရောက်နေပြီပဲဥစ္စာ၊ ပြန်လေ"

"မုန်တိုင်းက နင့်ကိုဗဟိုပြုပြီး မွှေ့သွားတာနော်၊ သတိထားဦး"

ကိုကြီးဆွေက ပြုံးဖြီးဖြီးနှင့် စလေသဖြင့်. . .

"ခါနွေက ဘာလို့ကြောက်ရမှာလဲ၊ ပြဒါးတစ်လမ်း သံတစ်လမ်းကြီးဥစ္စာ"

"နင်တို့အတူတူပြန်ရမှာလေ. . . တော်ကြာ"

"တော်စမ်းပါ"

ခါနွေ အော်လိုက်တော့ ငြိမ်းချမ်း ဖက်ကလေးပုပြီး လျှာတစ်



www.burmeseclassic.com

www.burmeseclassic.com



လစ်လုပ်ကာ ထွက်သွားလေသည်။ အလုပ်သမားတွေ အလျှိုလျှိုထွက်သွားတာကိုပဲ အထူးအဆန်းလို ခါနွေ လိုက်ကြည့်နေမိတာ ဘယ်လောက်ကြာသွားသည်မသိ။

"အဟမ်း. . . အဟမ်း"

"ဟင်!"

ချောင်းတုတွေ ဆိုးသံကြားမှ လှည့်ကြည့်တော့ မျက်စောင်းကပါ တစ်ခါတည်း ကပ်ပါသွားသည်။

"လူမမြင်ရသေးဘူး၊ မျက်စောင်းက တန်းဝင်လာတာပဲ"

ခါနွေဘာမှမပြောဘဲ ခြေထောက်ကို အလုပ်ပေးလိုက်သည်။ သူက နောက်ကကပ်လိုက်လာပြီး. . .

"ခါနွေ"

ခါနွေ မထူးပေ။

"ခါနွေ"

ခြေလှမ်းက ပုံမှန်ထက် ပိုကျဲလာ၏။

"ခါနွေ"

ဒါလည်း ခါနွေ ဘာတစ်ခုမှမတုံ့ပြန်ပေ။

"မေမေမွေးတုန်းက နားကောင်းလေးပါ။ ခုမှ ဘယ်လိုဖြစ်ပြီး နားကန်းသွားလဲမသိဘူး"

ဒီစကားလုံးလောက်နဲ့ ခွန်းမပြန်ဘူးဆိုတာ သိတော့သိနေသားပဲ။ ငယ်ငယ်လေးကတည်းက အတူနေလာခဲ့တာ ကိုယ့်ကိုစိတ်ကောက်ပြီဆို အသည်းအသန်ပြန်ချော့ရတာတွေကို တွေးမိတော့၊ ရင်ထဲမှာ နွေးခနဲဖြစ်သွားပြီးမှ ထိုအချိန်တွေကိုပဲ တမ်းတနေမြောမိသလိုလို။ ညီမလေး





ကို ကိုကိုက အရမ်းချစ်တာလို့ ခဏခဏပြောခဲ့တုန်းက ခါနွေ ပြုံးနေခဲ့ပေမယ့်. . .

အခု. . . ခြားနားခြင်းရဲ့စည်းတစ်ဖက်စီမှာ ရပ်နေကြပြီမို့ ချစ်တယ်လို့ပြောဖို့ခက်နေသည်။ ကိုယ့်ဘက်က အရင်ထက်ပိုတာ တစ်ခုတိုးနေပေမယ့် သူ့ဘက်က ရှိရင်းစွဲ ၅၂၈ ကလေးတောင် ဘယ်ချောင်မှာ ပုန်းလျှိုးဝှက်ထားမှန်းပင်မသိတော့။ ဒါဟာ တကယ်လားလို့တွေးပြီး ခါနွေ မျက်နှာကိုငုံ့ကြည့်ကာ. . .

"အနားမှာ ဘယ်သူမှမရှိတော့ဘူး"

". . ."

"ခုလိုလူပြတ်နေတဲ့အချိန်မှာ တစ်ခုခုများဖြစ်ရင် ကြောက်စရာကြီးပဲ။ ဒီနေ့နောက်ကျနေတော့ လမ်းတစ်ဝက်ရောက်ရင် မှောင်မှာ။ လူလူချင်းကမှ အသနားခံပြီး တောင်းပန်တာဖြစ်ဖြစ် သူချကိုယ်ချ ထိုးကြိတ်တာဖြစ်ဖြစ်. . . ရဦးမယ်။ မမြင်ရတဲ့ နာနာဘာဝ"

"ဒီမှာ"

ခါနွေ သူ့ဘက်သို့ ချာခနဲလှည့်လိုက်၏။ ဒါ ခါနွေ သရဲကြောက်တတ်မှန်းသိလို့ တမင်ခြောက်နေတာ။ ခြောက်နေတာမှန်းသိသိနဲ့ တွေးကြောက်တတ်တဲ့စိတ်က ငယ်ငယ်ကတည်းက ပါလာတာ အကျင့်ဖျောက်လို့မရနိုင်။

"ဘာလဲ. . . ခေါ်ပြီး ဘာမှပြောတာ မဟုတ်ဘဲနဲ့"

"ပြောမှာ"

"အောင်လ"

"ဘာ"



www.burmeseclassic.com

www.burmeseclassic.com



"ပြောလို့ပြောတာ"

မရင်းနှီးမပတ်သက်ဖူးတဲ့ သူစိမ်းပြင်ပြင်ကြီးသာဆိုလျှင် ကျော ကိုပြေးထုပြီး ကျိန်ဆဲပစ်လိုက်ပြီ။ ခုက ကိုယ့်ထက်အကြီးဖြစ်နေလို့။

"ခါနွေ ကြောက်မှန်းသိလို့ ခြောက်နေတာမဟုတ်လား"

"ခြောက်တာမဟုတ်ဘူး၊ ဖြစ်တတ်တာကိုပြောတာ"

"တော်စမ်းပါ"

"ကဲပါ. . . ကြောက်မနေနဲ့ ငါတစ်ယောက်လုံးရှိတယ်။ မသကာ နှစ်ယောက်တည်းမို့လို့ ငါ့စိတ်တွေ ဖောက်ပြန်သွားရုံအပြင် တိုးမရှိဘူး"

"ဘာ. . . ဘာစကားပြောတာလဲ"

"ကြားတဲ့အတိုင်းပဲ"

ယုံကြည်ချက် ခြေလှမ်းကျဲနှင့်လျှောက်တော့ ခါနွေ ရပ်လည်း မကျန်ခဲ့ရဲဘဲ အပြေးတစ်ပိုင်းနှင့် လိုက်လာခဲ့ရသည်။ ယုံကြည်ချက် ဆိုင် ကယ်ကိုစက်နှိုးလိုက်ပြီး. . .

"တက်"

"ဟင့်အင်း. . . ခါနွေ မောင်းမယ်"

ယုံကြည်ချက် ရှုတည်တည်နှင့် ပြန်ငဲ့ကြည့်လိုက်တော့ ခါနွေ မျက်နှာလေးပျက်ပျက်နှင့်သာ. . .

"ခါနွေ နောက်ကမစီးရဲဘူး၊ မတော်လို့ တစ်ခုခုမြင်လိုက်ပြီး တစ်ခုခုဖြစ်ရင် ရှင်သိချင်မှသိမှာ"

"ဟာ! လူတစ်ယောက်လုံးကြီးဖြစ်တာကို မသိဘဲနေမလား"

"ဟင့်အင်း. . . ခါနွေပဲမောင်းမယ်"

"ကဲ! မောင်းကွာ. . . မောင်း"





သူဆင်းရပ်လိုက်တာနှင့် ခါနွေက မောင်းသူနေရာကို ဝင်ထိုင် ပြီး သူက နောက်မှတိုက်လိုက်၏။ ဟိုတစ်ခါလို ခါးကိုဖက်တာမဟုတ်လို့ တော်သေးပေသည်။ ပခုံးကိုပဲ ကိုင်ထားသဖြင့် ခါနွေမပြောဘဲ ငြိမ်နေတာ လူပြတ်သည့်နေရာမှာ နှစ်ယောက်တည်းလေ။

ခါနွေ ဆိုင်ကယ်ကို သတိထားမောင်းရင်း မျက်လုံးက လမ်းဘေး ချုံမပ်ဆီက တစ်နေရာတည်းလှုပ်ခါနေသောနေရာကို ကြည့်မိကာ ဆိုင် ကယ်ကို ထိုးရပ်ပစ်လိုက်၏။

"ဘာဖြစ်လို့လဲ"

"ဟို. . . ဟိုအပင်တွေ လှုပ်နေလို့"

"လေတိုက်လို့ လှုပ်နေတာပါ"

"လေတိုက်ရင် အပင်တိုင်းလှုပ်မှာပေါ့"

ယုံကြည်ချက် ဆိုင်ကယ်ပေါ်ကနေ ဆင်းလိုက်တော့ ခါနွေလည်း ဆင်းရပ်လိုက်သည်။ တစ်နေရာတည်းကွက်ပြီး လှုပ်ခါနေတာ အမှန်ပဲမို့ ယုံကြည်ချက် သွားကြည့်မည်ဟု ရှေ့တိုးလေလျှင်၊ ခါနွေ သူ့လက်မောင်း ကို ကမန်းကတန်းဆွဲထားလိုက်ပြီး. . .

"ဘယ်ကိုလဲ"

"သွားကြည့်မလို့"

"မကြည့်ပါနဲ့"

"တစ်နေရာတည်း ဒီလိုဖြစ်နေတာ ဘာလဲသိရအောင် သွား ကြည့်မှပေါ့"

"ခါနွေ မကျန်ခဲ့ရဲဘူး။ ကြောက်တယ်"

"ဒါဆို မင်းပါလိုက်ခဲ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . မလိုက်ရဲပါဘူး"

ခါနွေ ဆွဲထားသဖြင့် ယုံကြည်ချက် ရှေ့လည်းမတိုးဖြစ်။

"ဒုက္ခပဲ. . . တောစကားပုံနဲ့ပြောရရင် မရဲဘဲနဲ့ ကျွဲပြိုင်စီးတယ်ဆိုတာမျိုးဖြစ်နေပြီ။ ကြောက်တယ်လည်းပြောသေးရဲ့၊ ဆိုင်ကယ်ကို ကျော်မမောင်းဘဲ ရပ်ထားသေးတယ်"

"ဟာ. . . အဲဒီနေရာကို ခါနွေ မဖြတ်ရဲဘူး"

"ဒါဆို ငါမောင်းမယ်"

"ဟင့်အင်း. . . ခါနွေ နောက်မှာလည်းမစီးရဲပါဘူးဆို"

"ကျွတ်!"

ခုမှခက်ပြီ။ စတုန်းက ဘာရယ်မဟုတ်ပေမယ့် ခုတော့ ခါနွေကြောက်နေတာနှင့်ပဲ ရှေ့မတိုးနောက်မဆုတ်ဖြစ်နေရပြီ။

"ဟော. . . ဟိုမှာ ဘာမှမလှုပ်တော့ဘူး။ ငြိမ်သွားပြီ"

"ဟင့်. . ."

ခါနွေ့ထံမှ ရှိုက်သံလိုလို ဟင့်ခနဲထွက်လာပြီး သူ့လက်မောင်းကိုပဲ တင်းတင်းဆုပ်ထားသည်။

"ဘာမှမဟုတ်ပါဘူး ခါနွေရယ်၊ မကြောက်နဲ့နော်။ ကိုကိုတစ်ယောက်လုံး ရှိနေတာကိုကွာ။ ကလေးကျနေတာပဲ"

ယုံကြည်ချက် ခါနွေ့လက်ဖျားလေးတွေကို ဆုပ်ကိုင်လိုက်တော့ အေးစက်နေသည်။

"ဒီလိုပဲရပ်နေရင် မှောင်သထက်မှောင်သွားလိမ့်မယ် ခါနွေ။ အဲဒါမှ ပိုပြီးကြောက်စရာကောင်းလာမှာ။ ရှေ့ကမောင်းမလား. . . နောက်ကစီးလိုက်မလား။ တစ်ခုခုကိုဆုံးဖြတ်"





"ခါ. . . ခါနွေပဲ မောင်းပါ့မယ်"

"ဒီလောက်လက်ဖျားတွေ အေးပြီးတုန်နေတာ ဖြစ်ပါ့မလား"

"ဖြစ်အောင်မောင်းမယ်"

ခါနွေ နှုတ်ခမ်းကိုဖိကိုက်ပြီး စိတ်တင်းလိုက်၏။ ခါနွေက လူလူချင်းသာ ဖင်ခေါင်းကျယ်ပြီး စိန်ခေါ်ရဲတာလေ။ ဒါကလည်း အားကိုးရှိလို့ပဲမဟုတ်ဘူးလား။ လက်ဝါးချင်းဖိပွတ်ပြီး ထိုနေရာကို မရဲတရဲပြန်ကြည့်လိုက်တော့ ဆံပင်စုတ်ဖွားနှင့် ခေါင်းကြီးကိုမြင်လိုက်ရလေလျှင်. . .

"အမယ်လေး!"

"ဟ. . ."

ခါနွေက ယုံကြည်ချက်ခါးကိုအတင်းဖက်ပြီး မျက်နှာလေးကိုသူ့ရင်ဘတ်နှင့်ဖိကပ်ကာ. . .

"ဟီး. . .."

"ခါနွေ"

"ကြောက်တယ်"

"ဘာကြောက်စရာရှိလို့လဲ၊ ကိုကိုရှိနေတာကို"

"ခေါင်းကြီး. . . ဆံပင်စုတ်ဖွားနဲ့"

"ခါနွေ စိတ်ခြောက်နေတာပါ၊ ဘာမှမရှိဘူး"

"ရှိတယ်. . . သေသေချာချာမြင်လိုက်တာ"

"ဒုက္ခပဲ"

ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိအောင်ကိုပဲ ယုံကြည်ချက် ဦးနှောက်ခြောက်သွား၏။ စမိတာကိုက သူမှားတာ။ ခါနွေက သူ့ခါးကိုသာကျစ်နေအောင် ဖက်ထားသဖြင့် သူအလိုက်သင့်ပြန်ဖက်ထားမိကာ ဘာ



www.burmeseclassic.com

www.burmeseclassic.com



လုပ်သင့်သလဲဆိုတာကိုသာ အပြေးအလွှားစဥ်းစားနေ၏။ ထိုစဥ်. . .

"ဟီး. . . ဟီး. . . ဟီး"

"ဟင်! "

"ဗိုး. . . ဟိုး. . . ဟိုး. . . ဝါး. . . ဟား. . . ဟား"

"ကြောက်တယ်. . . ဟီး"

"ခါချွေ သတိထားစမ်း"

"ကို. . . ကိုကို. . . ခါချွေ"

သူ့ရင်ခွင်ထဲမှာ ခါချွေ ပျော့ခွေသွားလေသဖြင့် စိုးရိမ်ရေမှတ်က ခေါင်းတစ်ခုလုံးကို ထူပူသွားစေသည်။

"ခါချွေ. . . ခါချွေ"

"ဟိတ်! "

"ဟင်"

ယုံကြည်ချက် ခါချွေ့ကိုလှုပ်ခါခေါ်နေစဥ်မှာပဲ စောစောက လှုပ်ယမ်းနေသည့်ချုံတွေအကွယ်မှ လူသုံးယောက် ပြေးထွက်လာပြီး သူ့ဆီသို့သာ တန်းတန်းမတ်မတ်ရောက်လာသည်။ တစ်ယောက်က ခါချွေမြင်လိုက်သည့် ခေါင်းပိုင်ရှင်ပဲဖြစ်မှာပါ။ ဆံပင်က ကောက်သည့်အပြင် စုတ်ဖွားဖွားကြီးနှင့်ပါ။

"ခင်ဗျားတို့ ဘယ်သူတွေလဲ၊ ဘာဖြစ်လို့ ခုလိုလုပ်ရတာလဲ"

သူမေးတာကို ဘယ်သူမှမဖြေ။ တစ်ယောက်က တုတ်ကိုင်ထားပြီး ရပ်နေကာ၊ ဆံပင်စုတ်ဖွားက မေးဆတ်ပြသည်နှင့် သူ့ဆီသို့ တိုးကပ်လာသည်။ ခါချွေက သူ့ရင်ခွင်ထဲမှာမို့ ကျရောက်လာမည့် အန္တရာယ်ကို သူ ဘယ်လိုမှကာကွယ်နိုင်တော့မည်မဟုတ်ပေ။





"ခင်ဗျားတို့ ဘာဖြစ်ချင်တာလဲလို့ မေးနေတယ်လေဗျာ"

"တို့ဖြစ်ချင်တာက. . . ကဲ"

ဖက်ပိုးကိုရိုက်ချလိုက်သဖြင့် ယုံကြည်ချက် ငိုက်ခနဲဖြစ်သွားစဥ်

"ကဲ. . . "

"ခွပ်! "

"အား. . . "

ယုံကြည်ချက်ခေါင်းဆီမှာ ထူပူသွားလျက် သတိထားနေသည့်ကြားမှ လောကကြီးကို အမှောင်ထုက လွှမ်းခြုံသွား၏။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၇)

"မင်းတို့ကို လွန်လွန်ကျူးကျူးမလုပ်မိစေနဲ့လို့ မှာထားရဲ့နဲ့ကွာ"

ကိုကိုခေါင်းကွဲသွားတယ်လို့ ပြောလိုက်တာနှင့် ဦးဆန်းမောင် ဒေါကန်လေတော့၏။ သူဖြစ်စေချင်တာက ဒီလိုမှမဟုတ်တာ။ တော်ရုံတန်ရုံ နာကျင်စေတာလောက်နှင့် ဖမ်းခေါ်နိုင်ခဲ့ဖို့ သေသေချာချာမှာထားလျက်နှင့် ဒီလိုဖြစ်အောင်လုပ်ကြသေးတာ လွန်တာပေါ့။

"ငါ့စကားကို ပေါင်ကြားတောင်မညှပ်ဘဲ ခုလိုလုပ်လာတာ မင်းတို့ ကောင်းကြသလား"

"ကောင်းပါတယ် ဆရာ"

"ဘာကွ"

"ဆရာ့စကားက ဆိုင်ကယ်မဟုတ်ဘာမဟုတ်နဲ့ ဘယ်လိုလုပ်ပြီး ပေါင်ကြားညှပ်လို့ရမှာလဲ ဆရာရယ်"

"ဟေ့ကောင်"





ကျောက်ခဲကို ဦးဆန်းမောင် မျက်လုံးကြီးပြူးကြည့်လျက်. . .

"ငါက စကားအဖြစ်ပြောတာကွ"

"မသိဘူးလေ ဆရာရဲ့"

"ခု ဟိုမှာ ခေါင်းကွဲသွားပြီဆိုတော့ ဘယ်လိုလုပ်ကြမလဲ။ ပြောပါဦး"

စိုင်းဇော်ထူး ရှေ့တိုးရပ်ကာ. . .

"ကျွန်တော်ဆေးထည့်ပြီး ပတ်တီးစည်းပေးထားပါတယ် ဆရာ"

"ဟူး. . ."

သက်ပြင်းမောကြီးကို မှုတ်ထုတ်လျက် ဦးဆန်းမောင် ဆက်တီပေါ်သို့ ထိုင်ချလိုက်သည်။ အတန်ကြာငြိမ်သက်နေပြီးမှ. . .

"သေသေချာချာလုပ်ရဲ့လား"

"ဟုတ်ကဲ့ သေသေချာချာလုပ်ပေးထားတာပါ ဆရာ"

ဦးဆန်းမောင် ငြိမ်သက်သွားပြန်၏။ ဘာတွေစဉ်းစားနေသလဲတော့ မသိပေ။ ရှေ့မှာရပ်နေတဲ့သူတွေကို အသက်မရှိတဲ့ကျောက်ရုပ်တွေလို သဘောထားတယ်ထင်ပါရဲ့။ မင်းဒင်ကပဲ မနေနိုင်စွာ စကားစရတော့၏။

"ဆရာ"

". . ."

"ဆရာ"

"ဟေ. . . ကွာ"

"ဟိုလေ ဆရာ"

"ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဟဲ. . . ကောင်မလေးက တောင့်တောင့်ဖြောင့်ဖြောင့်နဲ့ တော်တော်ချစ်စရာကောင်းတာ ဆရာရဲ့"

"ကျောက်ခဲ"

"ဗျာ"

"မင်း ဏှာဘူးမကျနဲ့နော်၊ ငါဘာမှာထားလဲ"

"စိတ်ချပါဆရာ၊ ကောင်မလေးကို ကျွန်တော်တို့ မွှဲတစ်ပေါက်တောင် မစွန်းစေရပါဘူး။ ခုပြောတာ ကျွန်တော်တို့ ဘူးဖို့မဟုတ်ဘူးလေ၊ ဆရာ့အတွက်. . . ဟဲဟဲ"

"ဟော့ကောင်"

ဦးဆန်းမောင် ထိုင်ရာမှ ဝုန်းခနဲခုန်ထလေတော့ သုံးယောက်သား နောက်ဆုတ်သွားကြသည်။ ဦးဆန်းမောင်က သူ့မျက်နှာကို လက်ညှိုးပြန်ထိုးပြလျက်. . .

"ငါ့မျက်နှာကို သေသေချာချာကြည့်စမ်း"

"လန်းပါတယ် ဆရာရဲ့"

"ခွေးမသား! ငါပြောတာက ဘူးရုပ်ပေါက်နေလို့လား. . . အဲဒါ။ ငါ့အသက်အရွယ်နဲ့ မဖွယ်မရာလုပ်စရာလားကွ။ ဆန်းမောင်ကွ. . . လက်သန်းထောင်ပြီး ခေါင်းမော့လာတာ အကျင့်စာရိတ္တမပျက်ပြားဘူး။ နားလည်လား"

"လက်သန်းမဟုတ်ပါဘူး ဆရာရယ်၊ လက်မထောင်တာပါ"

"ဆိုင်ကယ်မှောက်တုန်းက ငါ့ညာဘက်လက်မ ကျိုးသွားတာ ထောင်လို့မရတော့ဘူးလေကွာ"

မင်းဒင်တို့သုံးယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်





ပြီး ခေါင်းညိတ်နှုတ်ဆိတ်သွားကြသည်။ ဘယ်ဘက်လက်မ ထောင်လို့ရတယ်လို့ စောဒက မတက်တော့။

ဦးဆန်းမောင် အင်္ကျီအိတ်ထဲမှာထည့်ထားသောဖုန်းက အသံမြည်လာ၍ ထုတ်ယူလိုက်ကာ. . .

"ခြသေ့ကြီး. . . ပြော"

". . ."

"အေး. . . အောင်မြင်တယ်၊ ဖမ်းထားပြီးပြီ။ လောလောဆယ်တော့ ငါ့တပည့်တွေ နည်းနည်းလက်ဆမျှားသွားလို့ ခေါင်းကွဲပြီး သပိလစ်နေတယ်"

". . ."

"မသေပါဘူးကွာ. . . စိတ်ချ၊ အဲဒီကောင့်ခေါင်းက မာပြီးသား"

". . ."

"ဆေးထည့်ပြီး ပတ်တီးစည်းပေးထားတယ်"

". . ."

"သေသေချာချာလုပ်ပါတယ်ကွာ၊ မင်း ဘာမှတွေးပူမနေနဲ့။ ငါလုပ်တာ အောင်မြင်ရင်သာ ငါတောင်းသလောက်ပေးဖို့ မမေ့နဲ့"

". . ."

"လောဘကြီးတာ ဘာဖြစ်လဲ၊ သေသေချာချာပြန်စဉ်းစားကြည့်၊ ငါသုံးဖို့ဖြုန်းဖို့မဟုတ်ဘူး"

". . ."

"ဟော့! အဲဒီကျေးဇူးတွေ စွတ်တင်မနေနဲ့ဦး။ အဆင်မသင့်ရင် ပွဲကြီးပွဲကောင်းတွေ နွှဲရနိုင်သေးတယ်။ အားလုံး အခုကမှ အဲဒီကျေးဇူး



www.burmeseclassic.com

www.burmeseclassic.com



တွေကို ရှေ့ကျွမ်းနောက်ကျွမ်းနဲ့ ကန်သွင်းလိုက်''

''. . .''

''အေးအေး. . . ဒါပဲနော်''

''. . .''

''အေးပါ. . . ဆန်းမောင်ပါကွ၊ မပိုင်ရင် ခြင်တောင်မရိုက်ဘဲ စောင်ခေါင်းမြီးခြုံအိပ်တာ မင်းသိတယ်မို့လား''

''. . .''

''ဒါပဲ. . . ဒါပဲ''

ဦးဆန်းမောင် ဖုန်းကိုပိတ်လိုက်ပြီး အင်္ကျီအိတ်ထဲသို့ပြန်ထည့်လိုက်ကာ. . .

''ကဲ! ငါပြန်မယ်၊ မင်းတို့တာဝန်ကျေကြပါစေ။ အဆင်မပြေတာရှိရင် ငါ့ကိုပြော။ မင်းတို့ ကိုယ့်သဘောနဲ့ကိုယ် သူတို့ကို ဘာမှမလုပ်ပါနဲ့''

''ဟုတ်ကဲ့''

မင်းဒင်၊ စိုင်းဇော်ထူးနှင့် ကျောက်ခဲတို့ ထွက်သွားတဲ့ဆရာ့ကျောပြင်ကိုကြည့်ပြီး ခေါင်းတခါခါဖြစ်ကုန်ကြ၏။ ဘာတွေကို ဘယ်လိုနားလည်ရမှန်းမသိအောင်ပါဘဲ။

''ဒီကိစ္စမှာ ဒီလိုတွေလုပ်ဖို့ ဆရာ့ကိုဘယ်သူခိုင်းနေတာလဲ မသိဘူးကွ''

''စောစောက ခြသေ့်ကြီးလို့ ခေါ်သံကြားတယ်လေ''

''အေး. . . ဘယ်ကလဲမသိဘူးနော်၊ ဆရာနဲ့ဘယ်လိုပတ်သက်နေတာလဲမသိဘူး''





''မင်းစကားက မသိတာချည်းပဲ''

''အေးလေ. . . သိတာမှမရှိတာ''

''မသိရင် မသိတဲ့ဘာသာနေလိုက်''

''သိသလိုလိုတော့ ရှိသားကွ''

မသိတာက မင်းဒင်၊ သိသလိုလိုရှိတာက ကျောက်ခဲတို့ကြားမှာ စိုင်းက စိတ်မရှည်စွာနှင့်. . .

''သိရင်လည်း သိပြီးသားကို ထပ်မမေးနဲ့၊ နားငြီးတယ်''

ဩော်. . . မသိတော့ မသိသလိုနေ၊ သိတော့လည်း သိပြီးသားထပ်မမေးနဲ့ဆိုတော့ မေးစရာဘာရှိသေးလဲ။

''တို့အပေါ်မှာ ဆရာ့ကျေးဇူးတွေ အများကြီးရှိတယ်။ သူကျွေးတာစား ပေးတာယူ၊ ပြီးရင် ခိုင်းတာလုပ်ပေးရမှာ တို့တာဝန်။ ကိုယ်အလုပ်မဟုတ်တာကို ခေါင်းရှုပ်ခံပြီး စဉ်းစားမနေနဲ့။ အာရုံနောက်ပြီး ဂေါက်သွားမယ်''



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၈)

"အား. . . ကျွတ်! ကျွတ်!"

ယုံကြည်ချက် တောအထပ်ထပ် တောင်အထပ်ထပ် လျှောက်သွားနေတာ ဘယ်နေရာ ဘယ်ဒေသတွေမှန်းလဲ မသိတော့ပါ။ အိပ်မက်ဖြစ်နေပြီး အိပ်မက်ကလန့်နိုးလာတော့ ခေါင်းဆီမှာ တဆစ်ဆစ်နာကျင်ကိုက်ခဲခြင်းဝေဒနာကို ခံစားလိုက်ရသည်။

မျက်လုံးကိုဖွင့်ကြည့်လိုက်တော့ မီးရောင်တွေ လင်းနေ၏။ ဝေ့ဝဲပြီး မျက်လုံးကစားပြီး ဘယ်နေရာကိုရောက်နေသလဲ၊ ဘာဖြစ်ခဲ့သလဲ စဉ်းစားကြည့်တော့. . .

"ဟင်!"

သူ ညနေကဖြစ်ခဲ့တာတွေကို သတိရပြီး ထထိုင်လိုက်၏။ ခါနွေခါနွေ. . . ဘယ်မှာလဲ။

"ခါနွေ"





တိုးဖွဖွခေါ်ရင်း ရင်ထဲမှာ ဗလောင်ဆူသွား၏။ နားထဲမှာ ရှိုက်သံကိုကြားလိုက်ရသဖြင့် အသံလာရာကို လှည့်ကြည့်လိုက်တော့. . .

"ခါနွေ"

"ဟင်"

"ခါနွေ ဘာဖြစ်သွားသေးလဲ"

"သတိရပြီလား"

"အင်း. . . မေးတာဖြေဦးလေ"

"ခါနွေ ဘာမှမဖြစ်ပါဘူး"

ယုံကြည်ချက် သက်ပြင်းချလိုက်မိ၏။ သူစိုးရိမ်တာက ခါနွေ့ကိုပါ။ လူမှာ ဒဏ်ရာရတာထက် အရှက်သိက္ခာတွေ ဒဏ်ရာရမှာကို စိုးတာ။ မိန်းကလေးဆိုတာ အန္တရာယ် အချိန်မရွေးကျရောက်နိုင်သည်လေ။

"ခါနွေ သတိရတာကြာပြီလား၊ တို့ကို ဘယ်သူတွေဖမ်းခေါ်လာပြီး ဘယ်ကိုရောက်နေတာလဲ"

"ခါနွေလည်းမသိဘူး။ ခါနွေ သတိရလာတော့ ခုလိုပဲလေ၊ အနားမှာ ဘယ်သူ့ကိုမှမတွေ့ရဘူး"

ယုံကြည်ချက် နာရီကိုငုံ့ကြည့်လိုက်တော့ ဆယ့်နှစ်နာရီကျော်နေပြီ၊ ဒါဆို ခါနွေ ညစာ ဘာမှမစားရသေးဘူးပေါ့။ ကိုယ်လည်း ဗိုက်ဆာသလိုလိုရှိနေတော့ ခါနွေလည်း ဗိုက်ဆာနေရော့မယ်လို့တွေးမိပြီး စိတ်မကောင်းဖြစ်ရပြန်၏။

"ခါနွေ"

"ဟင်"

"ဗိုက်ဆာနေပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ခုထိဘာမှမစားရသေးဘူး၊ ဆာတာပေါ့"

"အပြင်မှာ လူသွားလူလာသံ မကြားဘူးလား"

"မကြားလို့ ဒီအတိုင်းငုတ်တုပ်ထိုင်နေရတာလေ"

ယုံကြည်ချက် တံခါးဆီသို့ ထသွားလိုက်၏။ ဒီအတိုင်း ထိုင်နေတာထက် တစ်ခုခုလှုပ်ရှားကြည့်ရင်တော့ ထူးခြားမှုရှိလာမှာပါ။ လက်ကို ကျစ်နေအောင် ဆုပ်လိုက်ပြီး တံခါးကိုထုကာ. . .

"ဒုန်း! ဒုန်း! "

"အပြင်မှာ လူရှိလား"

"ဒုန်း! ဒုန်း! "

"လူရှိလား. . . ရှိရင် တံခါးဖွင့်ပေးပါ"

"ဒုန်း! "

'တံခါးဖွင့်ပေးကြပါ"

ယုံကြည်ချက်က တံခါးကို တဒုန်းဒုန်းထု၍ အော်ဟစ်နေသည်။ ဘာပဲဖြစ်ဖြစ် ဒီလိုသောင်းကျန်းမှ ထူးခြားမှုတစ်ခုရှိမှာ။ ငြိမ်နေလို့ကတော့ အခြားပြဿနာထက် ဗိုက်ပြဿနာက ခက်တာ။ ကိုယ်က ယောက်ျားမို့ တောင့်ခံနိုင်တယ်ထားဦး။ ခါနွေက ဒဏ်ခံနိုင်မှာမဟုတ်ပေ။

ထမင်းအသက် ခုနစ်ရက်ဆိုတာ အပြောသာရှိကြတာ။ တကယ်ဆာလာတော့ တစ်နပ်ငက်ရှံ့နဲ့ လူက အူလိမ်နေရမှာမဟုတ်ဘူးလား။

"ဒုန်း! ဒုန်း! "

ခါနွေက သူ့ဆီသို့လျှောက်လာပြီး. . .

"လူမရှိဘူးထင်တယ်"

"မရှိဘဲနေမလား၊ ကိုကိုတို့ကို ဒီရောက်အောင်ခေါ်လာပြီး ဒီ





အတိုင်းတော့ မထားဘူး။ တစ်ခုခုတော့ ထူးခြားလာမှာပါ"

သူ့ကိုမော့ကြည့်နေတဲ့ ခါနွေ့မျက်နှာလေးက ငယ်နေသည်။ မိန်းကလေးဆိုတော့ ကြောက်နေမှာပေါ့။

"ကြောက်နေတာလား"

"အင်း"

"ကိုကိုရှိနေတာပဲကွာ၊ ကိုကိုအသက်ရှင်နေသရွေ့ ခါနွေ ဘာမှမဖြစ်စေရဘူး။ ကိုကို့အသက်နဲ့လဲပြီး ခါနွေ့ကို ကာကွယ်သွားမှာပါ"

ချပ်ခနဲ တံခါးပွင့်သွားတာကြောင့် နှစ်ယောက် ပြိုင်တူလှည့်ကြည့်လိုက်ကြသည်။ တံခါးဝမှာ ပေါ်လာတဲ့လူက ဆံပင်ခုတ်ဖွားဖွားနှင့်မို့ ခါနွေ ယုံကြည်ချက်အနားအထိ တိုးကပ်သွားမိ၏။ နောက်. . . ဆင့်ကဲ့ ဆင့်ကဲ့ နှစ်ယောက် ထပ်ရောက်လာကာ. . .

"ဘယ်လိုဖြစ်လို့ တဒုန်းဒုန်းထုနေတာလဲ"

ယုံကြည်ချက် မျက်နှာတင်းခနဲဖြစ်၍. . .

"ခင်ဗျားတို့ လူဆိုရင် လူ့စိတ်ရှိမှပေါ့ဗျ။ ကျုပ်တို့ ခုထိဘာမှ မစားရသေးဘူး။ ဒီအတိုင်း ဗိုက်ဟောင်းလောင်းနဲ့ နေရမှာလား"

"ဟော့! စကားကို ဆင်ဆင်ခြင်ခြင်ပြော။ မင်းတို့ သတိမရသေးဘူးထင်လို့ လာမပို့တာ။ စားရမယ်. . . စိတ်ချ"

"သတိရ မရ လာမကြည့်ဘဲ မျက်နှာလွှဲခဲပစ်ထားတာကိုအသည်ပြောဦးလေ"

"ကဲပါ. . . ကျောက်ခဲ သူတို့အတွက် ထမင်းသွားယူပေးလိုက်"

ကျောက်ခဲဆိုတဲ့လူ ထွက်သွားတော့ ယုံကြည်ချက် ကျန်တဲ့နှစ်ယောက်ကို မျက်မှောင်ကြုတ်၍ကြည့်ကာ. . .



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ခင်ဗျားတို့ ကျုပ်တို့ကို ဘာလို့ဖမ်းလာတာလဲ"

"မသိဘူး. . . ဆရာနိုင်းလို့ ဖမ်းလာတာ"

"ဆရာဆိုတာက"

"မမေးနဲ့၊ သူလာရင် သိလိမ့်မယ်"

"ကျွတ်! . . ."

မမေးနဲ့ မသိဘူးတဲ့။ လောလောဆယ် ကိုယ့်ခေါင်းက ကွဲနေပြီ။ ဆရာဆိုတာက ဘယ်သူလဲ။ မသိဘူးလို့ဖြေတာကို ဘဝင်မကျပေမယ့် ဆက်လည်း မေးချင်စိတ်မရှိပေ။ မေးရင်လည်း ဖြေမှာမှမဟုတ်တာ။ သိပ်မကြာခင်ပဲ ကျောက်ခဲဆိုတဲ့လူ ပြန်ဝင်လာပြီး ထမင်းတွေဟင်းတွေကို အခန်းထဲအထိ ဝင်ပို့ပေးခဲ့၏။

"ကဲ! ဒီမှာ စားလို့ရပြီ၊ ရေသန့်ဘူးတွေလည်း အဆင်သင့်ပဲ။ မျက်နှာတောင် အပိုဆောင်းပြီး သစ်လို့ရသေးတယ်"

မှန်ပါသည်။ သူတို့ကို ဖမ်းခေါ်လာသည်ဆိုပေမယ့် ကျွေးတော့လည်း ဖွယ်ဖွယ်ရာရာ ကောင်းကောင်းမွန်မွန်တွေ။ လိုလေသေးမရှိ ပြင်ဆင်ပေးခဲ့တာကိုမြင်ရတော့ ဘယ်လိုမှနားမလည်နိုင်။ သူတို့တွေ ပြန်ထွက်သွားကြပြီး တံခါးကိုပိတ်လိုက်လေလျှင်. . .

"ဘယ်လိုလူတွေလဲ မသိဘူး"

"အဲဒါတွေနောက်မှ စဉ်းစားပါ၊ ခါနွေ ဗိုက်ဆာလှပြီ"

"ဗိုက်ဆာတာ စားလေ"

ကြည့်ရတာ ဒီအခန်းထဲမှာ လူမနေခဲ့ဘူးထင်ပါရဲ့။ စားပွဲတစ်လုံးရယ်၊ ထိုင်ခုံတစ်လုံးရယ်ကလွဲလျှင် အခန်းထဲမှာ ဘာမှမရှိပေ။ နှစ်ယောက်သား တိတ်ဆိတ်စွာ ထမင်းစားနေကြရင်း အတွေးတွေက ဟို





ရောက်ဒီရောက်ပါ။

"ဟင်! ဝပြီလား"

"အဆာလွန်သွားလို့ထင်တယ်၊ သိပ်စားလို့မကောင်းတော့ဘူး"

ခါနွေ ထရပ်လိုက်တော့. . .

"စားပြီးပြီးချင်း မအိပ်နဲ့နော်၊ အစာမကြေဖြစ်နေဦးမယ်"

"ဘယ်ရောက်လို့ ဘယ်ပေါက်နေမှန်းမသိတာကို အိပ်လို့ ရပ့ါမလား"

"ဒါဆို ပြန်ထိုင်"

"ဘာဖြစ်လို့လဲ"

"ထိုင်ပါ၊ တစ်ယောက်တည်း သွားငိုင်နေမယ့်အစား နှစ်ယောက်ရှိတာ စိတ်ပြေလက်ပျောက် စကားပြောကြတာပေ့ါ"

ခါနွေ ပြန်ထိုင်လိုက်သည်။ ယုံကြည်ချက်ပါ ထမင်းဝသွားတော့မှ. . .

"ဒါတွေ ဒီအတိုင်းထားရမှာလား"

"ဒီအတိုင်းမထားလို့ ဘယ်လိုလုပ်မလဲ၊ ထားလိုက်"

"ဟို. . . ကြွက်တွေဘာတွေ လာစားမှာစိုးလို့၊ ခါနွေ ကြွက်ဆိုရင် ကြောက်တယ်"

"မကြောက်တာ ဘာရှိလို့လဲ"

သိသိနဲ့ပြောမိသလိုတော့ဖြစ်ပြီ၊ ငယ်ငယ်လေးကတည်းက အတူနေလာတာ ခါနွေ့အကြောင်း သူမသိဘဲနေပ့ါမလား။ ဂျစ်ကန်ကန်လုပ်တာ၊ စွာတာတွေက တကယ့်တကယ် အရေးအကြောင်းဆိုရင် သူ့အပြင် ကြောက်တတ်တာ နှစ်ယောက်မရှိပေ။



www.burmeseclassic.com

www.burmeseclassic.com



"အယ်!"

"ဟင်"

ရုတ်တရက် တစ်ခန်းလုံး မှောင်ကျသွားလေသဖြင့်. . .

"မီးပျက်သွားပြီ"

"ဟုတ်တယ်. . . ခဏနေဦး၊ ဟိုလူတွေကိုခေါ်ပြီး ဖယောင်းတိုင်ဖြစ်ဖြစ် ဓာတ်မီးဖြစ်ဖြစ် တောင်းကြည့်ဦးမယ်"

"မသွားနဲ့"

"ဒုန်း"

"ဟင်"

ခါနွေ ကမန်းကတန်းထရပ်ပြီး သူ့ဆီသို့မှန်းသွားလေလျှင် ထိုင်ခုံကို ခလုတ်တိုက်မိသွား၏။

"ခါနွေ"

ယုံကြည်ချက်ကလည်း ခါနွေဘာဖြစ်သွားသလဲဟု လိုက်စမ်းကြည့်လေတော့ အမှောင်ထဲမှာ လူချင်းတိုက်မိကာ ခါနွေ့ကိုယ်လေး ယိုင်သွားလေသဖြင့် ယုံကြည်ချက် ကမန်းကတန်း ဆွဲမိဆွဲရာ ဆွဲလိုက်သည်။

ဆွဲလိုက်တာ အားများသွားသည်ထင်ပါရဲ့။ သူ့ဘက်ကို ပြန်ပါလာတော့ ရင်ဘတ်ချင်း ထိကပ်သွားသည်။ ကိုယ့်ရင်ခွင်ထဲမှာ ခါနွေ။ ယုံကြည်ချက်ရင်ထဲမှာ နွေးခနဲဖြစ်လျက် ရင်ခုန်သံတွေ မြန်လာ၏။ စိတ်သွားရာ ကိုယ်ပါပြီး ပါးချင်းဖိကပ်မိလိုက်စဉ် မီးက ပြန်လင်းလာလေလျှင်

"ဖယ်! လွှတ်ပါ"

ခါနွေ ကိုယ်လေးတွန့်ပြီး ရုန်းလေသဖြင့် သတိက စိတ်ကိုပြန်လည်ထိန်းချုပ်၍ မျက်နှာချင်းခွာလိုက်သည်။ မျက်လုံးကတော့ ခါနွေ့ရဲ့





မျက်နှာပေါ်က မျက်ခုံးမျက်တောင်အစိတ်အပိုင်းတို့ကို စူးစိုက်နေမိ၏။ ဟိုတုန်းကလို မဖြူစင် မရိုးသားနိုင်တော့တာ ခွင့်လွှတ်ပါ ခါနွေ။

"ဖယ်လေ. . . လွှတ်ပါဆို"

"ဪ. . . အင်း"

ခါနွေ့ကိုယ်လေးကို လွှတ်ပေးပြီးမှ နှစ်ယောက်သား ကျောချင်းခိုင်းလိုက်ပြီး ဘာစကားမှ မဆိုဖြစ်ကြတော့ပေ။

ဟူး. . .

မီးသာ တစ်ညလုံးပျက်နေလျှင် သူ ဒီတောင်ကိုကျော်နိုင်ပါ့မလားမသိ။ အခုပြန်ကောင်းသွားတာကိုပဲ ထိုင်ကန်တော့ချင်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၉)

ဒေါ်ရတနာမှာ ယုံကြည်ချက် အိမ်ကထွက်သွားပြီးကတည်းက အရင်လို ဒေါသတွေ မာနတွေနှင့် ဆူပူမာန်မဲမနေတော့ပေ။ အလုပ်သမားတွေကို အပြစ်မရှိအပြစ်ရှာပြီး မာန်လိုက် ဟောက်လိုက်ရမှ စားဝင်အိပ်ပျော်တတ်တဲ့အကျင့်တွေ ကြက်ပျောက် ငှက်ပျောက် ပျောက်ကုန်ပြီ။

တစ်နေ့ တစ်နေ့. . .

ဘုရားခန်းဝင်ပြီး ပုတီးစိပ်၊ ပြီးရင် အခန်းထဲပြန်ဝင်ပြီး ငေးငိုင်နေတတ်တာ ကြာပြီ။

"မမ"

"ဟင်"

ဦးသီဟ အခန်းထဲအထိ လျှောက်ဝင်သွားပြီး မမရဲ့ကုတင်ရှေ့မှာ ရပ်လိုက်ကာ. . .

"အပြင်လေးဘာလေး ထွက်ပါဦး မမရယ်၊ မမ ဒီလိုပဲ အခန်း





အောင်းနေရင် တော်ကြာ ကျန်းမာရေးထိခိုက်သွားလိမ့်မယ်နော်"

"ငါ့စိတ်တွေ မကြည်လင်လို့ပါဟယ်"

"မမက ဘာများမကြည်မလင်ဖြစ်နေတာလဲ၊ ဒီလောက်ပြည့်စုံနေတဲ့ဘဝမှာ ဘာများလိုအပ်ချက်ရှိလို့လဲ"

"ရှိတာပေါ့ဟယ်၊ ဘယ်လောက်ပဲ ပြည့်စုံနေနေ တို့မှာ မျိုးဆက်က နင့်သားတစ်ယောက်ပဲရှိတာ။ အခု သင်းက အိမ်ပေါ်က ဆင်းသွားတာ ဘယ်လောက်ကြာပြီလဲ။ အဲဒီအတွက် ငါစိတ်မကောင်းဖြစ်နေတာ"

"အဲဒါ မမကြောင့်လေ"

"ဟင်"

ပြောချင်ခဲ့တာကြာပြီ။ မဖြစ်မနေပြောမှဖြစ်တော့မှာမို့ ဦးသီဟ ဒီစကားသံကြားရဖို့ စောင့်နေခဲ့တာ။ အခုကြားချင်တဲ့စကား ထွက်လာပြီလေ။

"ကျွန်တော်က သားရဲ့အဖေပါ၊ ဖအေနဲ့သား ဥမကွဲသိုက်မပျက်နဲ့ အတူနေချင်တာပေါ့။ ဒါပေမဲ့ ဖအေတစ်ယောက်လုပ်နေပြီး ကျွန်တော် ဘာတာဝန်မှမကျေခဲ့ဘူး။ သူ့ဆန္ဒကိုလည်း ဖြည့်ဆည်းမပေးနိုင်ဘူးလေ။ ဒီကြားထဲ မမက မမအတ္တကို တံဆိပ်ကပ်ပြီး ဈေးကောင်းနဲ့ ရောင်းချင်သေးတယ်။ ကျွန်တော်တို့က သူနဲ့တွေ့တာ တစ်နှစ်တောင်မပြည့်သေးဘူး၊ ခါနွေဦးနဲ့က ငယ်ငယ်လေးကတည်းက အတူနေလာခဲ့ကြတာ။ ဒါကို မမက နှစ်ရှည်နွယ်ကို ဟင်းနုနွယ်ရိုးနဲ့ သွားချိတ်ဆွဲတာကိုး။ ပြတ်ချင်ပြတ်တော့ ကျွန်တော်တို့ဘက်ကို တီခနဲ ဗိုင်းခနဲပဲ"

ဒေါ်ရတနာ သက်ပြင်းချလိုက်မိသည်။ သူမ ပြောခဲ့တာတွေကို မှားမှန်းလည်းသိပါပြီ။ အတ္တတွေ မာနတွေက တစ်ခါတလေ ကိုယ့်လည်



www.burmeseclassic.com

www.burmeseclassic.com



ပင်း ကိုယ်ညှစ်သလိုဖြစ်တာ အခုလက်တွေ့။ ကိုယ့်တူလေးဆိုပြီး ဝမ်းသာအားရနဲ့ ဆီးကြိုခဲ့လေသမျှ ခုတော့ ခြေစုန်းကန်သွားပြီလေ။ ဒီကောင်က သူများတွေလို ဥစ္စာစည်းစိမ်တွေမှ မမက်မောတာ။

သူ့အဖေလိုလည်း ကိုယ့်ဩဇာကို မနာခံ။ အခု သူမရှိတော့ ကိုယ်ပဲ စိတ်မကောင်းဖြစ်နေရတာမဟုတ်လား။

"ငါမှားပါတယ် သီဟရယ်၊ အဲဒီအတွက် ငါလည်း စိတ်မကောင်းဖြစ်နေတာပါ"

"မှားတာမှ မမ ကြက်ခြေခတ်ကြီးကြီးနဲ့ကို မှားခဲ့တာ။ ခါနွေဦးက မမပေးတဲ့ငွေတွေကို သူ့ကိုယ်ကျိုးအတွက် သုံးလိမ့်မယ်လို့ ထင်နေလား။ ဟိုက ကျွန်တော်တို့မိသားစုရဲ့နာမည်တွေနဲ့ လှူသွားတာ ဘယ်လောက်ရှက်ဖို့ကောင်းလဲ။ အဲဒါ မမကိုပညာပြသွားတာလေ။ အဲဒါတွေသိတော့ သားက ပေါက်ကွဲတာ လွန်သလား"

"အေးပါ. . . သူမလွန်ပါဘူး၊ ငါပဲလွန်တာပါ။ အခု မင်းက ဖအေလုပ်နေပြီး ကိုယ့်သားကိုလိုက်ရှာပြီး ပြန်မခေါ်တာကို အံ့ဩသေးတယ်"

"မမ အတ္တအမှောင်ဖုံးနေသရွေ့ ကျွန်တော် မခေါ်ဘူး။ သားကို စိတ်မဆင်းရဲစေချင်ဘူးဗျာ။ ခေါ်ရင်လည်း သားက ပြန်လိုက်လာမှာမဟုတ်ဘူးဆိုတာ ကျွန်တော်သိတယ်။ သူ ခါနွေ့ကိုလက်ထပ်ဖို့ ဆုံးဖြတ်ပြီး ထွက်သွားတာ"

ဒေါ်ရတနာ တွေဝေသွား၏။ ရွှေပင်နားတော့ ရွှေကျေး၊ ငွေပင်နားတော့ ငွေကျေးဆိုတဲ့စကားကို သူမ ဘာလို့မေ့နေခဲ့တာလဲ။ အဆင့်အတန်းတွေခွဲပြီး ခါနွေက ဆင်းရဲလို့ သဘောမတူခဲ့တာ တကယ်ပြန်တွေး





ကြည့်ရင် လိုမှမလိုတာ။

သူမတို့မှာ ဒီလောက်ပြည့်စုံကြွယ်ဝနေတာ ရွှေကို ရွှေနဲ့ထပ်ဖို့ လိုသေးလို့လား။ သားစိတ်ချမ်းသာအောင် လုပ်ပေးခဲ့လေလျှင် အကောင်းသားဆိုတဲ့နောင်တက နောက်ကျနေခဲ့ပါပြီ။ အို. . . ဘာလို့နောက်ကျရမှာလဲ။ နောက်မကျပါဘူး။

"တစ်ခုတော့ရှိတယ် မမ"

"ဘာလဲ"

"မမ လိုက်ခေါ်ရင်တော့ ဒီကောင် ပြန်လိုက်လာမယ်ထင်တယ်။ ဒါကလည်း သူတစ်ယောက်တည်းမဟုတ်ဘူးနော်။ ခါနွေပါမှ"

"ငါသိပါတယ်ဟယ်"

"မမက ဘယ်လိုသဘောရလဲ"

"ငါ့တူလေး ဘယ်မှာရှိတယ်ဆိုတာကိုပဲ မင်းစုံစမ်းပေးပါ။ ကျန်တာ ဘာလုပ်ရမလဲ ငါစဉ်းစားမယ်"

ဦးသီဟမျက်နှာ ပြုံးယောင်သမ်းလျက်. . .

"စဉ်းစားမှာ အကောင်းဘက်ကပါနော်"

"သီဟ"

ဒေါ်ရတနာ့အသံက ရူးခနဲထွက်သွား၏။ စိတ်မထင်လျှင် မထင်သလို အော်တတ်တဲ့ဒီအသံကတော့ ဘယ်ရီမုခ်နှင့်မှနိုင်ပြီး လျှော့ပစ်လို့ရမှာမဟုတ်ပေ။

"နင်က ငါ့ကို မိန်းမကြမ်းကြီးများ မှတ်နေလားဟင်"

"လုပ်တော့လုပ်ခဲ့တာပဲ မဟုတ်ဘူးလား"

"အေး. . . လုပ်ခဲ့တယ်၊ အဲဒါ ငါ့အကျိုးအတွက် တစ်ပြားသား



www.burmeseclassic.com

www.burmeseclassic.com



မှမပါဘူးဆိုတာကို မင်းသိဖို့လိုသေးတယ်။ ငါကသေရင် အမွေဆက်ခံဖို့ ပေးခဲ့စရာ ဘယ်သူရှိလဲ။ သင်းလေးပဲ ရှိတာလေ။ တော်ရုံမိန်းကလေးနဲ့ သဘောမတူနိုင်တဲ့အတွက် ငါ့မှာ ရှိသင့်တယ်''

''ခုပဲ အဲဒီအတွက်တွေနဲ့ ချောင်ပိတ်မိနေပြီ''

မောင်နှမချင်း ကပ်ဖွဲ့နေတဲ့သီဟကို ဒေါ်ရတနာ မျက်ထောင့်နီကြီးနဲ့ကြည့်နေလေ၏။ ပြီးမှ ကုတင်ပေါ်မှလျှောချဆင်းလိုက်ကာ. . .

''နင် ငါ့ကိုဘာမှခနဲ့နေစရာမလိုဘူး။ ကလေးဘယ်မှာရှိတယ်ဆိုတာကိုပဲ စုံစမ်းပေး''

''မမ လိုက်သွားမလို့လား''

''ဟုတ်တယ်''

''ဒါဆို သားရှိတဲ့နေရာကို ကျွန်တော်ပြောပြမယ်''

ဦးသီဟ သားရှိတဲ့နေရာကို ပြောပြလိုက်၏။ သူလိုက်သွားတာထက် မမလိုက်သွားမှ ပိုပြီးအဆင်ပြေမှာပါ။ မာနမင်းသမီး ရှေ့က မာတစ်လုံးပြုတ်ကျသွားပြီဆိုတော့ သားအတွက် ဝမ်းသာရမည်သာ။ အားလုံး အဆင်ပြေကြပါစေ။

အင်း. . .

ဆုသာ တောင်းပေးနေရတယ်၊ ခါနွေက သားကိုမကြည့်ဘူးတဲ့။ ဒါကြောင့် မြန်ပြန်နိုးစပ်အောင် ဖူးစာရေးနတ်ကို မြားတွေတော့ ချွန်ပေးလိုက်ပြီ။ ချိန်ရင်းပဲ မြားကျိုးမလား၊ လက်ချင်းချိတ်ပြီးပဲ ပြန်ရောက်လေမလား။

''သီဟ''

''ဗျာ''





''အဲဒီကို နင်ပါလိုက်ခဲ့''

''ဟာ. . . မမကလည်း''

''လည်းမနေနဲ့၊ အဲဒါ ငါ့အမိန့်''

ဦးသီဟ အဲဒီအမိန့်ဆိုတာကို လွန်ဆန်ခဲ့ဖူးတာ မရှိခဲ့လေတော့ ခေါင်းကိုကုတ်မိသည်။

''ခေါင်းကုတ်မနေနဲ့၊ နင်ပါဖို့လိုအပ်လို့ခေါ်တာ။ ပြီးမှ နောင်တမရစေချင်လို့''

''ပြီးရော မမရာ''

ဦးသီဟ ခပ်မဲ့မဲ့နှင့်ပဲ ပြန်ထွက်လာခဲ့၏။ မမ ဘာတွေများလုပ်ဦးမလဲလို့ စိတ်ကတော့ ခပ်လေးလေးပါပဲ။ မမစိတ်ပြောင်းပြီး အဆင်ပြေအောင် ဘာယတြာချေဆောင်ရင် ကောင်းပါ့မလဲ။

ဝသန်နဲ့ ငုဝါရေ. . .

နင်တို့ တမလွန်ကနေ ကလေးနှစ်ယောက် အဆင်ပြေအောင် ဆုတောင်းပေးကြပါဟာ။ နင်တို့ကျေနပ်ဝမ်းသာအောင် ငါပြန်ပြီးလုပ်ပေးချင်လို့ပါ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၃၀)

ဒီနေ့နဲ့ဆို သူတို့ကို ဆံပင်စုတ်ဖွားတို့ဖမ်းထားတာ သုံးရက်နဲ့ လေးညရှိပြီ။ မနက်မိုးလင်းတာနှင့် အခန်းထဲကထုတ်ပြီး အိမ်ကြီးထဲမှာ ထင်သလိုနေခွင့်ပေးထားသည်။ သူတို့အပြင် နောက်ထပ်နှစ်ယောက်တိုးလာပြီး စုတ်ဖွားတို့အဖွဲ့မှာ အားလုံး ငါးယောက်ဖြစ်နေပြီး သူတို့ကို အမြဲတမ်း မျက်ခြည်မပြတ် စောင့်ကြည့်နေ၏။

ထမင်းစားချိန်ရောက်လို့ ကျွေးတော့လည်း ဖြစ်သလိုမဟုတ်ဘဲ စားကောင်းသောက်ဖွယ်တွေနှင့်ပါ။ ကြမ်းပြင်မှာ ဖြစ်သလိုအိပ်ရတာက လွဲလျှင် အားလုံးက အဆင်ပြေချောမွေ့နေတော့ စဉ်းစားရတော်တော်ခက်နေ၏။

"ဒီမှာ"

"ဟင်. . . ဘာလဲ"

ယုံကြည်ချက် ခေါ်လိုက်တော့ စိုင်းဖော်ထူးဆိုတဲ့လူ ၈ လှည့်





ကြည့်သည်။ သူတို့အချင်းချင်းခေါ်တာတွေကြားပြီး နာမည်တွေကို မှတ်ထားရတာလေ။

"ခင်ဗျားတို့ ကျွန်တော်တို့ကိုဖမ်းထားတာ အလှကြည့်နေဖို့တော့ မဟုတ်ပါဘူးနော်"

"လူလူချင်း ကြည့်စရာလားကွ"

"မသိဘူးလေ၊ ရှင်တို့က ဘာမှမပြော၊ ဘာမှမဆိုနဲ့ တစ်နေ့တစ်နေ့ စားလိုက်အိပ်လိုက် ထိုင်လိုက် လုပ်ခိုင်းထားတာကိုး။ သတ်မှာဖြင့်လည်း သတ်၊ လွှတ်မှာဖြင့်လည်း လွှတ်ပေးတာမဟုတ်ဘူး"

"ဘာ!

မင်းဒင်က ရှေ့တိုးလာပြီး. . .

"နင်တို့က သေချင်နေတာလား"

"ဘယ်သူကတော့ သေချင်မှာလဲ၊ ဘုမသိဘမသိ နေရတာကို စိတ်မရှည်လို့ပြောတာရှင့်"

"နင်တို့ကိုခေါ်လာတာ သတ်ဖို့မှမဟုတ်တာ"

"ဒါဆို ဘာလဲ"

"ဆရာပြောတာတော့ နင်က သူ့ရဲ့ရတနာတဲ့"

"ရှင်! "

ခါနွေတို့နှစ်ယောက် အကြည့်ချင်းဆုံသွားကြသည်။ သူတို့ပြောတဲ့ဆရာဆိုတာက ခုထိပေါ်မလာသေးပေ။ ယုံကြည်ချက် စိုးရိမ်သွားတာက ခါနွေ့ကိုပါ။ ဆရာဆိုဟဲ့လူက ခါနွေ့ကိုလိုချင်တာလား။ အဲဒီလိုဖြစ်လာခဲ့ရင်တော့ သူ ခါနွေ့ကိုကာကွယ်ရမည်။

"ဒါနဲ့ ခင်ဗျားတို့ဆရာက ခုထိ ဘာလို့မလာသေးတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အချိန်မတန်သေးလို့ မလာတာ"

"ကဲ! စကားတွေ များမနေနဲ့၊ သူတို့ကို အခန်းထဲပြန်ပို့လိုက်"

ကျောက်ခဲက ခပ်မာမာနှင့်ပြောလိုက်တော့ သူတို့ကို အခန်းထဲ ပြန်ပို့ပြီး တံခါးပိတ်သွားကြသည်။ ယုံကြည်ချက် သက်ပြင်းသာ ချမိတော့၏။ ရန်သူလို့သဘောထားရမည့်သူတွေက တစ်ဖက်၊ ကျန်တစ်ဖက်မှာက လည်း. . .

အခန်းကျဉ်းလေးထဲမှာ နှစ်ယောက်တည်းနေရလို့ ထိန်းချုပ်ရတာက တစ်ဒုက္ခ။ အဲဒီဒုက္ခက သေရေးရှင်ရေးထက် ဝဋ်ကြီးနေတော့၏။ လူပျိုနဲ့အပျို နှစ်ယောက်တည်း ဒီအခန်းထဲမှာနေရတာ ဘယ်လောက်ထိ အန္တရာယ်များလိုက်ပါသလဲ။ အခြားမိန်းကလေးတစ်ယောက်ဆိုလျှင်တော့ သူ စိတ်နှင့်တောင် ပြစ်မှားမိမှာမဟုတ်ပေမယ့် အခုက ကိုယ် မဖြစ်မနေ လက်ထပ်ဖို့ဆုံးဖြတ်ထားတဲ့ မိန်းကလေးလေ။ ပြီးတော့ ကိုယ်ကလည်း ချစ်နေခဲ့တာဆိုတော့. . .

"အခုထိ ဘာတစ်ခုမှလည်း တိတိကျကျမသိရဘူး။ ဘယ်လို လူတွေမှန်းကို ခန့်မှန်းရခက်နေတာ"

"ပြောသွားတာ မကြားဘူးလား။ မင်းက သူတို့ဆရာအတွက် ရတနာတဲ့"

"အဲဒါ ဘာကိုပြောတာလဲဟင်"

"ဒါကျ မသိဘူးလား၊ ရတနာဆိုမှတော့ သူတို့ဆရာက မင်းကို ကျွတ်. . ."

"ဟင်!"

ယုံကြည်ချက် ခေါင်းကိုခါယမ်းလိုက်တော့ ခါနွေ သဘောပေါက်





သွားဟန်ရှိသည်။ မီးရောင်အောက်မှာ မျက်နှာလေးငယ်သွားတာကို မြင် နေရတော့ သူ့စိတ်ထဲမှာ ပွေ့ဖက်အားပေးချင်စိတ်ပေါက်သွားသည်။ ဒါ သည် အကြီးမားဆုံးအန္တရာယ်မို့ ဂျာကင်အင်္ကျီအိတ်ထဲသို့ လက်နှိုက်ပြီး တစ်ခုခုကို ထုတ်ယူလိုက်တော့. . .

"အဲဒါ ဘာလဲ"

"အိပ်ဆေး"

"ဟင်! ဘာလုပ်မလို့လဲ"

"သောက်မလို့"

ယုံကြည်ချက် ဟိုနေ့ကတည်းက လူသစ်နှစ်ယောက်ထံမှ တစ် ယောက်ကို အကူအညီတောင်းပြီး ဝယ်ခိုင်းခဲ့တာပါ။ ညဘက်ဆိုရင် သူ အိပ်ဆေးသောက်ပြီး အိပ်တာ နှစ်ညရှိပြီ။ ခါနွေ့ကွယ်ရာမှာ သောက်ခဲ့ တာမို့ ခါနွေမသိတာပါ။ အခုက ကိုယ့်ကိုယ်ကိုယ် စောစောအိပ်သင့်ပြီ ထင်လို့ စောစောသောက်ဖို့ ရေသန့်ဘူးကိုလှမ်းအယူ. . .

"နေဦး"

ခါနွေက သူ့လက်ကို လှမ်းဆွဲထား၏။

"ဘာလဲ"

"ဘာလို့ အိပ်ဆေးသောက်မှာလဲ။ ကိုကိုအိပ်ပျော်သွားရင် ခါ နွေတစ်ယောက်တည်း ကြောက်တယ်"

"အရင်ညတွေကလည်း ကိုယ် ဒီလိုပဲ အိပ်ဆေးသောက်အိပ် ခဲ့တာကို"

"ဟင်"

ခါနွေ သူ့မျက်နှာကိုမော့ကြည့်လိုက်၏။ အရင်ညတွေကတည်း



www.burmeseclassic.com

www.burmeseclassic.com



က အိပ်ဆေးသောက်အိပ်ခဲ့တာတဲ့။ ခါနွေကတော့ အတွေးပေါင်းစုံနှင့် အိပ်မပျော်ပေမယ့် သူလည်း ကိုယ့်လိုပဲနေမှာဟု စိတ်ချယုံကြည်နေခဲ့တာ။ အရေးအကြောင်းသာဆို သူ့အိပ်ပျော်နေရင် ဒုက္ခ။

မသိလို့နေခဲ့ဟာက ပြီးခဲ့ပြီ။ အခုသိသိနဲ့ကျတော့ သူအိပ်ပျော်နေတုန်း တစ်ခုခုဖြစ်ရင်ဆိုတာကို တွေးကြောက်မိ၏။

"ဒီညတော့ မသောက်ပါနဲ့၊ ခါနွေက ကိုကိုလည်းရှိနေတယ်ဆိုတဲ့စိတ်နဲ့ အားကိုးစိတ်ချနေတာ။ အိပ်ဆေးသောက်အိပ်တာဆိုရင် ဟိုလူတွေ ဝင်လာပြီး ခါနွေ့ကို တစ်ခုခုလုပ်ရင် နှိုးလို့ရမှာမဟုတ်ဘူး"

ဒါလည်းမှန်တာပဲ။ ဒါပေမဲ့. . .

"အခု. . . မင်းအားကိုးယုံကြည်နေတဲ့လူကလည်း ယောကျ်ားပဲ ခါနွေ။ ကိုယ်လက်ထပ်ဖို့ရည်ရွယ်ထားတဲ့ မိန်းကလေးနဲ့ တိတ်ဆိတ်တဲ့ အခန်းကျဉ်းလေးထဲမှာ နှစ်ယောက်တည်း အတူနေရတာ မုံးကိုကိုင်ပြီး စနက်တံဆွဲချွတ်နေသလိုပဲ။ ကိုကို ဘယ်လောက်ထိ စည်းစောင့်နိုင်မှာတဲ့လဲ"

"ကိုကိုနဲ့ ခါနွေက"

"မောင်နှမ မဟုတ်ကြဘူးလေ"

ယုံကြည်ချက်က ပြန့်ပြီးစိုက်ကြည့်လေတော့ ခါနွေ မျက်လွှာလေးချသွားသည်။

"ဒီမှာရှိနေတဲ့လူတွေအားလုံးက ယောကျ်ားတွေ။ မိန်းကလေးက ခါနွေတစ်ယောက်တည်းရယ်။ တစ်ယောက်ယောက်က ခါနွေ့ကို ဝင်ပြီး ဖျက်ဆီးသွားရင် ကိုကိုရှိနေလျက်နဲ့ အဲဒီအ^ြေဆးကြောင့်"

ခါနွေ ရှေ့သို့စကားမဆက်တော့ဘဲ သူ့ လက်ကိုလှုတ်ပြီး ကျော





နိုင်းလိုက်သည်။

"ကိုယ်ကလည်း အဲဒီအဖြစ်မျိုးကို ကိုယ်ကိုယ်တိုင် ကျူးလွန်မိမှာစိုးလို့ ကာကွယ်နေတာပါ။ ကိုယ့်ဘက်က လက်ထပ်ဖို့ မဖြစ်မနေ ဆန္ဒရှိနေပေမယ့် ခါနွေ မကြည်ဖြူဘဲ အဓမ္မမသိမ်းပိုက်ချင်ဘူး"

"ဘဝပျက်မှာချင်းအတူတူဆိုရင်"

"ခါနွေ"

ယုံကြည်ချက် ခါနွေ့ပခုံးကိုဆုပ်ကိုင်လိုက်သည်။ မော့ကြည့်သူနှင့် ငုံ့ကြည့်သူ မျက်နှာနှစ်ခုသည် နီးကပ်လျက် အသက်ရှူသံလေငွေ့တို့ ထိခတ်နေသည်ဆိုလျှင်. . .

"ကိုကိုလိုချင်တာ အဲဒါမဟုတ်ဘူး။ ခါနွေ့ဆီက အချစ်နဲ့ ကြည်ဖြူခြင်း"

"ဒေါ်ရတနာရဲ့လုပ်ရပ်ကြောင့် ခါနွေ ကိုကို့ကိုမုန်းခဲ့တာ"

"မုန်းချင်မုန်းပါ၊ မေ့တော့မမေ့ခဲ့ဘူးမဟုတ်လား"

"ကြိုးစားနေရင်း မျက်စိရှေ့ကိုရောက်လာတော့ ငယ်သံယောဇဉ်ကို သံပတ်ပေးပြီး ထိန်းချုပ်ထားခဲ့တာ"

"ရလား"

ခါနွေ မဖြေဘဲ ခေါင်းလေးငုံ့သွားသည်။ ဒီလောက်ဆို သဘောပေါက်သင့်တယ်လေ။ အတိတ်ကာလကို ပြန်စဉ်းစားကြည့်။ သူ့ဘက်ကိုယ့်ဘက် အခြားသူစိမ်းတွေ ဝင်လာမှာစိုးခဲ့ကြတာ အတူတူပဲမဟုတ်ပါလား။ အဲဒီတုန်းက မောင်နှမဆိုတဲ့အသိကို ဘာမှမတော်စပ်ဘူးဆိုတာ ခလုတ်တိုက်ထုတ်လိုက်တော့. . .

လွင့်စင်သွားခြင်းရဲ့နောက်မှာ သံယောဇဉ်က အမျှင်တန်းလန်း



www.burmeseclassic.com

www.burmeseclassic.com



နှင့်ပါ။ သူစိမ်းဆိုတော့လည်း ခွဲခွာခြင်းစည်းတစ်ဖက်ဆီမှာ ရပ်နေကြရင်းပဲ ထိတွေ့ဆက်ဆံခဲ့တာတွေကို ပြန်တွေးကြည့်ပြီး ရင်ခုန်မရိုးသားခဲ့မိတာလည်း အတူတူပဲဖြစ်လိမ့်မည်။ ကိုကိုရေဆိုပြီး ခါးဖက် ရင်ခွင်ထဲကို တိုးဝင်ခဲ့တာ။ ညီမလေးဆိုပြီး ရင်ခွင်ထဲမှာပွေ့ပြီး ခေါင်းပွတ်သီချင်းကိုဒီပ်ခဲ့တာတွေဟာ သူစိမ်းဆိုတာကြီး ကန့်လန့်ဖြတ်တိုက်ချလိုက်တော့ သံစဉ်တွေ ပြောင်းလဲသွားခဲ့သည်။

"ဖြေလေ"

"ဟင့်အင်း"

"ဒါဆို အိပ်ဆေးသောက်ရမလား၊ အပြင်ထွက်ပြီး ဟိုလူတွေနဲ့သွားအိပ်ရမလား"

ခါနွေက မျက်စောင်းထိုးလိုက်ပြီး. . .

"အန္တရာယ်ကြားမှာ သူပဲမေးနိုင်သေးတယ်"

"အန္တရာယ်ကြားမှာမို့လို့ အတိအကျသိခွင့်ရအောင် မေးနေတာလေ။ ခုပဲ ခေါင်းမှာ ဒဏ်ရာနဲ့။ တော်ကြာ ဘာမှမသိလိုက်ရဘဲ သေသွားရင် ဘယ်လိုလုပ်မလဲ"

"ကိုကို"

ခါနွေ ခပ်ဆောင့်ဆောင့်လေး အော်လိုက်တော့ သူရယ်လိုက်မိ၏။ မရယ်ဘဲ ထိုင်မှိုင်နေလို့လည်း ဟိုလူတွေက ပြန်တော့လို့ လွှတ်ပေးမှာမှမဟုတ်တာ။ ကိုယ့်ဘာသာ လွတ်လမ်းကိုရှာဖို့စဉ်းစားနေတာ အခွင့်အရေးမရသေးလို့ပါလေ။ ယုံကြည်ချက် သွေးကြောင်နေတာမဟုတ်ဘဲ အင်အားမမျှလို့ ကိုယ့်ဘာသာ စီမံကိန်းဆွဲနေတာပါ။

ခါနွေက သူတို့ဆရာရဲ့ရတနာဆိုတဲ့စကားကြောင့် ယုံကြည်ချက်





တစ်ထိုင်တည်းမှာ ဆုံးဖြတ်ချက်ချတာ ရင်ထဲမှာသာ။ ဆရာဆိုတာ မလာခင် ကိုယ့်ရတနာလေးကို ကိုယ်ပဲအပိုင်သိမ်းပြီး ထွက်ပြေးတော့မလို့။

"ဒီလိုအခြေအနေမျိုးမှာ ကိုကိုတို့အသက်ကို ဘယ်သူက အာမခံမှာလဲ။ အဲဒီတော့"

"ကိုကိုနေဦး"

"ချစ်ကြဖို့ပြောတာပါ၊ သူများအသိမ်းခံရတော့မယ့်ရတနာကို ကိုယ်ပဲ အရင်သိမ်းလိုက်ဖို့"

သူ ခေါင်းကိုပိုငုံ့လာတာနှင့် ခါနွေ ရှောင်တိမ်းလိုက်သည်။ ခေါင်းလေး ရှောင်တိမ်းနိုင်ရုံနဲ့ လွတ်မှာတဲ့လား။ လူတစ်ကိုယ်လုံးက သူ့ရင်ခွင်ထဲမှာမို့ ပွင့်လာသမျှပန်းတွေကိုပဲ တစ်ပွင့်ချင်းကောက်သီမည်ဟု သံယောဇဉ်ကြိုးကို ရင်ခုန်စွာ ဆွဲဆန့်ထားလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၃၁)

"ချပ်! "

"ဟင်"

တံခါးကိုဖွင့်ပြီး ခေါ်းလေးပြူရုံ ချောင်းကြည့်လိုက်မိတာ ကောင်လေးက ကောင်မလေးကို နမ်းနေတာ မြင်လိုက်ရပြီး၊ ယောင်ရမ်းကာ နောက်ဆုတ်၍ မျက်နှာကို လက်ဝါးနှင့် အုပ်ထားလိုက်မိသည်။ ကလေးကျင့် ကလေးကြံတယ်ပဲပြောပြော သူတို့နှစ်ယောက်နီးစပ်ဖို့ ကိုယ့်မှာ ဘယ်လောက်ကြိုးစားခဲ့ရသလဲ သူတို့ကတော့ မသိ။

ဦးဆန်းမောင်. . .

သူပစ်တဲ့မြား ပစ်မှတ်ကိုထိသွားပြီမို့ တစ်ယောက်တည်း ပြုံးဖြီးဖြီးဖြစ်သွား၏။ သူ့မှာ အိုကြီးအိုမနဲ့ ဖြူနေတဲ့အသားကို မည်းအောင်လုပ်ပြီး ဆံပင်တုကြီးစွပ်ရသည့်အပြင် ကိုယ်တပ်နေကျမျက်မှန်အစား နေ့ရောညရော မျက်မှန်မည်းမည်းကြီးတပ်ပြီး လူသစ်ပုံစံနဲ့ ဝင်လာရတာ ဘယ်





လောက်ဒုက္ခကြီးသလဲ၊ မျက်လုံးက ကောင်းကောင်းမြင်တာမဟုတ်တော့ ဟိုခလုတ်တိုက် ဒီခလုတ်တိုက်နဲ့လေ။

"ဝါဝါဆိုတဲ့ကောင်မလေးက ကိုကြီးတူမဆို ဟုတ်လား။ ခါနွေ့သူငယ်ချင်းဆိုတော့ ခါနွေ့အကြောင်းလိုက်စုံစမ်းတာ ကိုကြီးတူမဆိုတာပါ သိလိုက်ရတယ်။ ခါနွေ့အကြောင်းမေးတာ မနည်းကို အသနားခံလိုက်ရတယ်ဗျာ"

"ဒါဆို ခါနွေ ငါ့ဆီရောက်နေတာ မင်းသိပြီးပြီပေါ့။ သူ့ကောင်လေးဆိုတာလည်း ရောက်နေတယ်ကွ"

"အဲဒါ ကျွန်တော့်သားလေ။ ကျွန်တော့်ကိုကူညီပါဦး ကိုကြီးရာ။ ကိုကြီးက ဒါမျိုးဆို ဝါသနာပါတယ်မဟုတ်လား"

သီဟ ဖုန်းဆက်တော့ နဂိုကတည်းက ဝါသနာကြီးတဲ့ ဦးဆန်းမောင် ဖူးစာရေးနတ်လုပ်ဖို့ လေးနှင့်မြားကို ထကိုင်လိုက်ရတာလေ။ ရတနာနဲ့သူက သူငယ်ချင်းတွေမို့ သီဟနဲ့ပါ ခင်ခဲ့ကြတာပါ။ ရန်ကုန်မှာ ကျောင်းတက်ရင်း ရတနာ့အိမ်ကို အဝင်အထွက်များလာတော့ သီဟတို့ သူငယ်ချင်းသုံးယောက်ကလည်း သိပ်ချစ် သိပ်ခင်ကြတဲ့ကလေးတွေအဖြစ် ပျော်စရာဖြစ်ခဲ့ရသည်။ အဲဒီတုန်းက သူတို့က နောက်ဆုံးနှစ်တောင် ရောက်နေပြီး သီဟတို့က ချာတိတ်ကလေးတွေ။ ခုတော့ သီဟသားနဲ့ ဝသန့်သမီး လူကြီးချင်းမဆုံစည်းခဲ့ကြပေမယ့် ကလေးချင်းတော့ ပေါင်းစေချင်သတဲ့လေ။ ဒါကြောင့် အချိန်မဆွဲဘဲ မြန်မြန်ညားစေသတည်းဖြစ်ဖို့ ဒီနည်းကို သုံးရတာ။ ခုတော့. . .

"ဆရာ"

"ရှူး. . . တိုးတိုး"



www.burmeseclassic.com

www.burmeseclassic.com



''အခြေအနေထူးလို့လား''

''ထူးတယ်''

သူ့တပည့်တွေအားလုံးကို မလျှို့ဝှက်တော့ဘဲ ပြောပြလိုက်တော့ အားလုံးက ပိပိရိရိသရုပ်ဆောင်၍ ကူညီကြသည်။

''အဟီး. . . ဆရာ့ပုံစံကလည်း သပိတ်ကို ထုံးတို့မှတ်ထားတဲ့ အတိုင်း''

''တိုးတိုးပြောပါဆို''

မင်းဒင် တံတောင်နှင့်တွက်လိုက်မှ စိုင်းဇော်လူ ပါးစပ်ကိုပိတ်၍ ရယ်လေ၏။ ဦးဆန်းမောင် ကိုယ့်ကိုယ်ကိုယ် ပြန်ငုံ့ကြည့်မိတော့ ဟုတ်ပါရဲ့။ အသားကိုမည်းအောင် လုပ်ထားရတဲ့အထဲ ဘောင်းဘီက အနက်၊ အင်္ကျီက အနက်နှင့် အဖြူကွက်ထားတော့ စိုင်းဇော်လူပြောသလိုဖြစ်နေသည်လေ။

''ထူးတာက ဘယ်လိုထူးတာလဲ ဆရာ''

''ထူးပါတယ်ဆိုမှ ဗျာနဲ့ရှင် တစ်ခုခုပေါ့''

''သူတောင်းစား. . . ငါမေးတာ အဲဒါမဟုတ်ဘူး။ ကောင်လေးနဲ့ ကောင်မလေး ဘာလုပ်နေတာ ဆရာမြင်လို့လဲလို့မေးတာ''

''ဟုတ်လား''

ကျောက်ခဲ မအူမလည်ပုံစံနှင့်ကြည့်နေဆဲ ဦးဆန်းမောင်က သူတို့အနားသို့တိုးကပ်၍ ခေါင်းချင်းဆိုင်စေကာ. . .

''နမ်းနေတာကွ၊ နမ်းနေတာ''

''အဟီး!''

ရယ်လိုက်တဲ့ကျောက်ခဲပါးစပ်ကို မင်းဒင်က လိုက်ပိတ်လေသည်။





ဦးဆန်းမောင် လက်ဟန်ခြေဟန်လုပ်ပြပြီး ရှေ့မှ ခြေဖွသွားလေတော့ သူတို့ပါ လိုက်ခဲ့ကြ၏။

''မင်းတို့ဘာဆက်လုပ်ရမလဲ ငါပြောမယ်''

ခေါင်းချင်းတွေ ဆိုင်သွားကြပြန်ပြီး နောက်ဆုတ်သွားချိန်မှာတော့ မင်းဒင်နဲ့ကျောက်ခဲ အခန်းတံခါးဆီသို့လျှောက်သွားလိုက်သည်။ တမင်အသံကိုမြှင့်၍ တံခါးကိုလည်း ဟရုံဟလိုက်ကာ. . .

''ဟေ့ကောင်. . . မင်း ငါ့ကိုမဆွဲနဲ့နော်''

''မဆွဲလို့ဖြစ်မလားကွ၊ မင်းအဲဒီလိုလုပ်တာ ဆရာသိရင် တို့အားလုံး ကိုယ့်သေတွင်းကိုယ်ယက်သလို ဖြစ်နေမှာ''

''ဖြစ်ဖြစ်ကွာ! ကောင်လေးကို သတ်ပစ်ဖို့တော့ ငါ့သဘောမတူဘူး။ အသုံးမဝင်ရင် ပြန်လွှတ်ပေးလိုက်ပေါ့။ ကောင်မလေးအတွက်လည်း မြန်မာအချင်းချင်းကွာ. . . နှမချင်း ကိုယ်ချင်းစာကြည့်ဦး''

''ဟေ့ကောင်! ခံဖိနပ်ကြားက နတ်စကားထွက်ပြီး ဓမ္မကထိကလေသံနဲ့မပြောနဲ့။ လွှတ်ပေးလို့မဖြစ်ဘူး''

အပြင်ကအသံတွေကြားပြီး တံခါးပါ ပွင့်သွားလေသဖြင့် ယုံကြည်ချက် ခါနွေ့လက်ကိုဆွဲပြီး ထွက်လာခဲ့၏။

''ငါကတော့ လွှတ်ပေးဖို့ ဆုံးဖြတ်ပြီးသား''

''လုပ်လေ. . . မင်းနဲ့ငါ အရင်ယှဉ်ပြီး ဆုံးဖြတ်ကြတာပေါ့''

''ဘာဖြစ်နေကြတာလဲ''

ယုံကြည်ချက် မေးလိုက်တော့ မင်းဒင်က မိုက်ကြည့်ကြည့်လျက်

''ဒီသူတော်ကောင်းက မင်းတို့ကိုလွှတ်ပေးမလို့လဲ''

''သူတော်ကောင်းလုပ်တာတော့ မဟုတ်ဘူးပေါ့ကွာ။ မြန်မာမိန်း



www.burmeseclassic.com

www.burmeseclassic.com



ကလေးတစ်ယောက်ရဲ့ ရှေ့ရေးကိုတွေးပြီး နှမချင်းစာနာစိတ်နဲ့ လွှတ်ပေးဖို့ ငါလည်းသဘောတူတယ်''

နောက်ထပ်ရောက်လာကြသူတွေနဲ့ အားလုံးလူစုံသွားချိန်မှာ. . .

''မင်းကပါ ကျောက်ခဲဘက်ကပေါ့၊ ဟုတ်လား သန်းစိန်''

''ဟုတ်တယ်''

''ဟုတ်ဦးကွာ''

''ခွပ်! ''

''ဟာ! ''

''ဟေ့ကောင်''

သူတို့ကိုလွှတ်ပေးဖို့ပြောကြတဲ့နှစ်ယောက်နဲ့ ကျန်သုံးယောက်တို့ ဖိုက်ကုန်ကြစဉ်မှာ ယုံကြည်ချက် ဘာလုပ်ရမှန်းမသိ။ နောက်မှ သတိရပြီး ကိုယ့်တက်ကိုညှာတာစွာ စဉ်းစားပေးတဲ့လူတွေဘက်က ကူလိုက်သည်။

ဒါ. . . သူတို့အတွက် အခွင့်အရေးကောင်းပဲလေ။

''ကောင်လေး. . . မင်းကောင်မလေးကိုခေါ်ပြီး ပြေးတော့''

''ဟာ! မဟုတ်တာဗျာ၊ ခင်ဗျားတို့''

''ဟေ့ကောင်! သွားမှာသွား၊ အခွင့်အရေးဆိုတာ နှစ်ခါမရဘူးကွ''

''ဟုတ်. . . ဟုတ်ကဲ့''

အခွင့်အရေးဆိုတာ နှစ်ခါမရဘူးဆိုတဲ့စကားက အမှန်ပဲမို့ ယုံကြည်ချက် ခါနွေ့လက်ကိုဆွဲ၍ ပြေးလေတော့သည်။ သူတို့ဘယ်ကိုရောက်နေလို့ ဘယ်ကိုပြေးရမှန်းမသိဘဲ လွတ်ရေးကိုသာတွေးလျက် ခြေဦးတည့်ရာ ပြေးနေမိတော့သည်။

''ကိုကို နေပါဦး''





ခါနွေ့အသံကြောင့် ခြေလှမ်းတွေ ရပ်တန့်သွားပြီး. . .

''ဘာဖြစ်လို့လဲ''

''ခါနွေ မောနေပြီကိုကိုရဲ့၊ မပြေးနိုင်တော့ဘူး''

''ကြိုးစားကြည့်ပါဦးကွာ၊ နောက်ကဟိုလူတွေ လိုက်လာရင် ဒုက္ခ''

''မတတ်နိုင်ဘူး ကိုကို၊ ကိုကို ခါနွေ့ကိုထားချင်လည်း ထားခဲ့တော့။ ဒီလောက်မှောင်မှောင်မည်းမည်းထဲမှာ ဘာမမြင်ညာမမြင်နဲ့ပြေးနေရတာ သေတာမှကောင်းဦးမယ်။ ခြေထောက်တွေလည်း နာလှပြီ''

ဟုတ်သားပဲ။ နှစ်ယောက်စလုံး အခွင့်အရေးရတုန်း ပြေးလာတာ ဘယ်လိုလုပ်ပြီး ဖိနပ်ပါပါ့မလဲ။ ကိုယ်က ယောကျ်ားလေးမို့ ခံနိုင်ရည်ရှိပေမယ့် ခါနွေက မိန်းကလေးလေ။

''ဒါဆို နားလေ၊ ခါနွေ အမောပြေရင် ဒီလိုပဲ ဖြည်းဖြည်းလျှောက်ကြတာပေါ့''

နှစ်ယောက်သား ထိုင်ချပြီး အမောဖြေလိုက်ကြသည်။ ယုံကြည်ချက် စဉ်းစားမိသွားတာက သူတို့ဆက်ပြေးနေလို့ ဘယ်ရောက်လို့ ဘယ်လမ်းကိုလျှောက်ရမှန်းမသိ။ လမ်းကောင်းပြေးရင် အစက နောက်မှလူတွေ လိုက်လာရင် အလွယ်တကူပြန်တွေ့သွားမှာစိုးလို့ အမှောင်ဘက်ကို လုပြေးလာခဲ့တာ။ အခုတော့. . .

''ဟိုနှစ်ယောက်က စိတ်ကောင်းရှိလို့ တော်သေးတယ်၊ မဟုတ်ရင် ကိုကိုတို့ကိုသတ်ကြမှာ''

''ခါနွေ့ကိုကျတော့ သူတို့ဆရာလက်ထဲ ထည့်ကြမှာလေ''

''အဲဒီလိုဖြစ်လာရင် ခါနွေ ကိုယ့်ကိုယ်ကိုယ် သတ်သေဖို့ ဆုံးဖြတ်ပြီးသားပါ''



www.burmeseclassic.com

www.burmeseclassic.com



"မကြဲကောင်းမစည်ရာ ခါနွေရယ်"

"ပိုး. . ."

"အမယ်လေး"

ခါနွေ ပိုးခနဲအသံကြောင့် ယုံကြည်ချက်ကိုအတင်းဖက်ထားလိုက်မိ၏။ ညကြီးမင်းကြီး နှစ်ယောက်တည်းရှိနေချိန်မှာ သစ်ရွက်လှုပ်တာက ပင် စိတ်မနိုင်ပါက ချောက်ချားစရာ။

"လေတိုက်တာပါ ခါနွေရဲ့"

"လေတိုက်သံကလည်း ကြောက်စရာကြီး"

"မင်းမကြောက်တာ ဘာရှိလဲ"

"ခုအချိန်မှာတော့ အကုန်လုံးကိုကြောက်နေတာ"

"ကိုယ့်ကိုရော"

"ပါတာပဲ"

ယုံကြည်ချက် ခါနွေ့လက်ဖျားလေးကို ဆုပ်ကိုင်လိုက်တော့ အေးစက်နေသည်။

"လက်ဖျားတွေ အေးစက်နေတာပဲ"

"ချမ်းတာကိုး"

"ဒါဆို ဟိုဘက်ပါပေး. . . နွေးသွားအောင် လုပ်ပေးမယ်"

နောက်တစ်ဖက်ပါဆွဲယူပြီး ခါနွေ့လက်တွေကိုဆုပ်ကာ သူ့ပါးစပ်ရှေ့မှာအုပ်ပြီး အာငွေ့နှင့်နွေးအောင်လုပ်ပေး၏။ တိတ်ဆိတ်သည့်ကာလမှာ ပြေးရလွှားရနှင့် မောပန်းနေတော့ ခါနွေ ငိုက်လာသည်။ အိပ်ချင်စိတ်ကြီးစိုးလာတော့ ကြောက်တာလန့်တာတွေကို သတိမရတော့။

မေ့ခနဲဖြစ်သွားလိုက်၊ သတိက ဆတ်ခနဲရသွားလိုက်နှင့် ခေါင်း





က လေ့ကျင့်ခန်းလုပ်နေသည့်နှယ်။ လက်ဆီမှာလည်း နွေးနေတော့ တေးမဆိုဘဲ ချော့သိပ်နေသလိုပါ။

"ခါနွေ"

". . ."

"ခါနွေ"

"အင်. . . ဟင်"

"အိပ်ချင်နေပြီလား"

ခါနွေ ဆတ်ခနဲခေါင်းထောင်သွားပြီး. . .

"ပင်ပန်းလို့ထင်တယ်"

"အိပ်ချင်အိပ်လေ၊ ကိုယ်လည်းအိပ်ချင်လာပြီ"

"အင်း"

ဖြေသံကြားမှာ ငရုတ်သီးစပ်လို့ ရှူသလို အသံထွက်လာလေသဖြင့်. . .

"ချမ်းနေတာမို့လား၊ ကိုကို့ရင်ခွင်ထဲကို ဝင်အိပ်လေ။ ဒါမှနွေးသွားမှာ"

"ရပါတယ်"

"ဒီလောက်အေးစက်နေတာကို ညာချင်သေးတယ်။ ဘာလဲ၊ ကိုကို့ကို မယုံလို့လား။ ယုံပါကွာ. . . စိတ်ချ၊ ကိုကို မင်းကိုဘာမှမလုပ်ဘူး။ စိတ်ချလက်ချအိပ်။ ဒါမှ ခါနွေရော ကိုကိုပါနွေးမှာ။ မဟုတ်ရင် ရေအိုက်ထဲ အသွင်းခံရသလိုဖြစ်နေမှာ"

ရေခဲတိုက်ဆိုသောကြောင့် ခါနွေ ကျောချမ်းသွားလေ၏။

"ကိုကိုကလည်း ကြောက်ပါတယ်ဆိုမှ ဘာတွေပြောနေမှန်း မသိ



www.burmeseclassic.com

www.burmeseclassic.com



ဘူး''

''စောစောက သတ်သေမယ်ဆိုပြီး ခုမှကြောက်နေသေးတယ်''

''တော်တော့ဆို၊ မပြောနဲ့''

ယုံကြည်ချက် ခါနွေ့ပခုံးလေးကိုဆွဲဖက်လိုက်ပြီး. . .

''မပြောနဲ့ဆို မပြောတော့ဘူး။ ကိုကိုအိပ်ချင်ပြီ။ ခါနွေလည်း အိပ်တော့။ မိုးလင်းမှပဲ ဆက်ပြေးကြတာပေါ့''

ခါနွေ ဘာမှပြန်မပြောဖြစ်တော့ပေ။ ချမ်းကချမ်း၊ အိပ်က အိပ်ချင်နေတာမို့ သူဖက်ထားတာကို မရုန်းတော့ဘဲ သူ့ရင်ဘတ်ကို ခေါင်းလေးမှီလိုက်ပြီး ခဏမှာ အိပ်ပျော်သွားလေတော့၏။

ယုံကြည်ချက်မှာလည်း. . .

ခါနွေအိပ်ပျော်သွားပြီဆိုမှ အသာလေး ညင်သာစွာလှဲချပြီး လေးလံလာသောမျက်ခွံတို့ကို မှိတ်လိုက်တာနှင့် အိပ်ပျော်သွားတော့သည်။ လူတွေ အိပ်ပျော်သွားလျှင် အသေကောင်နှင့်အတူတူပဲ၊ ဘာမှမသိတော့ဘူးတဲ့။ ဒါအမှန်တရားမို့ တိတ်ဆိတ်သောညဥ့်နက်ထဲမှာ နှစ်ယောက်စလုံး အခြားကမ္ဘာထဲသို့ ရောက်ရှိသွားကြသည်။

''ဟင်!''

ယုံကြည်ချက် ဖျတ်ခနဲလန့်နိုးလာတော့ အလင်းရောင်က မပြတ်မသား မှုန်ဝါးဝါးကိုမြင်လိုက်ရသည်။ မိုးတောင် လင်းတော့မှာပါလား။ စိမ့်နေအောင် ကျောထဲက ချမ်းနေပေမယ့် ရင်ဘတ်ထဲမှာတော့ နွေးနေပါသည်။

ဪ. . . သူ့ရင်ခွင်ထဲမှာ ခါနွေ အိပ်ပျော်နေတာပဲ။ ခါနွေ ခေါင်းအုံးထားတဲ့ သူ့လက်မောင်းတစ်ဖက် အောင့်သလိုရှိနေပေမယ့် ခါနွေ





နိုးသွားမှာစိုးလို့ မလှုပ်ရဲပေ။ အိပ်ပါစေ။

''အင်း. . . ဟင်း''

''ဟင်''

ခါနွေ လူးလွန့်သွားပြီး မျက်လုံးတွေ ဖျတ်ခနဲပွင့်လာလေလျှင်

''နိုးပြီလား''

''ကိုကို''

ခါနွေ ကမန်းကတန်းထထိုင်လိုက်တော့ သူပါထိုင်ဖို့ လက်ထောက်လိုက်လေတော့. . .

''အား. . .''

''ဟင်! ဘာဖြစ်တာလဲ ကိုကို''

ယုံကြည်ချက် လက်မောင်းကိုဖိဆုပ်ရင်း ခေါင်းခါလိုက်ကာ. . .

''ဘာမှမဖြစ်ဘူး''

''မညာပါနဲ့၊ ခါနွေ ခေါင်းအုံးထားလို့ လက်မောင်းအောင့်နေပြီ မဟုတ်လား''

''ခါနွေ့ကိုမနိုးရက်လို့''

''ထင်သားပဲ၊ အဲဒါ နှိုးရောပေါ့။ ဘာလို့ ပေနေတာလဲ''

''မနိုးရက်လို့ပါဆိုကွာ၊ ဒီလောက်အသားအနာခံပြီး ချစ်ပြတာကို ကျေးဇူးတင်ဖော်မရဘဲ အပြစ်တင်နေသေးတယ်။ ဘယ်လိုချာတိတ်လဲ''

ကိုကို့ကိုကြည့်ပြီး ခါနွေ စိတ်မကောင်းဖြစ်ရပြီ။ ခါနွေ့ကို ဘာလို့ အဲဒီလောက်ချစ်နိုင်ရတာလဲ ကိုကိုရယ်။ ဒေါ်ရတနာက သူ့တူအဖြစ်ကို မြင်လိုက်ရင်တော့ ရင်ထုမှာပဲ။ ခွင့်လွှတ်ပါ ဒေါ်ရတနာ။ ကျွန်မမှာ



www.burmeseclassic.com

www.burmeseclassic.com



တမင်နှိပ်စက်လိုစိတ် မရှိတာအမှန်ပါ။

အချစ်က တားဆီးမရသလို. . .

သံယောဇဉ်က လွယ်လွယ်နဲ့ခုတ်ဖြတ်လို့မရတဲ့ ရေအလျင်ဆိုတာ ခံစားဖူးသူတွေကမှ သိတာပါ။

"ဟိတ်!"

"ဟင်"

"ဘာကြည့်နေတာလဲ၊ သဲသဲကွဲကွဲမြင်လို့လား"

"ခါနွေ လက်မောင်းနှိပ်ပေးမယ်နော်"

"စကားလမ်းကြောင်းမလွှဲနဲ့လေ၊ ညကစောင့်စည်းခဲ့ခြင်းအတွက် အမှတ်ပေးသင့်တယ်"

"ကိုကို့ကြီးဒေါ်ကြီးမျက်နှာကို မြင်ယောင်ကြည့်လိုက်ပါဦး"

"မလိုပါဘူး၊ ခါနွေ သူနဲ့ပေါင်းရမှာမှမဟုတ်တာ။ ကိုကိုနဲ့ပေါင်းရမှာ"

ခါနွေ သူ့လက်မောင်းကိုနှိပ်ပေးနေရင်းမှ မျက်စောင်းလည်းထိုး ပြုံးလည်းပြုံးမိကာ. . .

"ဘယ်သူက ယူမယ်ပြောလို့လဲ"

"ဘာ!"

"အမယ်လေး"

ဒူးလေးထောက်ပြီး နှိပ်ပေးနေတဲ့ခါနွေ့လက်ကို ဖယ်ချပြီး ပြန်ဆွဲချလိုက်တော့ တစ်ကိုယ်လုံးကို။

"ဘာမယူဘူးလဲ၊ ငပ်ပြောကြည့်စမ်း! အချိန်မီသေးတယ်။ ဒီနေရာမှာ နှစ်ယောက်တည်း"





"ဖယ်ပါ"

"ထပ်ပြောလေ. . . မယူဘူးလို့၊ သနားလို့ ချမ်းသာပေးတာကို ငပေါကြီးမှတ်နေလား"

"ဒီကလည်း အချဉ်မဟုတ်ဘူးလေ"

"ချဉ်တာချိုတာက"

"ကိုကိုနော် အကြီးဖြစ်ပြီး အနိုင်မကျင့်နဲ့"

"ခင်ဗျားလေးပဲ ပြောပါ၊ လောလောဆယ် နိုင်နေတာ ခင်ဗျားပဲမဟုတ်ဘူးလား"

အန္တရာယ်စက်ကွင်းထဲက တကယ်လွတ်မလွတ်မသိရသေးပါဘဲ ဒီနေရာမှာ ရန်ဖြစ်နေရတာ ပျော်စရာတော့ အကောင်းသား။ ရှေ့ဆက် ဒီလိုပျော်နိုင်ဦးမှာလား။

"မိုးလင်းနေပြီ ကိုကိုရဲ့၊ ခါနွေတို့သွားရအောင်နော်"

ခါနွေပြောမှ သတိရကာ ခေါင်းညိတ်ပြီး ထရပ်လိုက်သည်။ ဖြည်းဖြည်းမှန်မှန်ပဲ လျှောက်လာကြရင်း အန္တရာယ်လွတ်ကင်းသည့်နေရာထိ ရောက်လာပြီ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၃၂)

တူဖြစ်သူကို အခုထိမမြင်ရသေးသဖြင့် ဒေါ်ရတနာ လည်တဆန့်ဆန့်ဖြစ်နေသည်။

''ဟဲ့! သီဟ၊ ကလေးတွေကို ခုထိမတွေ့ရသေးပါလား''

''တွေ့ရမှာပေါ့ မမရယ်၊ ဘာလို့လောနေတာလဲ''

''ငါကတွေ့ချင်လှပြီ သီဟရဲ့''

ဒေါ်ရတနာ အဖြစ်သည်းနေတာကိုကြည့်ပြီး ဦးဆန်းမောင်ကတော့ မျက်စောင်းခဲနေပြီ။

''အမြင်ကတ်အောင်မလုပ်နဲ့ ရတနာ၊ ငါက အိုကြီးအိုမနဲ့ မြားနတ်မောင် လုပ်ပေးထားတာ။ ငါပြောပြီးသားနော်. . . ငါက ခါနွေ့မိဘဆိုရင်လည်း မမှားဘူး။ သမီးတောင်းတာ ငါတောင်းသလောက် တင်ရမယ်''

''အေးပါ ဆန်းမောင်ရယ်၊ နင်ကလည်း ငယ်ငယ်ကအတိုင်း ပစိပစပ်များလိုက်တာ''





''နင်က ငါ့ထက်ပိုဆိုးတာ၊ ပြောလိုက်ရင် ပေါက်ပေါက်ဖောက်တဲ့အတိုင်း''

ခဏကြာတော့ မင်းဒင်တို့အဖွဲ့ရောက်လာပြီး. . .

''ဆရာ''

''ဟေ!''

''ကောင်လေးနဲ့ကောင်မလေး ပြန်လာပြီဆရာ''

''ဟုတ်လား''

ဒေါ်ရတနာ ထရပ်မည်လုပ်တော့ ဦးဆန်းမောင်က လက်ပြသဖြင့် ပြန်ထိုင်လိုက်ရသည်။

ယုံကြည်ချက် ခါနွေ့လက်ကိုဆွဲလျက် အိမ်ပေါ်သို့တက်လာခဲ့၏။ သူတို့ ဒီလိုတွေဖြစ်ခဲ့ပျက်ခဲ့တဲ့အထဲမှာ အိမ်ကထွက်သွားတုန်းက စီးသွားတဲ့ဆိုင်ကယ်တစ်စီးတော့ ဆုံးပြီလို့ထင်ထားတာ။ အိမ်ရှေ့မှာ ထိုဆိုင်ကယ်ရပ်ထားတာတွေ့တော့ ဘယ်လိုပြန်ရောက်လာသလဲလို့ အံ့သြခြင်းနှင့်မေးချင်သည့်စိတ်က ခြေလှမ်းကိုပိုကျဲစေ၏။

''ဟင်!''

ခါနွေ့ ခြေလှမ်းတုံ့သွားသဖြင့် ယုံကြည်ချက် ပြန်လှည့်ကြည့်လေလျှင် ခါနွေ့က ဧည့်ခန်းထဲမှာထိုင်နေသူများသို့ မေးဆတ်ပြလေ၏။ သူလည်း သတိထားပြီး မျက်နှာတွေကိုလိုက်ကြည့်လိုက်တော့မှ. . .

''ဟဲ့! အမယ်လေး. . . ခေါင်းမှာ ပတ်တီးကြီးနဲ့ပါလား။ ဆန်းမောင်. . . နင်ပြောတော့ ဘာမှမဖြစ်ပါဘူးဆိုဟဲ့''

''အေးလေ. . . အသက်အန္တရာယ်နဲ့အဝေးကြီးပဲ''

''ဘာအသက်အန္တရာယ်နဲ့ အဝေးကြီးလဲ. . . သား''



www.burmeseclassic.com

www.burmeseclassic.com



"ကြီးမေ"

ကြီးမေဆိုပြီး ခြေလှမ်းက ရှေ့မတိုးဘဲ နောက်ဆုတ်သွား၏။ ခါန္တေ့လက်ကိုသာတင်းတင်းဆုပ်၍ နောက်လှည့်ပြေးဖို့ ခြေလှမ်းပြင်လိုက်လေလျှင်. . .

"ဟောကောင်! ဒါက ဘယ်ကိုလဲ"

"ပြေးမလို့"

"မပြေးနဲ့"

ဦးသီဟ လျှင်မြန်စွာလျှောက်သွားပြီး သားလက်ကိုဆွဲထားသလို ဦးဆန်းမောင်က ခါန္တေ့လက်ကို လှမ်းဆွဲထားသည်။

"ကြီးမေက ကျွန်တော်တို့ကို. . ."

"အဲဒီအတွက် ဘာမှစိတ်မပူနဲ့၊ မင်းအဒေါ် အပျိုကြီး ကျွတ်တမ်းဝင်သွားပြီ။ အခု သားနဲ့သမီးကို လက်ထပ်ပေးပါ့မယ်လို့ သူ ကတိပေးထားတယ်"

"တကယ်"

"တကယ်ပေါ့ သားရယ်၊ ကြီးမေတို့မှာ မျိုးဆက်ဆိုလို့ သားတစ်ယောက်တည်းပဲရှိတာ။ သားကိုစိတ်ချမ်းသာစေချင်တယ်"

ဒေါ်ရတနာ့အကြည့်က ခါန္တေ့ဆီသို့ရောက်သွားပြီး. . .

"သမီးကိုလည်း ကြီးမေ တောင်းပန်ပါတယ်ကွယ်၊ တကယ်ဆိုတော့ ပစ္စည်းဥစ္စာဆိုတာ သခါရပါ။ လိုအပ်တာက မိသားစုတွေ စိတ်ချမ်းသာ ကိုယ်ကျန်းမာနဲ့ ပျော်ပျော်ရွှင်ရွှင်နေနိုင်မှ လူ့ဘဝရဲ့အနှစ်သာရကို ခံစားရမှာ။ သားနဲ့သမီး ရန်ကုန်ကိုပြန်လိုက်ခဲ့ပါကွယ်။ ကြီးမေကိုယ်တိုင် ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနားနဲ့ကို လက်ထပ်ပေးမယ်"





"ဟာ! ဝမ်းသာလိုက်တာ ကြီးမေရာ"

ယုံကြည်ချက် ဝမ်းသာအားရနှင့် ခါန္တေ့မျက်နှာလေးကို ကြည့်လိုက်တော့ ပြုံးနေသည်။ သူဖြစ်ချင်တဲ့အရာအားလုံး ဖြစ်ခွင့်ရတော့မည်မို့ ယုံကြည်ချက်ရင်ထဲမှာ ဘုရားပွဲလှည့်နေပြီ။ မုန်တိုင်းထန်ပြီးရင် ကောင်းကင်ကြီး ကြည်လင်လာသလို. . .

ကံဆိုးခြင်းရဲ့နောက်ကွယ်မှာ ကံကောင်းခြင်းတွေ ရှိတတ်တယ်ဆိုတာ ခုတော့ လက်တွေ့ပါလား။

"ဆရာ"

"ဟော"

"ကျွန်တော်တို့ တာဝန်ကျေပါတယ်နော်"

"ကျေပါတယ်ကွာ. . . ကျေပါတယ်၊ နောက်မှ မင်းတို့ကို ဘောက်ဆူးပေးမယ်"

"ကျွန်တော်တို့ ဆူးမလိုချင်ဘူးဆရာ၊ ဆုပဲလိုချင်တယ်"

ယုံကြည်ချက် နောက်ကိုလှည့်ကြည့်မိတော့. . .

"ဟင်! ခင်ဗျားတို့"

"မှတ်မိတယ်မို့လား"

"ဟာ. . . မှတ်မိတာပေါ့၊ ခင်ဗျားတို့ လူဆိုးတွေ။ ရဲတိုင်ရမယ်"

"ဒါ ငါ့တပည့်တွေ မောင်ကိုကိုရ"

"ဒါဆို ဆရာဆိုတာက"

"ဟုတ်တယ်. . . ငါပဲ"

"ခါန္တေက ဆရာ့ရဲ့ရတနာလို့ပြောတာက"

"ငါ့ရဲ့သမီးရတနာလေ၊ အဲဒါကြောင့်ပဲ ဒေါ်ရတနာ ငါ့ဆီမှာ



www.burmeseclassic.com

www.burmeseclassic.com



သမီးလာတောင်းရတာပေါ့။ မင်းတို့နှစ်ယောက် မြန်မြန်နီးစပ်အောင် ငါလည်း အမြန်ဆုံးနည်းနဲ့ ပန်းကာန်လုံးစီးပြီး ကြံမိကြံရာ လူဆိုးဂိုဏ်းထောင်ပြီး မင်းတို့ကိုဖမ်းနိုင်းလိုက်တာလေ''

''ဘကြီးဗျာ. . . အဲဒီလိုလုပ်လို့ ဒီမှာ ခေါင်းပေါင်း ပေါင်းကား ရပြီ''

ရယ်သံတွေ ဝေါခနဲထွက်လာ၏။ ခါနွေကတော့ ရက်လို့ပဲလားတော့မသိပေ။ ခေါင်းလေးငုံ့နေ၏။ ဒီလိုအချိန်လေးဖြစ်ဖို့ ဖန်တီးပေးတဲ့ ဘကြီးကို ကျေးဇူးတင်ပါသည်။ သူပြောတာလည်း ဟုတ်သည်လေ။

အန္တရာယ်ဆိုတာမရှိရင် အရေးကြုံမှ သွေးစည်းမှုမရှိဘူးဆိုလျှင် ခါနွေနဲ့သူ လွယ်လွယ်အဆင်ပြေမှာမှမဟုတ်တာ။ ကိုယ့်ကိုမုန်းဖို့တောင် ကြိုးစားနေသတဲ့လေ။

အခု. . .

ဘကြီးကျေးဇူးကြောင့်ပဲ ရင်ထဲကနှလုံးသားလျှို့ဝှက်တံခါးကို ဖွင့်နိုင်ခဲ့တာပါ။

''အေး. . . မင်းတို့တွေက ကရားရေလွှတ်ပြောနေကြ။ သမီးကဖြင့် ဘာစကားတစ်ခွန်းမှမပြောတာ။ ကြည်ဖြူသလား မကြည်ဖြူသလား မသိဘူး''

ဒေါ်ရတနာ ပြောလိုက်မှပဲ ယုံကြည်ချက် ခါနွေ့မျက်နှာလေးကို ငုံ့ကြည့်ကာ. . .

''သူက အချဉ်မဟုတ်ဘူးလို့တော့ ပြောတာပဲ''

''ဟော''

''ကိုကို''





ခါနွေ လက်မောင်းကိုခပ်ဖိဖိလိမ်လိုက်တော့ ယုံကြည်ချက်မျက်နှာ ရှုံ့မဲ့သွားပြီး တွန့်သွားလျက်. . .

''ဖေဖေ''

''ဟော''

''ဖေဖေ့ကို မေမေ အဲဒီလိုဆွဲလိမ်ဖူးသလား''

ယုံကြည်ချက်အမေးကြောင့် ဦးသီဟ တွေခနဲဖြစ်သွားသည်။ ဘယ်မေမေကိုမေးတာလဲ။ ဒီကောင် ဒိုင်ယာရီကိုဖတ်ပြီး သူ့အကြောင်း သိနေတာပါ။

''ဘယ်မေမေကို မေးတာလဲကွ''

''မေမေ ယောက္ခမ''

''ကိုကို''

ခါနွေ ရှက်ရှက်နှင့် သူ့လက်ကိုထုပြီး အိမ်အပြင်ဘက်သို့ ပြန်ပြီးပြေးထွက်သွားလေ၏။ ဒေါ်အေးအေးက ယုံကြည်ချက်လက်ကို လာဆွဲပြီး မေးဆတ်ကာ. . .

''လိုက်သွားလေ''

ယုံကြည်ချက် ခေါင်းညိတ်ပြီး ထွက်သွားသည့်နောက်သို့ ဦးဆန်းမောင် လိုက်သွားဖို့ပြင်လေလျှင် ဒေါ်အေးအေးက အကြောင်းသိမို့. . .

''ရှင်က ဘယ်ကိုလဲ''

''ဟို. . . ကွမ်းစားမလို့''

''ကွမ်းအစ်က အပြင်မှာရှိလို့လား၊ ရှင်နော်. . . ရှင်ပါးစပ်ဟ လိုက်တာနဲ့ သွားဘယ်နှချောင်းကျိုးနေလဲ ကျွန်မသိတယ်''

''အဲဒါမင်းပြောမှလားကွ၊ လိုက်ချောင်းမလို့ပေါ့။ သိပြီလား''



www.burmeseclassic.com

www.burmeseclassic.com



"သိတယ်လေ၊ ရှင့်ဝါသနာ ပိုးမသေသေးဘူးဆိုတာ"

"ကဲပါ ဆရာရယ်၊ လိုက်လည်းချောင်းမနေပါနဲ့၊ သူတို့ဘာသာ လွတ်လွတ်လပ်လပ်နေပါစေ။ ပစ်မှတ်ကို မြားက တည့်တည့်စိုက်သွားပြီ။ အဲဒီအတွက် အကျိုးဆောင်ခ ဆရာကပဲ ကျွန်တော်တို့ကို ဘီယာလေး လိုက်မစပါလား"

"ကောင်းသားပဲ၊ သီဟ. . . လာကွာ၊ မင်းပါလိုက်ခဲ့"

"အိုကေ"

"အမယ်လေး. . . သီဟရယ်၊ တော်တော်ငြင်းရှာတာပါလား"

ဦးသီဟ ခေါင်းညိတ်လိုက်တာနှင့် ဒေါ်ရတနာ မဲ့ရွဲ့ပြောလေတော့သည်။ ဦးသီဟ ပြုံးစိစိနှင့်. . .

"သားအတွက် ဂုဏ်ပြုပွဲလေးပါ မမရဲ့. . . ဟဲဟဲ"

ဒေါ်ရတနာ မျက်စောင်းထိုးလိုက်တာကိုပဲ မမြင်ချင်ယောင်ဆောင်ပြီး ထွက်သွားကြသည်။

ယုံကြည်ချက် ချယ်ရီပင်လေးအောက်မှာ ထိုင်နေတဲ့ခါနွေ့ဆီသို့ လျှောက်လာပြီး ဘေးမှာဝင်ထိုင်လေတော့ ခါနွေက ရွှေ့သွားသည်။ သူက တိုး၊ ခါနွေက ရွှေ့နှင့် ထိုင်ခုံအစွန်အဖျားလေးကိုရောက်တော့ ခါနွေ ထပြေးသွားမှာစိုးပြီး နောက်နေ သိမ်းဖက်ထားလိုက်သည်။

"ဘာလုပ်တာလဲ၊ ဖယ်ပါ"

"အချစ်"

"နားရှက်တယ်၊ မခေါ်နဲ့"

"ဒါဆို အသည်းလေး"

"မကြိုက်ဘူး"





"ပူတူးတူးလေး"

"ဘယ်လိုဖြစ်နေတာလဲ"

ခါနွေ တွန့်လိမ်ပြီး ရုန်းပေမယ့် သူက ပါးချင်းပါ ဖိကပ်လာလေသဖြင့် မလွတ်နိုင်ဘူးဆိုတာကို သိနေသည်။

"အရမ်းချစ်တယ်၊ တန်ပြန်တုံ့ပြန်မှုလေး ပေးနော်"

"ဘာပေးရမှာလဲ"

"အချစ်ပေါ့"

"ပေးပြီးသားပဲဥစ္စာ"

"တကယ်"

ခါနွေ ခေါင်းလေးညိတ်လိုက်တာနှင့် ပါးပြင်လေးမှာ နွေးခနဲဖြစ်သွားသည်။ ပြီးတော့ ပြောလိုက်သေးရဲ့။

"ဘကြီးကောင်းလို့ ခေါင်းကွဲရကျိုးနပ်ပါပြီ. . . အမွှေလည်းရ၊ မိန်းမလည်းရ"

"ဟင်! ဘယ်လို"

ခါနွေ နားမလည်သလိုလေး မေးလိုက်တော့. . .

"ဩော်. . . ကိုကိုက အိမ်ပေါ်ကနေ အပြီးဆင်းလာတာ။ ခါနွေနဲ့နှစ်ယောက်တစ်ဘဝ တည်ဆောက်မလို့လေ။ အခု ဖေဖေနဲ့ကြီးမေက လည်း လာခေါ်တယ်၊ ခါနွေနဲ့လည်း လက်ထပ်ရမယ်ဆိုတော့ ဖွတ်လည်းရ၊ ဓားမလည်း မဆုံးတော့ဘူးပေါ့"

သူ့စကားကို သဘောကျစွာရယ်လိုက်သော ခါနွေ့ကို ပါးလေး လိမ်ဆွဲပြီးမှ သူ့ဘက်သို့ ဆွဲလှည့်ကာ တင်းတင်းကျပ်ကျပ် ပွေ့ဖက်ထားလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ခါ ထွက်ပြေးရင် ဖမ်းဖို့မလွယ်မှာစိုးလို့ပါ။ အခုရင်ခွင်ထဲအထိ ပွေ့ဖက်ဖမ်းမိထားတာက ဝါဝါ့ကျေးဇူးကြောင့်လေ။

သူတို့နှစ်ယောက်ရဲ့အချစ်ကမ္ဘာလေးကို ဖန်ဆင်းပေးတဲ့ ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးတွေတင်ရင်း. . .။

ပရိသတ်များကို ထာဝရချစ်ခင်လေးစားလျက်. . .

မိုးစက်ပွင့်

BURMESE CLASSIC .com


နိုဝင်ဘာ ၂၀၁၄ တွင်
ဖတ်နိုင်ပါပြီ

**မမသဒ္ဒါမောင်**

ညီမလေး

**ကြယ်စင်မှူးဝေ**

အမုန်းသင့်ကျိန်စာ

**မယ်ခိုင်**

ပန်းပျိုးသူ

**မိုးစက်ပွင့်**

မုန်းချင်မုန်း မမေ့ပါနဲ့

**အလင်းသစ်**


အမုန်းမခ နှင်းဆီ

**ခေတ်ပျိုဖြူ**

ကြယ်တစ်စင်း ... ရင်ခုန်သက်သေ
လျှို့ဝှက်ချက် ...အိပ်ပျက်ည


www.burmeseclassic.com

www.burmeseclassic.com




ရွှေပဒေသာစာပေ

# မိုးစက်ပွင့်

## မုန်းချင်မုန်းမမေ့ပါနဲ့

အချစ်
လုံးချင်းဝတ္ထုသစ်

graphic design by MNC

www.burmeseclassic.com